

နန္ဒကျော်သူ
ချယ်ရီနီ



စာမူခွင့်ပြုချက်အမှတ် (၀၇၈၀)
မျက်နှာဖုံးနှင့် ရေခံခွင့်ပြုချက်အမှတ် (၁၁၂)

**ထုတ်ဝေခြင်း**

၁၉၈၄ ဇွန်လ

အုပ်ရေ ၁၅၀၀

တန်ဖိုးနှစ်ဆယ့်ငါးကျပ်

**မျက်နှာဖုံးနှင့်ရေခံပန်းချီ**

ပန်းချီ ငြိမ်းအောင်

**ကာလာခွဲ**

ကိုသန်းအောင်

**ဒီစဉ်သူ**

ခင်မောင်ကျော်

# နန္ဒကျော်သူ

## ချယ် ရီ နီ

တဥ္ဆာပြန် ဆိုင်းစဆ၊ ကိုးချုပ် စ–ဆုံး



ထုတ်ဝေသူ
ဦးကံညွန့်(မြ ၀၃၀၆၈)
ရွှေမိစာပေ
အမှတ် (၁၈၀) ဘောင်ဒရီလမ်း
ရွှေဂုံတိုင် စာတိုက်
ဗဟန်း၊ ရန်ကုန်

အဖုံးရိုက် ကျောက်စိမ်းအော့ဖ်ဆက်

ပုံနှိပ်သူ
ဦးမောင်လွင် (မြ ၀၂၄၁၃)
အောင်ကျော်မိုးပုံနှိပ်တိုက်
အမှတ် ၂၂၁ (ခ) ၃၂ လမ်း
ရန်ကုန်



# နန္ဒကျော်သူ

ချယ်ရီနီ

မူရင်းစာရေးဆရာ — ဝမ်းအင်း

မူရင်းဝတ္ထု — ဂူစွမ်းဖူ

တရက်လျှင် (    )
ရက်ပိုလျှင်ငှါးခရက်တိုးအပြည့်ပေးရမည်။

လွင်စာပေ
အမှတ် ၁၃၈၊ ၆-လမ်း
[illegible]

# နိဒါန်း

ပီကင်းမြို့။

တရုတ်ပြည်၏ ထင်ရှားသော မြို့တော်ဖြစ်သည်။

မြို့၏အင်္ဂါရပ်နှင့်ညီညွတ်သည့် မြို့တော် ဖြစ်သည့်အပြင် လူဦးရေ ထူထပ်များပြားသော မြို့တမြို့လည်း ဖြစ်ပေ၏။

မြို့တော်၏ မင်းလမ်းမတလျှောက်သည် လူအစည်ကားဆုံး နေရာတခု ဖြစ်ပေသည်။ မင်းလမ်း၏ တဘက်တချက်တွင် စားသောက်ဆိုင်များ၊ ကုန်ဆုံဆိုင်များ၊ အထည်အလိပ်ဆိုင်များက လမ်းသွားလမ်းလာများ၏ အိတ်ကပ်ထဲမှ ပိုက်ဆံအား ညို့ခေါ်နေလေသည်၊ မင်းလမ်း၏ ညာဘက်ခြမ်းမှ သတ္တုမမြောက်ဆိုင်ရှေ့၌ ကျောက်ဖြူဖြင့် ထုလုပ်ထားသော ခြင်္သေ့ရုပ်တုသည် လမ်းသွားလမ်းလာများ၏ အာရုံကို ဆွဲဆောင်နေလေသည်။

ပန်းပုပညာရှင်သည် ထိုခြသေ့ရုပ်တုအား အနုပညာ ပြောင်မြောက်စွာ ထုလုပ်ထားသဖြင့် မည်သူမဆို ထိုဆိုင်အား စိတ်ဝင်စားစေသည် မဟုတ်ပါလော။

ထို့ကြောင့် ဆင့်ဆင့်အိသည် ထိုခြသေ့ရုပ်တုအား စိတ်ဝင်စားစွာ စူးစိုက်၍ကြည့်ပြီးမှ ဆိုင်၏ အဝင်တံခါးဝ၌ ချိတ်ဆွဲထားသော စာတမ်းအား မော့၍ကြည့်လိုက်လေ၏။

'သိမ်းငှက် အနုပညာပစ္စည်း အရောင်းဆိုင်'

ဆင့်ဆင့်အိသည် ဆိုင်၏အမည်စာတမ်းအား တီးတိုးရေရွတ်လိုက်ပြီး တကိုယ်တည်း ပြုံးလိုက်သည်။

ပြီးမှ သူသည် သိမ်းငှက် အနုပညာ အရောင်းဆိုင်ထဲသို့ ခြေလှမ်းကျဲကျဲဖြင့် လှမ်း၍ ဝင်ရောက်လိုက်လေတော့သည်။

x x x

ဆိုင်ထဲ၌ လူရှင်းနေသည်။

နေ့လယ်ခင်းဖြစ်၍ လူရှင်းနေဟန်တူသည်။

ဆင့်ဆင့်အိသည် ဆိုင်တဆိုင်လုံးအား တချက်မျှ ဝေ့၍ ကြည့်လိုက်သည်။





ပြီးမှ ပေသီးတချောက်ချောက်တွက်၍ အလုပ်များနေသော မိန်းကလေးထံ တည့်မတ်စွာ လျှောက်သွားလေသည်။

မိန်းကလေးသည် ပေသီးတွက်လိုက် စာရင်းဇယား ရေးသွင်းလိုက်နှင့် အလုပ်များနေလေသည်။ ဆင့်ဆင့်အိသည် သူမစားပွဲရှေ့၌ တည့်မတ်စွာ ရပ်လိုက်သည်။

သို့တိုင်အောင်....

ထိုမိန်းကလေးသည် မော့၍ မကြည့်ချေ။

ဆင့်ဆင့်အိသည် တကိုယ်တည်း ပြုံးလိုက်ပြီး....

'အင်း.... ကျုပ်သာဆိုင်ရှင်ဆိုယင် မင်းကိုခန့်မှာမဟုတ်ဘူး'

ဟု ပြောလိုက်လေသည်။

မိန်းကလေးသည် ဘာမျှပြန်လည်မပြောပါ၊ မော်၍ပင် မကြည့်ပါ။

သူမသည် ပေသီးနှင့်သာ အလုပ်များရှုပ်နေလေသည်။

ဆင့်ဆင့်အိသည် သူ၏အသံကို အနည်းငယ် မြှင့်လိုက်ပြီး....

'အခုအချိန်မှာတဆိုင်လုံးရှိတဲ့ပစ္စည်းတွေမ, သွားယင်တောင်သိမှာမဟုတ်ဘူး'

ဟု ပြောလိုက်လေသည်။

မိန်းကလေးသည် မော့၍ မကြည့်ပါ။

သို့သော် သူမသည် ပေသီးတွက်နေရာမှ....

'ဈေးဝယ်မယ့်လူဟာ ထမင်းစားချိန် ခေတ္တဆိုင်ပိတ်ထားတယ်ဆိုတာ သိတယ်'

ဟု နှုတ်လှန်ထိုးလိုက်လေသည်။

ဆင့်ဆင့်အိသည် သဘောကျစွာ တချက်ရယ်မောလိုက်ပြီးမှ မိန်းကလေး၏ စားပွဲပေါ်သို့ လက်ထောက်လိုက်ယင်း....

'ဒါပေမယ့် ကျွန်တော်ကတော့ ထမင်းစားချိန်မှာလဲ ဈေးဝယ်ရလိမ့်မယ်'

အရောင်းဈေးသည် မိန်းကလေးသည် ဆင့်ဆင့်အိအား တချက် မော့၍ ကြည့်လိုက်သည်။

ပြီးမှ....

'ရှင်က ဘာပစ္စည်း ဝယ်မှာလဲ'

ဟု မေးလိုက်လေသည်။

ဆင့်ဆင့်အိသည် ဆိုင်ရှေ့သို့ ညွှန်ပြယင်း....

'ဆိုင်ဝမှာ ထုထားတဲ့ ခြင်္သေ့ရုပ်'

ဟု ပြောလိုက်လေသည်။

မိန်းကလေးသည် လှပစွာ တချက်ပြုံးလိုက်ပြီး....

'အဲဒီ ခြင်္သေ့ရုပ်တုက ဈေးကြီးတယ်'

ဟု ပြောလိုက်လေသည်။

ဆင့်ဆင့်အိသည် နှစ်လိုဖွယ်အပြုံးတချက် ပြုံးလိုက်ပြီး....

'မီကင်းမြို့တော်တခုလုံး ဝယ်နိုင်လောက်တဲ့ငွေတွေ ကျုပ်မှာ ရှိပါတယ်'

ဟု ပြောလိုက်လေသည်။





မိန်းကလေးသည် ဆိုင်၏ နောက်ဘက်ရှိ အခန်းကို ညွှန်ပြလိုက်ပြီး....

'အဲဒီကိစ္စကို ကျွန်မတို့ရဲ့ ဆိုင်ပိုင်ရှင်နဲ့ ဆွေးနွေးပါ'

ဟု ပြောလိုက်လေသည်။

ဆင့်ဆင့်အိသည် မိန်းကလေးအား ဦးညွှတ်လိုက်ပြီး....

'ကျေးဇူး အင်မတန် ကြီးပါပေတယ်'

ဟု ခနဲ့တဲ့တဲ့ကလေး ပြောလိုက်ပြီး ဆိုင်နောက်ဘက်တံခါးကို တွန်းဖွင့်၍ ဝင်သွားလေတော့သည်။

မိန်းကလေး၏ လှပသောမျက်စောင်းတချက်သည် ဆင့်ဆင့်အိ၏ နောက်မှ လိုက်ပါသွားလေတော့သည်။

အသင့်အတင့် ကျယ်ဝန်းသော အခန်းအလယ်၌ မဟော်ဂနီရောင် တောက်ပလျက်ရှိသော ကြီးမားသည့် စားပွဲတလုံးသည် နေရာယူလျက် ရှိသည်။

ထို ကြီးမားသော စားပွဲ၏ နောက်၌ လူဝကြီး တဦးသည် ဆေးတံခဲလျက် ထိုင်နေလေသည်။

ဆင့်ဆင့်အိသည် ထိုလူဝကြီးအား ပြုံးပြလိုက်ပြီး သူဝင်ရောက်လာခဲ့သော တံခါးအား ပြန်လည်ပိတ်လိုက်လေသည်။

လူဝကြီးသည် သူ၏ပါးစပ်မှ ဆေးတံကို ချွတ်လိုက်ပြီး....

'မင်း နာရီဝက်တိတိ နောက်ကျယင်....'

ဟု ပြောလိုက်လေသည်။

ဆင့်ဆင့်အိသည် ဘာမျှ ပြန်၍မပြောပဲ သူ၏ပခုံးကို တွန့်ပြလိုက်လေသည်။

လူဝကြီးသည် ထိုင်ရာမှ တဖြည်းဖြည်းထလိုက်ပြီး အခန်း၏နံရံမှ ခလုတ်တခုအား နှိပ်လိုက်လေသည်။

'ဒီ....ဒီ....ဒီ....'

ဟူသော မြည်သံနှင့်အတူ အခန်းနံရံ၌ လူတကိုယ်စာဝင်နိုင်သည့် အပေါက်တခု ပေါ်လာလေသည်။

လူဝကြီးသည် ဆင့်ဆင့်အိအား လက်ဟန်ဖြင့် အပေါက်ဝကို ပြလိုက်လေသည်။

ဆင့်ဆင့်အိသည် သူ၏ဦးခေါင်းအား တချက် ညိတ်ပြလိုက်ပြီး အခန်းနံရံမှ အပေါက်ထဲသို့ ဝင်ရောက်သွားလိုက်လေတော့သည်။

ကျဉ်းမြောင်းသော အခန်းငယ်တခုပင် ဖြစ်ပါသည်။

ထိုစဉ်....

'ဒီ....ဒီ....ဒီ....'

ဟူသော မြည်သံနှင့် အတူ ဆင့်ဆင့်အိ ဝင်ရောက်ခဲ့သော အပေါက်သည် ပြန်လည်ပိတ်သွားပြီ ဖြစ်လေသည်။

ကျဉ်းမြောင်းသော အခန်းငယ်ကလေးအတွင်း၌ ငါးကြီးဆီဖြင့် ထွန်းညှိထားသော မီးမှုန်အိမ်မှ ဝါကျင့်ကျင့် အလင်းရောင်သည် ဖျော့တော့စွာ လွှမ်းခြုံထားလေသည်။ ဆင့်ဆင့်အိသည် အခန်းကျဉ်းကလေးထဲ၌ ခေတ္တမျှ တကိုယ်တည်း ငြိမ်သက်စွာ ရပ်နေလေသည်။

ပြီးမှ သူ၏ ရှေ့၌ရှိသော တံခါးတချပ်အား တွန်းဖွင့်လိုက်လေသည်။





ထိုတံခါးချပ်အား တွန်းဖွင့်လိုက်သည်နှင့် အောက်ဘက်သို့ နိမ့်ဆင်းသွားသော လှေကားတခု ပေါ်လာလေသည်။

ဆင့်ဆင့်အိသည် ထိုနိမ့်ဆင်းသွားသော လှေကားအတိုင်း လှေကားထစ်များကို တထစ်ပြီး တထစ် နင်း၍ ဆင်းသွားလေသည်။

ထို့နောက် လှေကား၏ အဆုံး၌ရှိသော တံခါးချပ် တချပ်အား တွန်း၍ ဖွင့်လိုက်လေ၏။

ထိုတံခါးချပ် ပွင့်သွားသည်နှင့် ရှည်လျားသော စင်္ကြံတခုကို ဆင့်ဆင့်အိ မြင်တွေ့လိုက်ရလေသည်။

ရှည်လျားသော စင်္ကြံသည် ဝါကျင့်ကျင့်မီးရောင်အောက်၌ ရှိနေလေသည်။

ဆင့်ဆင့်အိသည် ထိုစင်္ကြံအား ကြည့်ယင်း သူ၏စိတ်ထဲ၌ အေးစိမ့်လာသည်ဟု ခံစားလိုက်ရလေသည်။

ဤရှည်လျားသော စင်္ကြံတလျှောက်တွင် ထောင်ချောက် ဆယ့်သုံးခု ရှိကြောင်း သူသိထားသည်။

ဤသို့ဆိုလျှင် ထိုထောင်ချောက် ဆယ့်သုံးခု၏ ဟိုမှာဘက်၌ မည်သည့်အရာများ ရှိနေပါသနည်း။

× × ×

'ဟူး....'

ဆင့်ဆင့်အိသည် သက်ပြင်းတချက် ချလိုက်လေသည်။

သူသည် ယခုမှ ဆက်ပြင်းချနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ယခု သူသည် ထောင်ချောက် ဆယ့်သုံးခုကို ရင်တထိတ်ထိတ် ဖြင့် ဖြတ်ကျော်ခဲ့ရသည်။

ထို့ကြောင့် သူသည် ယခုမှသက်ပြင်းချလိုက်ပြီး အသက်ကို အားရပါးရ ရှူရလေသည်။

ဆယ့်သုံးခုမြောက် ထောင်ချောက်အား လွန်မြောက်သည် နှင့် ဆင့်ဆင့်အိသည် 'သိမ်းငှက်သိုက်'ထဲ ရောက်ရှိသွားလေတော့သည်။

ဤ သိမ်းငှက်သိုက်သည် 'သိမ်းငှက်လောက်ချစ်'၏ သီးသန့် ခန်းပင် ဖြစ်ပါသည်။

သိမ်းငှက်လောက်ချစ်သည် အခန်းနံရံ၌ ချိတ်ဆွဲထားသော တရုတ်ပြည် မြေပုံကားချပ်အား စိတ်ဝင်စားစွာ စူးစိုက်ကြည့် နေလေသည်။

သူသည် ထိုသို့ မြေပုံကားချပ်အား ကြည့်နေရာမှ နောက်သို့ လှည့်၍ မကြည့်ပဲ အခန်းဝ၌ ရပ်လာသော ဆင့်ဆင့်အိအား—

'မင်း နောက်ကျတယ်'

ဟု လှမ်း၍ ပြောလိုက်လေသည်။

ဆင့်ဆင့်အိသည် ဘာမျှ ပြန်၍ မပြောချေ။

သိမ်းငှက်လောက်ချစ်သည် သူ၏မျက်နှာအား မြေပုံကား ချပ်မှ ခွာလိုက်ပြီး ဆင့်ဆင့်အိ ထံသို့ လှမ်း၍ ကြည့်လိုက်လေသည်။





ပြီးမှ.... သူသည် မိမိ၏ စားပွဲသို့ ပြန်လည် သွားရောက် ထိုင်ယင်း၊ သူ့ ရှေ့ရှိ ကုလားထိုင်ကို ညွှန်ပြယင်း....

'ကဲ....ထိုင်....ဆင့်ဆင့်အိ'

ဟု ပြောလိုက်လေ၏။

ဆင့်ဆင့်အိသည် သူ၏ ပခုံး နှစ်ဘက်ကို အသာ တွန့်ယင်း သိမ်းငှက်လောက်ချစ်နှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်လေ၏။

သိမ်းငှက်လောက်ချစ်သည် စားပွဲ အံဆွဲကို ဆွဲ၍ ဖွင့်လိုက်ပြီး အံဆွဲထဲမှ ကတ်ပြား တခုကို ထုတ်ယူ လိုက်လေသည်။

ပြီးနောက် ထိုကတ်ပြားအား ဆင့်ဆင့်အိထံ ကမ်းပေးလိုက် လေသည်။

ဆင့်ဆင့်အိ သည် ထို ကတ်ပြားအား လှမ်း၍ ယူလိုက်ပြီး ကတ်ပြားကို ကြည့်လိုက်လေသည်။ ကတ်ပြားသည် အလျား ခုနစ်လက်မ၊ အနံ သုံးလက်မ ရှိပြီး အောက်ခံ အဖြူရောင် ပေါ်တွင် နဂါးပုံသဏ္ဍာန် သစ်ကိုင်းနှင့် ချယ်ရီပန်း တပွင့် ရေးဆွဲထားလေသည်။

ချယ်ရီပန်းပွင့်သည် လတ်ဆတ်သည့် ပုံသဏ္ဍာန်ရှိပြီး ချယ်ရီပန်းပွင့်၏ အရောင်သည် အနီရောင် ဖြစ်သည်။

သိမ်းငှက်လောက်ချစ်သည် ဆင့်ဆင့်အိအား လှမ်း၍—

'အဲဒါ ချယ်ရီနီ ကတ်ပြားပဲ'

ဟု ပြောလိုက်လေသည်။

ဆင့်ဆင့်အိသည် သူ၏ မျက်လုံးများကို ချယ်ရီနီကတ်ပြား ပေါ်မှ ကျော်၍ သိမ်းငှက် လောက်ချစ်အား တချက် လှမ်းကြည့် လိုက်ပြီး....

'ဆရာ.... ကျွန်တော် တခုလောက် မေးပါရစေ'

သိမ်းငှက် လောက်ချစ် သည် ဆင့်ဆင့်အိ အား လက်ကာ ပြလိုက်ပြီး....

'ကတ်ပြား ပေါ်က ကျောက်စိမ်း ဖရဲသီး ဆိုတဲ့ စာတမ်း အကြောင်း မဟုတ်လား'

ဟု ပြောလိုက်လေသည်။

ဆင့်ဆင့်အိသည် သူ၏ ဦးခေါင်းကို ညိတ်လိုက်ပြီး....

'ဟုတ်ပါတယ်၊ ချယ်ရီနီကတ်ပြားပေါ်က သွေးနီရောင်နဲ့ ရေးထားတဲ့ ကျောက်စိမ်းဖရဲသီး ဆိုတဲ့ စာက ဘာအဓိပ္ပာယ်လဲ မသိဘူး'

ဟု မေးလိုက်လေသည်။

သိမ်းငှက် လောက်ချစ် သည် ချောင်း တချက် ဟန့်လိုက် ယင်း....

'အဟမ်း.... ဒီလိုကွ၊ ကျောက်စိမ်းဖရဲသီး ဆိုတာ အင်မတန် အနုပညာ လက်ရာမြောက်တဲ့ ပန်းပုရုပ် တခုပဲ၊ အရှည် တပေ လောက် ရှိတဲ့ ကျောက်စိမ်းတုံးကို ထွင်းထုထားတာ၊ လောက ပေါ်မှာ ဒီလို လက်ရာမြောက်တဲ့ နောက်ထပ် ပန်းပုရုပ် မရှိဘူး၊





ဒါကြောင့် အဲဒီ ကျောက်စိမ်းဖရဲသီးကို အတုပြုလုပ်ဖို့တောင် ခက်တဲ့အတွက် ပြိုင်ဘက်ကင်း ကျောက်စိမ်းဖရဲသီး၊ ဒါမှမဟုတ် အတွဲမဲ့ ကျောက်စိမ်းဖရဲသီးလို့ ခေါ်ဝေါ်ကြတယ်'

သိမ်းငှက် လောက်ချစ်သည် ထိုသို့ ပြောယင်း စားပွဲအံဆွဲ ထဲမှ စာရွက်လိပ် တလိပ်ကို ထုတ်ယူလိုက်ပြီး ဆင့်ဆင့်အိထံသို့ လှမ်း၍ ပေးလိုက်လေသည်။

သူသည် ထိုသို့ လှမ်း၍ ပေးယင်း....

'ဟောဒီထဲမှာ ကျောက်စိမ်းဖရဲသီးအကြောင်း အပြည့်အစုံ ပါတယ်၊ မင်း ဖတ်ကြည့်ယင် ပိုပြီး သဘောပေါက်နိုင်တယ်'

ဟု ပြောလိုက်လေသည်။

ဆင့်ဆင့်အိ သည် သိမ်းငှက် လောက်ချစ် ကမ်း ပေး သော စက္ကူလိပ်အား လှမ်း၍ ယူယင်း....

'ချယ်ရီနီ ကတ်ပြားနဲ့ ကျောက်စိမ်း ဖရဲသီးဟာ ဘယ်လို ဆက်စပ်နေသလဲ'

ဟု မေးလိုက်လေသည်။

သိမ်းငှက်လောက်ချစ်သည် ချောင်းတချက် ဟန့်လိုက်ပြီး....

'ချယ်ရီနီကတ်ပြားကို ထူးဆန်းတဲ့ သူခိုးလို့ အကြမ်းဖျင်း မှတ်ထားပေါ့'

ဆင့်ဆင့်အိသည် မျက်မှောင်တချက် ကြုတ်လိုက်ပြီး နား မလည်ဟန်ဖြင့်....

'ဗျာ— ထူးဆန်းတဲ့ သူခိုး ဟုတ်လား ဆရာ'

ဟု မေးလိုက်လေသည်။

သိမ်းငှက်လောက်ချစ်သည် သူ၏ ဦးခေါင်းကို ညိတ်ယင်း....

'ဟုတ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူဟာ သူခိုးမယ့်ပစ္စည်းကို အဲဒီ ချယ်ရီနီကတ်ပြားပေါ်မှာ ရေးပြီး ကြိုတင် ပို့လိုက်တယ်၊ အဲဒီပစ္စည်းကို သူ ခိုးတော့မယ် ဆိုပြီး ကြိုတင် အကြောင်းကြားတဲ့ သဘောပေါ့'

ဆင့်ဆင့်အိသည် မျက်မှောင် တချက်ကြုတ်ယင်း....

'အဲဒီလို သိနေမှတော့ ကြိုတင်ပြီး ကာကွယ်မထားဘူးလား'

သိမ်းငှက်လောက်ချစ်သည် တချက်ပြုံးလိုက်သည်။

သူ၏ အပြုံးကို တွေ့ခဲလှပေသည်။

သူသည် အင်မတန် စိတ်ရှုပ်မှသာ ပြုံးတတ်သည်။

သူသည် ထိုသို့ တချက်ပြုံးလိုက်ပြီးမှ....

'နေ့ရော ညရော အစောင့်တွေ မပြတ်အောင် ချထားတဲ့ကြားက ရအောင်ခိုးသွားလို့ ကူးဆန်းတဲ့ သူခိုးလို့ ပြောတာပေါ့ကွ၊ အခု ကျောက်စိမ်းဖရဲသီး ဆိုယင် ဝမ်ထုံစီမြို့သားဟာ သူကိုယ်တိုင် ကြပ်မ စောင့်ရှောက်တဲ့ ကြားက အခိုးခံလိုက်ရတာ၊ ပြီးတော့ ငါ့ရဲ့လူတွေလဲ အဲဒီ ဝမ်ထုံစီဂေဟာမှာ ပို့ထားခဲ့သေးတာ'

ဆင့်ဆင့်အိသည် တစုံတရာအား သတိရဟန်ဖြင့်....

'ကျွန်တော် တခုလောက် မေးပါရစေ ဆရာ၊ ချယ်ရီနီ သူခိုးဟာ တယောက်တည်းလား၊ ဒါမှမဟုတ် အဖွဲ့နဲ့လား'





သိမ်းငှက်လောက်ချစ်သည် ဆင့်ဆင့်အိအား စိုက်၍ ကြည့်လိုက်ပြီး....

'အဲဒီလောက် သိမှတော့ ငါ မင်းကို ခိုင်းပါ့မလား' ဟု လှမ်း၍ ဟောက်လိုက်လေသည်။

ပြီးမှ သူသည် မြေပုံကားချပ် ရှိရာသို့ လျှောက်သွားပြီး ဆင့်ဆင့်အိအား လှမ်း၍ ခေါ်လိုက်လေသည်။

ထိုနောက် မြေပုံ ကားချပ်ပေါ်သို့ လက်ဖြင့် စက်ဝိုင်းပုံ တချက်ဝိုင်း၍ ပြလိုက်ယင်း....

'ငါတို့ သတင်း ရသမျှတော့ ဟောဒီ ဒေသ တဝိုက်မှာပဲ၊ ပြီးတော့ ဟောဒီ တာလီနယ် တဝိုက်မှာ သိုင်း သမား တွေ အတော်ပဲ လှုပ်ရှားနေတယ်လို့ သိရတယ်၊ ငါတို့နေပြည်တော်ရဲ့ ဥပဒေဟာ အဲဒီ ဒေသတွေမှာ လျော့ပါးနေတယ်'

ဆင့်ဆင့်အိသည် မြေပုံကားချပ်ကို တချက် ကြည့်လိုက်ပြီး-

'အင်း....နေပြည်တော်နဲ့ အတော်ဝေးတာပဲ'

သိမ်းငှက်လောက်ချစ်သည် မြေပုံ ကားချပ်ကို လက်ဖြင့် ထောက်ယင်း....

'ဒါကြောင့် အဲဒီဒေသတွေမှာ တရားမျှတမှုဟာ ကမ္ဘာဦးက အယူအဆလို မျက်လုံးတလုံးအတွက် မျက်လုံးတလုံး ပေးလျော်ရတဲ့ ဥပဒေမျိုး ဖြစ်နေတယ်၊ ထုံးတမ်းစဉ်လာနဲ့ ကိုက်ညီတဲ့ တရားမျှတတဲ့ ဥပဒေ စိုးမိုးမှု မရှိဘူး ဖြစ်နေတယ်၊ ဒီတော့....'

သိမ်းငှက်လောက်ချစ်သည် သူ၏ စကားကို မဆက်ပဲ ခေတ္တ ရပ်တန့်လိုက်ပြီး ဆင့်ဆင့်အိအား တချက် စိုက်ကြည့်လိုက်လေသည်။

ပြီးမှ သူ၏ စကားကို ဆက်၍—

‘ဒီတော့ မင်း ပိုင်လိုရိုနဲ့ တွေ့ပြီး အစီအစဉ် ဆွဲပါ၊ ပြီးတော့ ငါ့ကိုတင်ပြပါ၊ အဓိက ကတော့ ချယ်ရီနီကို ဖော်ထုတ်ဖို့နဲ့ အဲဒီဒေသတွေမှာ တရားမျှတတဲ့ ဥပဒေစိုးမိုးရေးကို ဆောင်ရွက်ပါ၊ ဒါပဲ’ဟု ပြောလိုက်လေသည်။

ဆင့်ဆင့်အိသည် သူ၏ ပခုံးကို တချက်တွန့်လိုက်ပြီး အခန်းထဲမှ ထွက်လိုက်လေသည်။ ဆင့်ဆင့်အိ၏ ခြေလှမ်းများသည် တံခါးပေါက်ဝသို့ ရောက်သောအခါ သိမ်းငှက်လောက်ချစ်က လှမ်း၍....

‘ဩော်....ဆင့်ဆင့်အိ၊ ငါ တခုပြောဖို့ ကျန်သေးတယ်’ဟု ပြောလိုက်လေသည်။

ဆင့်ဆင့်အိသည် အခန်းတံခါးဝ၌ ရပ်တန့်လိုက်ပြီး သူ၏ ခန္ဓာကိုယ်အား သိမ်းငှက်လောက်ချစ်ဘက်သို့ ပြန်၍လှည့်လိုက်လေသည်။

သိမ်းငှက်လောက်ချစ်သည် ဆင့်ဆင့်အိ၏ အနီးသို့ လျှောက်လာပြီး....

‘ကျောက်စိမ်း ဖရဲသီးဟာ (၁၉)ခုမြောက် အခိုး ခံရတဲ့ ပစ္စည်းပဲ’ဟု ပြောလိုက်လေသည်။

ဤသို့ ဆိုလျှင်....





(၂၀)ခုမြောက် အခိုးခံရမည့် ပစ္စည်းသည် မည်သည့် ပစ္စည်း ဖြစ်မည်နည်း။

ဆင့်ဆင့်အိ မစဉ်းစားတတ်ပါ။

သို့သော် ထိုပစ္စည်းသည် လောကပေါ်၌ နှစ်ခု မရှိနိုင်သည့် ပိုင်ဘက်ကင်း အတွဲမှ ပစ္စည်းပင် ဖြစ်ရမည် မဟုတ်ပါလော။

☆

## ပန်းမာလာမြိုင်

အရုဏ်ဦး။

နေဝန်းသည် အရှေ့ဘက်မှ ထွက်ပေါ် မလာသေးပါ။

သို့သော် ယင်း၏ ရောင်ခြည်သည် လောကကို စတင်၍ ဖြန့်ကျက်နေပြီ ဖြစ်ပါသည်။

ယင်း အရုဏ်ဦး၏ ရောင်ခြည်အောက်၌ လူတယောက်သည် မောပန်းစွာ မနားတမ်း ပြေး၍ နေလေသည်။

သူ၏ ဖွာလန်ကြဲနေသော ဆံပင်သည် နံနက်ခင်း၏ အေးမြသော လေထဲ၌ လွင့်ပျံနေသည်။





သူ၏ ခန္ဓာကိုယ်ပေါ်မှ စုတ်ပြဲနေသော အဝတ်အစားများ သည်လည်း တဖှူးဖှူး တိုက်ခတ်နေသော လေထဲ၌ တဖျပ်ဖျပ် လူးလွန့်နေသည်။

သူ၏ ဗယ်ဘက်ခါးတွင် ပေနှစ်ဆယ်မျှ ရှည်သော သံကြိုး ကွင်းကို ရစ်ခွေ၍ ချိတ်ဆွဲထားသည်။

မြောက်ပိုင်းပင်လယ်မှ လာသည့် လက်မလုံးခန့်ရှိ သံချောင်း များဖြင့် ကွင်းငယ်များ ပြုလုပ်ကာ ဆက်ထားသော သံကြိုး ကွင်းပင် ဖြစ်ပါသည်။

အကယ်၍ ယင်း သံကြိုးကွင်းကို ချိုးဖျက်မည် ဆိုပါက ယင်းသံကွင်းထက် လုံးပတ် နှစ်ဆမျှကြီးသော သံချောင်းကို ချိုးဖျက်ခြင်းထက် ခက်ခဲမည် ဖြစ်ပါသည်။

သူ၏ ညာဘက်ခါး၌ ဓားတချောင်းကို ချိတ်ဆွဲထားသည်။

(၂၀) ပေနှင့် (၇) လက်မခန့် ရှည်၍ အဖျားကောက်ပြီး လခြမ်းပုံသဏ္ဌာန်ရှိသော ဓားဖြစ်ပါသည်။

ဓားရိုး၏ အနှောင့်ဘက်တွင် သံချိတ်တခုရှိပြီး ယင်းသံချိတ် နှင့် သံကွင်းကြိုးကို ဆက်၍ ရပေသည်။

ယင်းလက်နက်ကို ကိုင်ဆောင်သူသည် သိုင်းလောက၌ တယောက်တည်းသာ ရှိပါသည်။

ဤသို့ဆိုလျှင် ယခု မောပန်းစွာ မနားတမ်း ပြေးနေသူသည် တုကုရင်းမှလွဲ၍ မည်သူမျှ ဖြစ်နိုင်တော့မည် မဟုတ်ပါ။

x x x

တုကုရင်း။

ကြေးစား ဓားသမား တယောက် ဖြစ်သည်။

သို့သော် သိုင်းလောကၡ သူကဲ့သို့သော ကြေးစား ဓားသမား နောက်ထပ်တယောက် မရှိနိုင်သည့် ဓားသမားပင် ဖြစ်သည်။

အကြောင်းမှာ သူ၏စျေးနှုန်းသည် မြင့်မားပြီး မည်သူမျှ လက်မခံရဲသော အလုပ်ကိုမှ လက်ခံတတ်သော ဓားသမား ဖြစ်သည်။

တနည်းဆိုရလျှင် မည်သည့် ကြေးစား ဓားသမားများမှ လက်မခံရဲသောအလုပ်ကိုမှ လက်ခံတတ်သော လူစားဖြစ်သည်။

ယခုလည်း မည်သည့်ကြေးစား ဓားသမားမျှ လက်မခံရဲသော တာလီမြို့စား တွမ်နမ်ဆန်၏ တဦးတည်းသောသား တွမ်ကျန်ပေါင်ကို လုပ်ကြံရန်အလုပ်ကို လက်ခံခဲ့သည်။

ယင်းသို့ လက်ခံသည့် အချိန်မှ စ၍ တုကုရင်းသည် မည်သို့ ရှောင်တိမ်း ပုန်းခိုရမည်ကို စဉ်းစားထားခဲ့လေသည်။

အကြောင်းမှာ တွမ်နမ်ဆန်သည် သူ၏သားကို လုပ်ကြံသည့်အတွက် မိမိအား ရေဆုံးရေဖျား လိုက်လံရှာဖွေမည်ဟု တွက်ဆထားခဲ့သည် မဟုတ်ပါလော။

ယခု တာလီမြို့စား တွမ်နမ်ဆန်သည် တုကုရင်း ကြိုတင် တွက်ဆထားသည့် အတိုင်းပင် သူ၏ သိုင်းသမားများအား အရပ်လေးမျက်နှာသို့ လွှတ်၍ တုကုရင်းအား ရှာဖွေနေပြီ ဖြစ်လေသည်။





အကယ်၍သာ တုကုရင်းသည် မိမိအား လိုက်လံ ရှာဖွေသော တာလီ သိုင်းသမားများကို တာလီမြို့စား၏ ထိပ်တန်း သိုင်းသမားကြီး ပုံလုစုံဖြစ်ကြောင်း သိမည်ဆိုလျှင် သူသည် တာလီ သိုင်းသမားများ၏ လက်မှ ရှောင်တိမ်း ပြေးထွက်နိုင်လိမ့်မည်ဟု ယုံကြည်နိုင်တော့မည် မဟုတ်ပါ။

ဤသို့ဆိုလျှင် တုကုရင်းအတွက် ရှောင်တိမ်း ပုန်းခိုရန် နေရာ ရှိပါဦးမည်လော။

× ×

တုကုရင်းသည် ရေစီးသန်သော ချောင်းတခု၏ ကမ်းစပ်၌ ရပ်၍ နေသည်။

သူ၏ရှေ့၌ ချောင်းရေသည် ကြမ်းတမ်းစွာစီးဆင်းနေသည်။

နံနက်ခင်းဖြစ်၍ မြူနှင်းများသည် ချောင်းရေပြင်ပေါ်၌ အုံ့ဆိုင်း၍နေသည်။

သို့ဖြစ်၍လည်းတုကုရင်းသည် တဘက်ကမ်းကိုမှုန်ရီဝိုးတဝါး သာ မြင်ရပေသည်။

သူ၏ မျက်နှာသည် ပင်ပန်း နွမ်းနယ်ဟန် ရှိသော်လည်း သူ၏ မျက်လုံးများသည် တောက်ပ၍ နေသည်။

ဤချောင်းတဘက်ကမ်းသည် သူ့အတွက် ပုန်းခိုရန် နေရာပင် မဟုတ်ပါလော။

အကြောင်းမှာ ဤချောင်းကို ဖြတ် ကျော် လိုက် သည် နှင့် ပန်းမာလာမြို့သို့ ရောက်မည်ဖြစ်သည်။

ပန်းမာလာမြို့သို့ ရောက်သည်နှင့် ပန်းမာလာမြို့ သခင်မ မုရုံကုဖန်သည် သူ့အား ကူညီမည်ဟု တုကုရင်း မျှော်လင့်ထားခဲ့သည်။

တုကုရင်း မျှော်လင့်ထားသည့်အတိုင်း မုရုံကုဖန်သည် တုကုရင်းအား လက်ခံ၍ ကာကွယ်ပေးနိုင်ပါမည်လော။

တာလီ သိုင်းသမားပေါင်း မြောက်မြားစွာကို ရင်ဆိုင်ရန် သတ္တိရှိပါမည်လော။

× × ×

ချောင်းရေသည် ကြမ်းတမ်းစွာစီးဆင်းနေသည်။

ချောင်း၏အကျယ်အဝန်းသည် ဆယ်ကိုက်ခန့် ကျယ်သည်။

တုကုရင်းသည် ကြမ်းတမ်းစွာ စီးဆင်းနေသော ချောင်းရေကို ကြည့်ယင်း မျက်မှောင်တချက်ကြုတ်လိုက်မိသည်။





ယခင်က ဤချောင်း၌ တံတား တခု ရှိခဲ့သည်။ ယခု ထိုတံတားကို မတွေ့ရတော့ချေ။ တံတားအစား ချောင်းရေပြင်ပေါ်၌ တိုင်ငုတ်ကလေးများကိုသာ တွေ့ရလေတော့သည်။

တုကုရင်း စိတ်ပျက်စွာ သက်ပြင်းတချက် မှုတ်ထုတ်လိုက်ပြီး ကမ်းနဖူးပေါ်၌ ထိုင်ချလိုက်သည်။

သူသည် အလွန်ပင် မောပန်း နွမ်းလျနေပြီဖြစ်၍ မှီတွယ်စရာ မပါပဲ ဤချောင်းကို ဖြတ်ကူးရန် မည်သည့် နည်းနှင့်မျှ စွမ်းဆောင် နိုင်လိမ့်မည် မဟုတ်ဟု ယုံကြည်မိလေသည်။

ထို့ကြောင့် သူသည် ကမ်းနဖူးပေါ်၌ စိတ်ပျက်စွာ ထိုင်ချလိုက်ခြင်း ဖြစ်ပါသည်။ ထိုစဉ် ရုတ်တရက် မြင်းခွာသံများကို တုကုရင်း ကြားလိုက်ရလေသည်။

မြင်းခွာသံများသည် တစထက် တစ နီးကပ်လာပြီ ဖြစ်လေ့သည်။

တုကုရင်းသည် သက်ပြင်းတချက် မှုတ်ထုတ်လိုက်ပြီး ထိုင်ရာမှ ထလိုက်လေသည်။

ထို့နောက်သူသည် နှုတ်ခမ်းကို ကိုက်၍ စဉ်းစားလိုက်၏။

ရာပေါင်းများစွာသော တာလီ သိုင်းသမားများကို ခုခံရန် ခွန်အား သူ့တွင် မရှိချေ။

ထိုနည်းတူ ကြမ်းတမ်းစွာ စီးဆင်းနေသော ချောင်းရေကို ဖြတ်ကူးရန်သတ္တိ သူ့တွင် မရှိပါ။

ယင်းသို့ စဉ်းစားမိသည်နှင့် သူ၏ နဖူးတွင် ချွေးများ စို့လာလေတော့သည်။

မည်သို့ပင် ဖြစ်ပါစေ။ သူသည် တစုံတခုတော့ ပြုလုပ်ရမည် ဖြစ်ပါသည်။

သူသည် တာလီ သိုင်းသမားများကို ရင်ဆိုင်ရမည်လော။

ကြမ်းတမ်းစွာ စီးဆင်းနေသော ချောင်းရေထဲသို့ ခုန်ချရပါမည်လော။

တုကုရင်း စဉ်းစား၍ မရပါ။

ထိုစဉ် ရုတ်တရက်

'မင်းမှာ အချိန်တွေ အများကြီး ရှိနေတယ်နဲ့ တူတယ်' ဟူသော စကားသံကို တုကုရင်း ကြားလိုက်ရလေတော့သည်။

ယင်း စကားသံကြောင့် တုကူရင်း၏ ခန္ဓာကိုယ် တခုလုံးသည် တုန်ခါသွားပြီး အသံကြားရာသို့ လှည့်ကြည့်လိုက်လေ၏။

ယင်းသို့ လှည့်ကြည့်လိုက်သည်နှင့် တပြိုင်တည်း ချောင်းထဲ၌ လှေတစင်းနှင့် အဘိုးအို တယောက်ကို တွေ့မြင်လိုက်ရလေတော့သည်။

× × ×

တုကုရင်းသည် လျင်မြန်စွာ ဆုံးဖြတ်ချက် တခုကို ချလိုက်လေသည်။





ထို့နောက် သူသည် ဓားကောက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး လှေဝယ်ပေါ်သို့ ခုန်ချလိုက်လေတော့သည်။

တုကုရင်း လှေငယ်ပေါ် ရောက်သည်နှင့် အဘိုးအိုသည် လှေကို လှော်ခတ်လိုက်လေသည်။

လှေကလေးသည် မြား တစင်းသဖွယ် နှင်းမှုန် ကြားသို့ မြေးဝင်သွားလေတော့သည်။

သို့သော် လှေကလေးသည် တဘက်ကမ်းသို့ ဦးတည်၍သွားခြင်းမဟုတ်ပါ။

ထို့ကြောင့် တုကူရင်း၏ ရင်သည် ထိတ်လန့်သွားပြီး သူ၏ ဓားကို ဆွဲထုတ်လိုက်လေသည်။

တုကုရင်း၏ လှုပ်ရှားမှုသည် မြန်ဆန်၏။

သို့သော်.... အဘိုးအို၏ လှုပ်ရှားမှုက ပို၍မြန်သည်။

ထို့ကြောင့် တုကုရင်း၏ ဓားထုတ်မှု အပြင်သို့ ရောက်မလာမီပင် အဘိုးအိုထံမှ ပစ်လွှတ်လိုက်သော ငွေအပ် ကလေးသည် တုကုရင်း၏ လက်မောင်းသို့ စိုက်ဝင် သွားလေတော့သည်။

ယင်းသို့ စိုက်ဝင်သွားသည်နှင့် တုကုရင်း၏ မျက်လုံးများသည် ပြာဝေသွားပြီး လှေဝမ်းထဲသို့ ထိုးစိုက် ကျသွားလေတော့သည်။

× × ×

တုကုရင်း၏ ဦးခေါင်းတခုလုံး မူးဝေ၍ နေသည်။

သူ၏ ရင်သည် တလှပ်လှပ်ခုန်၍ နေပြီး သူ၏ နဖူးပေါ်၌လည်း ချွေးများစို့၍နေပေသည်။

သူ၏ ခန္ဓာကိုယ်တခုလုံးသည် အားအင် မရှိသကဲ့သို့ ခံစားနေရလေသည်။

ထို့ပြင် သူ၏ မျက်ခွံများ လေးလံနေသည်ဟု ခံစားရရုံမျှမက သူ၏ မျက်နှာတခုလုံး တင်းမာနေသည်ဟု ခံစားနေရလေသည်။

အတန်ကြာမှ တုကုရင်းသည် သူ၏ မျက်ခွံများကို ဖွင့်လိုက်ပြီး မိမိ၏ ဝန်းကျင်ကို တချက် ဝေ့ကြည့်လိုက်လေသည်။

ယင်းသို့ ကြည့်လိုက်မိသည်နှင့် တပြိုင်တည်း သူ သတိပြုမိသည်မှာ မိမိသည် သန့်ရှင်း သပ်ရပ်သော အခန်း တခုအတွင်း၌ ရှိနေကြောင်းပင် ဖြစ်ပါသည်။

ထို့ကြောင့်.... တုကုရင်းသည် ခုတင်ပေါ်၌ ရုတ်တရက် ထထိုင်လိုက်လေတော့သည်။

တုကုရင်း ထိုင်နေသော ခုတင်သည်လည်း သန့်ရှင်းသည်။ သပ်ရပ်သည်။ နူးညံ့သော မွေ့ရာ၊ လှပသော စောင်နှင့် ပန်းထိုးထားသော ခေါင်းအုံးတို့သည် သန့်ရှင်းသပ်ရပ်သောအခန်းနှင့် လိုက်လျောညီထွေမှု ရှိပေသည်။

ခုတင်၏ဘေးတွင် စားပွဲအသေးတလုံး ရှိနေသည်။

စားပွဲပေါ်တွင် လှပသော ပန်းရောင်စုံများ ပုံဖော်ထားသည့် စားပွဲခင်း ခင်း၍ထားသည်။

ထိုစားပွဲပေါ်တွင် ကြေးနီမှန်တချပ် တင်၍ထားလေသည်။





ထိုကြေးနီမှန်ချပ်သည် ချေးညှော်နှင့် ဖုန်များ ကင်းစင်ဟန်ဖြင့် ပြောင်လက်နေပေသည်။

တုကုရင်းသည် သူ၏ခန္ဓာကိုယ်ကို ကိုင်းညွတ်လိုက်ပြီး ကြေးနီမှန်ထဲသို့ ကြည့်လိုက်လေသည်။

ထိုသို့ ကြည့်လိုက်မိသည်နှင့် တပြိုင်တည်း တုကုရင်း၏ ခန္ဓာကိုယ်သည် တုန်လှုပ်၍ သွားလေတော့သည်။

အကြောင်းမှာ ကြေးနီမှန်ထဲမှ ပုံရိပ်သည် တုကုရင်း၏ ပုံရိပ် မဟုတ်သောကြောင့်ပင် ဖြစ်သည်။

ကြေးနီမှန်ထဲမှ လူသည် တုကုရင်းနှင့် အသက် မတိမ်းမယိမ်း ရှိသည်။

တုကုရင်းထက် ပို၍ ရုပ်ချောသည်။

ထိုလူ၏ မျက်ခုံး၊ မျက်လုံး၊ နှုတ်ခမ်းများသည် တုကုရင်းထက် ပို၍ ယောကျာ်းပီသသည်။ တုကုရင်းသည် မေးကြောများ ထောင် ထလာသည်အထိ မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်သည်။

ကြေးနီမှန်ထဲမှ လူသည် တုကုရင်းအတိုင်းပင် မျက်မှောင်ကြုတ်၍ သွားသည်။

တုကုရင်းသည် မိမိ၏မျက်နှာအား လက်ဖြင့်စမ်းလိုက်သည်။

ကြေးနီမှန်ထဲမှ လူသည်လည်း သူ၏ မျက်နှာကို လက်ဖြင့် စမ်းလိုက်သည်။

တုကုရင်းသည် ကြေးနီမှန်အား ကြည့်ယင်း ကြည့်ယင်း တဖြည်းဖြည်း-စိတ်ထဲ၌ တုန်လှုပ်လာပြီး ရုတ်တရက်....

'မင်း....မင်း....ဘယ်သူလဲ'

ဟု တုန်လှုပ်သော လေသံဖြင့် အော်ဟစ်လိုက်လေသည်။

တုကုရင်း၏အော်သံ ဆုံးသည်နှင့်....

'မင်းပဲပေါ့'

ဟူသော အသံကိုကြားလိုက်ရလေသည်။

ထိုအသံကြောင့် တုကုရင်းသည် ခေတ္တမျှ ငိုင်တွေသွားလေသည်။

ထိုအသံသည် ကြေးနီမှန်ထဲမှ ထွက်ပေါ်လာသော အသံမဟုတ်ပါ။

အခန်းတံခါးဝမှ ထွက်ပေါ်လာခဲ့ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် တုကုရင်းသည် ဖြည်းညင်းစွာ အခန်းတံခါးဘက်သို့ လှည့်ကြည့်လိုက်လေသည်။

× × ×

အခန်းတံခါးဝ၌ အမျိုးသမီးတဦး တံခါးဘောင်ကို မှီ၍ ခပ်နွဲ့နွဲ့ကလေး ရပ်၍ နေလေသည်။

တုကုရင်းသည် ထိုအမျိုးသမီးအား မြင်လိုက်သည်နှင့်–

'မုံ...ရုံ....ကု....ဖန်'

ဟု တီးတိုး ရေရွတ်လိုက်လေသည်။





အမျိုးသမီး သည် ပြုံးလိုက်ပြီး အခန်းထဲသို့ ဝင်ရောက်လာယင်း...

'ဟုတ်ပါတယ်၊ လွန်ခဲ့တဲ့ တနှစ်က ရှင်ကိုယ်တိုင် ဝံပုလွေတွေကြားက ကယ်ခဲ့တဲ့ မုရုံကုဖန်ပါပဲ'

ဟု ပြောလိုက်လေသည်။

တုကုရင်းသည် ကြေးနီမှန်ချပ်ထဲသို့ ညွှန်ပြယင်း....

'သူ ဘယ်သူလဲ'

မုရုံကုဖန်က ပြုံးလျက်....

'မင်းပဲပေါ့'

တုကုရင်းက မျက်မှောင်ကြုတ်ယင်း....

'တုကုရင်းလား'

မုရုံကုဖန်က ဦးခေါင်းကို ခါယမ်းလိုက်ပြီး....

'ဒီလောကမှာ တုကုရင်း မရှိတော့ဘူးလေ၊ သူက မင်းပဲပေါ့၊ အဲ....ဒါပေမယ့် သူ့နာမည် မရှိသေးဘူး၊ ဘယ်က လာတယ်ဆိုတာလဲ မသိဘူး'

ဟု ပြောလိုက်လေသည်။

တုကုရင်းသည် အတန်ကြာသည့်တိုင်အောင် မိမိ မျက်နှာအား ပွတ်သပ်၍နေပြီးနောက် အံ့သြ တုန်လှုပ်စွာဖြင့် ကြေးနီမှန်ထဲသို့ တချက် ပြန်ကြည့်လိုက်သည်။

မုရုံကုဖန်က နှစ်ခြိုက်စွာ ပြုံးယင်း....

'ဒီလို ရုပ်ဖျက်တာကို ပထမအဆင့် ရုပ်ဖျက်ပညာလို့ ခေါ်တယ်၊ ဒီလို ရုပ်ဖျက်ယင်လဲ နဂိုရုပ်ကို ပြန်ရဖို့ မလွယ်တော့ဘူး၊ ဒါကြောင့် မင်းဟာ လောကထဲကို တုကုရင်းအစား ပြန်ရောက်

လာတဲ့ လူလို့ မှတ်ရလိမ့်မယ်၊ တသက်မှာ နှစ်ဘဝပေါ့၊ တာလီ သိုင်းသမားတွေရဲ့လက်ထဲက လွတ်မြောက်ဖို့ ဒီတလမ်းပဲရှိတယ်'

သူမသည် ထိုသို့ ပြောလိုက်ပြီး တုကုရင်း၏ မျက်နှာအား တချက် စိုက်ကြည့်လိုက်သည်။

ထို့နောက် သူမသည် သူ၏ ပြောလက်စ စကားကိုဆက်၍--

'ပြီးတော့ ...မင်းဟာတုကုရင်းနဲ့ ဘာမှ မပတ်သက်တော့ဘူး၊ အယင်တုန်းက မရှိခဲ့ဘူး၊ အခုမှ ပေါ်လာတဲ့လူတယောက် ဖြစ်နေပြီလို့ အမြဲတမ်း မှတ်ထားရလိမ့်မယ်'

ဟု ပြောလိုက်လေသည်။

တုကုရင်းသည် အတန်ကြာအောင် တွေဝေစဉ်းစားနေရာမှ ဦးခေါင်းကို ညိတ်လိုက်ပြီး

'ဟုတ်ကဲ့၊ ကျွန်တော် မှတ်ထားပါ့မယ်'

မုရုံကုဖန်သည် ပြုံးယင်း

'အေး....မင်း အခု ချက်ချင်းတော့ မတတ်နိုင်သေးဘူး၊ ဒါပေမယ့် စိတ်ထဲမှာငါဟာ တုကုရင်း မဟုတ်တော့ဘူးလို့ အမြဲ မှတ်ထင်ထားရမယ်၊ ဒါမှ ကြာလာယင် မင်းကိုယ်မင်း တုကုရင်း မဟုတ်တော့ဘူးလို့ ထင်မှတ်သွားလိမ့်မယ်'

တုကုရင်းသည် ဦးခေါင်းကို ညိတ်လိုက်ပြီး....

'ဟုတ်ကဲ့၊ ကျွန်တော် အမြဲတမ်း မှတ်ထားပါ့မယ်'

မုရုံကုဖန်သည် သဘောကျစွာ ပြုံးလိုက်ပြီး....

'ကဲ ကျွန်မတို့ ရှင့်အတွက် နာမည်တခု ရွေးရအောင်'

တုကုရင်းသည် ဦးခေါင်းကို ညိတ်လိုက်ယင်း

'ဟုတ်ကဲ့၊ ဒါပေမယ့် ကျွန်တော်'





မုရုံကုဖန်သည် သူမ၏ လက်ကို ကာပြလိုက်ပြီး

'နေဦး၊ ကျွန်မ ရှင့်အတွက် နာမည်တခု ရွေးပေးမယ်'

တုကုရင်းသည် ဦးခေါင်းကို ညိတ်ပြယင်း

'ဟုတ်ကဲ့ ပြောပါ'

မုရုံကုဖန်သည် နှုတ်ခမ်းကို ကိုက်လိုက်ပြီး မျက်လုံးကလေး ထောင့်ကပ်ကာ တချက်စဉ်းစားဟန် ပြုလိုက်သည်။ ပြီးမှ....

'ဖန်းကျုံစင်း'

ဟု တလုံးချင်း ဖြည်းညင်းစွာ ပြောလိုက်လေတော့သည်။

x x x

'ဖန်းကျုံစင်း....ဖန်းကျုံစင်း'

တုကုရင်းသည် 'ဖန်းကျုံစင်း'ဟူသော အမည်ကို ထပ်ကာ တလဲလဲ တီးတိုး ရေရွတ်လိုက်သည်။

တချိန်တည်းမှာပင် သူ၏ စိတ်ထဲ၌ ခံစားမှုတရပ်ကို ရုတ်တရက် ခံစားလိုက်ရသည်။ ထို ခံစားမှုသည် မည်သို့သော ခံစားမှုမျိုးနည်း။

ပျော်ရွှင်ခြင်းလား။

ဝမ်းနည်းခြင်းလား။

တုကုရင်း မသိပါ။

သူသည် သူ၏ရင်တွင်းမှ ခံစားမှုကို ဖော်မပြတတ်အောင်ပင် ဖြစ်နေသည် မဟုတ်ပါလား။

အတန်ကြာမှ သူသည် မုရုံကုဖန်အား တချက်ကြည့်လိုက်ပြီး

'ကျွန်တော့်ကို အခုလို ကယ်တင်တဲ့အတွက် ကျေးဇူးတင်ပါတယ်' ဟု ပြောလိုက်လေသည်။

မုရိုကုဖန်က သူမ၏ သွယ်ပျောင်းသော လက်ကို ကာပြယင်း ပြုံးလျက်....

'ကျွန်မ အသက်ကို ကယ်ခဲ့တဲ့ လူတယောက်ကို ကျွန်မက ပြန်ပြီး ကယ်တင်တာပဲ'

တုကုရင်းက တချက်ပြုံးလိုက်ပြီး....

'တာလီသိုင်းသမားတွေရဲ့ လက်က လွတ်အောင် ကယ်တင်ခဲ့တာကိုပဲ ကျေးဇူးတင်ဖို့ ကောင်းနေပါပြီ၊ ပြီးတော့ ကျွန်တော့်ကို လူသစ် နာမည်သစ်နဲ့ သိုင်းလောကထဲ ပြန်ဝင်နိုင်အောင် လုပ်ပေးတဲ့အတွက် ကျွန်တော်က ဘယ်လို ကျေးဇူးဆပ်ရမှန်း မသိတော့ပါဘူး' ဟု ပြောလိုက်လေသည်။

မုရိုကုဖန်က ပြုံးလျက်....

'ရှင်က တကယ်ပဲ ကျေးဇူးသိတတ်မယ် ဆိုယင်တော့....'

တုကုရင်းသည် မုရိုကုဖန်၏ စကားကို ဖြတ်၍....

'ကျွန်တော်ဟာ အခု အချိန်က စပြီးတော့ ခင်ဗျားရဲ့ အမိန့်ကို နားထောင်ပါ့မယ်' ဟု ပြောလိုက်လေသည်။

မုရိုကုဖန်သည် သဘောကျစွာ တချက် ရယ်မောလိုက်ပြီး-

'အင်း....ကျွန်မ လူကဲခတ် မမှားပါဘူး' ဟု ပြောလိုက်လေတော့သည်။

☆





ကျောက်တံခါးသည် တဖြည်းဖြည်းပွင့်၍ သွားသည်။

ထိုသို့ ကျောက်တံခါး ပွင့်သွားသည်နှင့် တပြိုင်တည်း နူးညံ့သော အလင်းရောင်သည် ဖြာ၍ ထွက်ပေါ်လာလေတော့သည်။

ရောင်စဉ် ခုနစ်မျိုးဖြစ်သည်။

မည်သည့်နေရာမှ လာသည်ကို တုကုရင်း မသိပါ။

အခန်းတခုလုံးသည် ထိုရောင်စဉ် ခုနစ်မျိုးဖြင့် လွှမ်းခြုံထားလေသည်။

ထို့ကြောင့် အခန်းထဲသို့ ရောက်ရှိလိုက်သည်နှင့် ထိုရောင်စဉ် ခုနစ်မျိုးသည် သူတို့ ခန္ဓာကိုယ်ပေါ်သို့ ကျရောက်နေလေသည်။

ထို့ကြောင့် ကြည့်ရသည်မှာ အလွန်ပင် မျက်စိပသာဒဖြစ်လှသည်ဟု တုကုရင်း ထင်မှတ်မိလေသည်။

ထို့ပြင် ထို ရောင်စဉ်ခုနစ်မျိုး၏ အောက်၌ မုရိုကုဖန်အား မြင်တွေ့ရခြင်းသည် ပို၍ပင် မျက်စိပသာဒ ဖြစ်သည်ဟု တုကုရင်း စိတ်ထဲ၌ ခံစားရလေသည်။

အခန်းထဲ၌ ကန့်လန့်ကာတခုက ထပ်မံ၍ သူတို့အား တားဆီး၍ ထားသည်။

ကန့်လန့်ကာ၏ မူလအရောင်သည် နှင်းပွင့်ရောင် ဖြစ်သော်လည်း ရောင်စဉ် ခုနစ်မျိုး ကျရောက်နေခြင်းကြောင့် အရောင် ခုနစ်မျိုး ဖြစ်ပေါ်၍ နေလေသည်။

မုရိုကုဖန်သည် နောက်သို့ လှည့်လိုက်ပြီး တုကုရင်းအား တချက်ပြုံး၍ ကြည့်လိုက်သည်။ ထိုအပြုံးသည် အေးစက် မာကျောသော အပြုံးပင် ဖြစ်ပါသည်။

ထို့ကြောင့် တုကုရင်းသည် မုရုံကုဖန်၏ အပြုံးအား မြင်လိုက်သည်နှင့် တပြိုင်တည်း သူ၏ အသည်းနှလုံးအား ရေခဲခဲဖြင့် ခွဲသကဲ့သို့ ခံစားလိုက်ရလေတော့သည်။

မုရုံကုဖန်သည် ကန့်လန့်ကာကို ဖယ်ရှား၍ အထဲသို့ ဝင်လိုက်သည်။

တုကုရင်းသည်လည်း မုရုံကုဖန်၏နောက်မှလိုက်၍ ဝင်သွားလေတော့သည်။

× × ×

ကန့်လန့်ကာနောက်၌ အခန်းငယ်တခု ရှိသည်။

တုကုရင်း၏ တသက်တွင် မမြင်ဖူးအောင် လှပသောအခန်းဖြစ်သည်။

အခန်းတခုလုံးကို ခင်းထားသော ကော်ဇောသည် နူးညံ့ပျော့ပျောင်းလွန်းသဖြင့် တိမ်လွှာထဲ၌ ရောက်ရှိနေရသည်ဟု ထင်မှတ်ရပေသည်။

တုကုရင်းသည် အခန်းအား အံ့သြငေးမောစွာ လှည့်ပတ်ကြည့်ရှုနေသည်။





ထိုစဉ် ရုတ်တရက် သူ၏ မျက်လုံးအစုံသည် အခန်းနံရံနှစ်ဘက်ရှိ ကြက်သွေးရောင် စင်များပေါ်သို့ ကျရောက်သောအခါ ဝင်းလက် တောက်ပလာလေသည်။

အထူးသဖြင့် ထိုစင်များပေါ်မှ ပစ္စည်းများသည် သူ့အား အံ့သြစေသည် မဟုတ်ပါလော။

ထိုပစ္စည်းများအကြောင်းကို ကြားဖူးခဲ့သော်လည်း မမြင်ဖူးခဲ့ချေ။

ယခု ထိုပစ္စည်းများကို တုကုရင်း တွေ့မြင်ဖူးပြီ မဟုတ်ပါလော။

လက်သီးဆုပ် နီးပါးခန့် ရှိသော ပုလဲလုံး။

ခြောက်ပေမြင့်သော ကြက်သွေးရောင် ဒေါင်းရုပ်။

ကျောက်စိမ်း ဖရဲသီး။

ထို ကျောက်စိမ်း ဖရဲသီးသည် အရှည်တပေသာ ရှိသည်။

ထို့ပြင် ထိုကျောက်စိမ်း ဖရဲသီးထဲ၌ ထွင်းထု ထားသော ပန်းပုရုပ်များသည် လွန်စွာမှ လက်ရာ မြောက်လှပေသည်။

ထို ကျောက်စိမ်း ဖရဲသီး၌ ထွင်းထုထားသော ပန်းပုရုပ်များမှာ လှပသော အိမ်တလုံး၊ နတ်သမီး (၃၆၅) ပါးနှင့် လှပသော ရှုခင်းများပင် ဖြစ်သည်။

အထူးသဖြင့် နတ်သမီး (၃၆၅) ပါးသည် အသက်ဝင်လှသည်။

တုကုရင်းသည် သူ၏မျက်လုံးများကို ထိုကျောက်စိမ်းဖရဲသီးပေါ်မှ မခွာနိုင်အောင် ဖြစ်နေလေသည်။

မုရှိုကုဖန်သည် တုကုရင်း၏ စိတ်ကို ထွင်းဖောက်၍ သိနေသည့်အလား တချက် ပြုံးလိုက်ပြီး....

'ရှင် ဒီပစ္စည်းတွေကို မြင်ဖူးလား'

တုကုရင်းသည် သူ၏ ဦးခေါင်းကို ခါယမ်း၍ ပြလိုက်ပြီး....

'ဟင့်အင်း ကျွန်တော် ကြားဖူးရုံသာ ကြားဖူးခဲ့ပါတယ်'

မုရှိုကုဖန်သည် ပြုံးလျက်....

'ဘယ်လို ကြားဖူးခဲ့သလဲ'

တုကုရင်းသည် သူ၏ လက်တဘက်ဖြင့် အခန်းတခုလုံးအား တချက်ဝှေ့ပြလိုက်ပြီး

'ဒီပစ္စည်းတွေဟာ လောကပေါ်မှာ နှစ်ခု မရှိနိုင်အောင် ပြိုင်ဘက်ကင်းတဲ့ ပစ္စည်းတွေပဲ၊ ဥပမာ ဟောဒီဖရဲသီး ဆိုပါတော့'

တုကုရင်းသည် သူ၏ စကားကို ခေတ္တရပ်လိုက်ပြီး မုရှိုကုဖန်၏ မျက်နှာအား တချက် ကြည့်လိုက်သည်။

မုရှိုကုဖန်သည် တုကုရင်းအား

'ကဲ ဆိုပါဦး'

ဟု တိုက်တွန်းလိုက်သည်။

တုကုရင်းသည် ချောင်းတချက် ဟန့်လိုက်ပြီး-

'ဟောဒီ ကျောက်စိမ်းဖရဲသီးကို ထွင်းထုတဲ့ ပန်းပုပညာရှင်ဟာ ဆယ်နှစ် ကြာအောင် ထွင်းထုခဲ့ရတယ်တဲ့၊ ပြီးတော့'

မုရှိုကုဖန်သည် ရုတ်တရက် ရယ်မောလိုက်ပြီး တုကုရင်း၏ စကားကို ဖြတ်၍





'ပြီးတော့ ဒီကျောက်စိမ်း ဖရဲသီးကိုလဲ ထွင်းထုပြီးတဲ့အခါမှာ ပန်းပု ပညာရှင်ဟာ နှလုံး အားနည်းပြီး လေဖြတ်သွားခဲ့တယ်၊ နောက် သူ့ရဲ့ မျက်လုံးတစုံဟာလဲ ကန်းလုနီးပါး ဖြစ်ခဲ့ရတယ် မဟုတ်လား'

တုကုရင်းသည် သူ၏ဦးခေါင်းကိုညိတ်လိုက်ယင်း....

'ဟုတ်ပါတယ်၊ ဒါကြောင့် ဒီဖရဲသီးဟာ လောကပေါ်မှာ နှစ်ခုမရှိအောင် ပြိုင်ဘက်ကင်းခဲ့တယ်လို့ သိရပါတယ်'

မုရှိုကုဖန်သည် နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး....

'အတွဲမရှိတဲ့ ကျောက်စိမ်းဖရဲသီးလို့ ခေါ်နိုင်တာပေါ့'

တုကုရင်းသည် သူ၏ဦးခေါင်းကို ညိတ်၍ပြလိုက်ယင်း....

'ဒါပေါ့'

ဟု ဝန်ခံလိုက်လေသည်။

မုရှိုကုဖန်သည် သဘောကျစွာ တဟားဟား ရယ်မောလိုက်သည်။ ပြီးမှ....

'လောကပေါ်မှာ တခုတည်းပဲ ရှိတဲ့ ပစ္စည်းကို အတွဲမရှိတဲ့ ပစ္စည်းလို့ ဆိုနိုင်တယ် မဟုတ်လား'

တုကုရင်းသည် ဦးခေါင်းကို ညိတ်လိုက်ယင်း....

'ဟုတ်ကဲ့ ဆိုနိုင်ပါတယ်'

မုရှိုကုဖန်သည် နှစ်ခြိုက်စွာ ပြုံးလျက်....

'တနည်းအားဖြင့် အတွဲမဲ့ရတနာလို့ ခေါ်နိုင်တာပေါ့'

တုကုရင်းသည် ဦးခေါင်းညိတ်လျက်....

'ဟုတ်ပါတယ်'

ဟု ပြောလိုက်သည်။

မုရိုကုဖန်သည် အခန်းတခုလုံးအား လက်ဖြင့် တချက်ဝှေ့ယမ်းပြလိုက်ပြီး....

'ဟောဒီအခန်းထဲမှာ အတွဲမရှိတဲ့ ရတနာ(၁၉) မျိုး သိမ်းထားဘယ်'

ဟု ဝင့်ကြွားစွာ ပြောလိုက်လေသည်။

တုကုရင်းသည် သူ၏မျက်ခုံးမွေးတဘက်ကို ပင့်တင်လိုက်ပြီး

'(၁၈)မျိုးပဲ ရှိတယ်'

ဟု မုရိုကုဖန်၏ စကားအား ပြင်ဆင်လိုက်သည်။

'(၁၉)မျိုး ရှိတယ်'

ဟု ခိုင်မာစွာ ပြောဆိုလိုက်သည်။

တုကုရင်းသည် ပစ္စည်းများအား ရေတွက်ကြည့်လိုက်ပြီး-

'ကျွန်တော် တွက်ကြည့်တာ (၁၈)မျိုးပဲ ရှိသေးတယ်'

မုရိုကုဖန်သည် သဘောကျစွာ ရယ်မောလိုက်သည်။

'ရှင် တွက်တာ မမှားပါဘူး၊ ဒါပေမယ့် (၁၉)မျိုး သိမ်းထားတယ်'

ဟု ထပ်မံ၍ အခိုင်အမာ ပြောဆိုလိုက်လေသည်။

တုကုရင်းသည် ရုတ်တရက် တစုံတခုအား သတိရဟန်ဖြင့်....

'အင်း....ကျွန်တော့် တမျိုးက ခင်ဗျားပဲ ဖြစ်မယ် ထင်တယ်'

ဟု ပြောလိုက်လေသည်။

မုရိုကုဖန်သည် တုကုရင်းအား မျက်စောင်း တချက်ထိုးလိုက်ပြီး....





'ဘာ.... နောက်တမျိုးက ကျွန်မ ဖြစ်မယ် ဟုတ်လား' ဟု မေးလိုက်သည်။

တုကုရင်းသည် ပြုံးလျက်....

'ဟုတ်ပါတယ်၊ ခင်ဗျားဟာ လှလွန်းတဲ့အတွက် လောကမှာ ပြိုင်တက် မရှိနိုင်ဘူး'

မုရိုကုဖန်သည် သဘောကျစွာ ရယ်မောယင်း....

'ကျွန်မက ဒီလောက်တောင်ပဲ လှလို့လား' ဟု မေးလိုက်ပြန်လေသည်။

တုကုရင်းသည် ဦးခေါင်းကို ညိတ်၍ပြယင်း....

'ဟုတ်ပါတယ်၊ ကျွန်တော် ပြောတာထက် ပိုပြီး လှမယ် ထင်တယ်' ဟု ပြောလိုက်လေသည်။

မုရိုကုဖန်သည် သူမ၏ ဦးခေါင်းကို ချစ်စဖွယ် ခါယမ်းပြလိုက်ပြီး....

'မဟုတ်ဘူး ထင်တယ်'

တုကုရင်းသည် ပြုံးလျက်....

'ကျွန်တော် ပြောတာ မယုံလို့လား'

မုရိုကုဖန်သည် သူမ၏ ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလျက်....

'ရှင် ပြောတာကို ကျွန်မ ယုံပါတယ်၊ ကျွန်မကို လှတယ်လို့ ပြောတာ ရှင်ဟာ ပထမလူမှ မဟုတ်ပဲ'

တုကုရင်းသည် မုရိုကုဖန်အား စိုက်၍ကြည့်လိုက်ပြီး....

'ဒါဖြင့် ဘာဖြစ်လို့ မဟုတ်ဘူးလို့ ပြောရတာလဲ'

မုရိုကုဖန်သည် လှပစွာ ပြုံးလိုက်ယင်း....

'ကျွန်မထက် လှတဲ့ လူတွေ လောကထဲမှာ တပုံကြီးပဲ၊ ရှင် မမြင်ဖူးသေးလို့ပါ၊ ပြီးတော့ ကျွန်မက အသက် ငယ်တော့တာ မဟုတ်ဘူး' ဟု ပြောလိုက်သည်။

တုကုရင်းသည် ဦးခေါင်းကို ဗယ်ညာ ခါယမ်းလိုက်ပြီး....

'ခင်ဗျား အသက်ငယ်ပါသေးတယ်'

မုရိုကုဖန်သည် တုကုရင်း၏ စကားကို သဘောကျဟန်ဖြင့် တချက် ပြုံးလိုက်ပြီး....

'ကျွန်မအသက် ဘယ်လောက်ရှိပြီလို့ ရှင် ခန့်မှန်းသလဲ'

တုကုရင်းသည် သူ၏ နှုတ်ခမ်းကိုကိုက်၍ ဦးခေါင်းကို မော့ လိုက်ပြီး....

'အင်း....အလွန်ဆုံး အသက် နှစ်ဆယ့်သုံးနှစ်၊ နှစ်ဆယ့်လေး နှစ်ပဲ ရှိဦးမယ်'

မုရိုကုဖန်သည် သဘောကျစွာ တဟားဟား ရယ်မောလိုက် ပြီး....

'မိန်းကလေးတယောက်အဖို့ နှစ်ဆယ့်သုံး နှစ်ဆယ့်လေးနှစ် ဆိုတာဟာ အသက်ကြီးပြီပေါ့'

တုကုရင်း ယဲ့ယဲ့ကလေး ပြုံးယင်း....

'ကျွန်တော် ခန့်မှန်းတာမလွဲပါဘူးနော်'

ဟု မေးလိုက်သည်။

မုရိုကုဖန်သည် ပြုံးလျက်....

'မိန်းကလေးတွေဟာ သူတို့ရဲ့အသက်ကို သိပ်ပြီး လျှို့ဝှက် ထားတတ်တယ်၊ ဒါကြောင့် ကျွန်မကိုလဲ နှစ်ဆယ့်သုံးနှစ်၊ နှစ်ဆယ့်လေးနှစ်ခန့် လို့သာ မှတ်ထားလိုက်ပါ'





တုကုရင်းသည် မဲ့ပြုံးကလေး တချက် ပြုံးလိုက်သော်လည်း ဘာတခွန်းမျှ ထပ်၍မပြောချေ။ မုရိုကုဖန်သည် သူမ၏ လက်ညှိုး တချောင်းကို ထောင်၍ ပြလိုက်ပြီး

'ဒါပေမယ့် ဒီလောကထဲမှာ ပြိုင်ဘက်ကင်းတဲ့ မိန်းမလှ တယောက်တော့ ရှိတယ်'

ဟု ပြောလိုက်လေသည်။

တုကုရင်းသည် ရုတ်တရက် မျက်မှောင်ကြုတ်၍ သွားလေ သည်။

လောကပေါ်တွင် မုရိုကုဖန်ထက်လှပြီး ပြိုင်ဘက်ကင်းသော မိန်းမလှလေးတယောက် ရှိနေခြင်းသည် ယုံရန် ခက်ခဲသော ကိစ္စတရပ်ပင် ဖြစ်သည် မဟုတ်ပါလော။

ထို့ကြောင့်....

တုကုရင်းသည် စိတ်ဝင်စားသော လေသံဖြင့်....

'ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

မုရိုကုဖန်သည် တုကုရင်အား တချက်မျှ စိုက်ကြည့်လိုက်ပြီး

'ပိုင်ပင်း'

ဟု ဖြည်းညင်းစွာ ပြောလိုက်လေတော့သည်။

× × ×

'ပိုင်ပင်း'

တုကုရင်းသည် မုရှုံကုဖန်၏ စကားကို သံယောင်လိုက်၍ တီးတိုး ရေရွတ်လိုက်ယင်း မျက်မှောင်တချက် ကြုတ်လိုက်လေသည်။

ထိုနောက် သူ၏ ဦးခေါင်းအား ဖြည်းညင်းစွာ ခါယမ်းလိုက်လေသည်။

ပိုင်ပင်းဟူသော အမည်ကို တုကုရင်း ကြားဖူးခြင်း မရှိပါ။ ထို့ကြောင့် သူ၏ ဦးခေါင်းအား ခါယမ်း လိုက်မိခြင်း ဖြစ်သည် မဟုတ်ပါလော။

မုရှုံကုဖန်သည် တုကုရင်းအား လှမ်း၍ ကြည့်လိုက်ပြီး

'အင်း....ဒီနာမည်ကို ရှင် ကြားဖူးမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ပိုင်ပင်းဟာ အိမ်တွင်းပုန်း ဖြစ်နေလို့ပဲ'

တုကုရင်းသည် အံ့ဩဟန်ဖြင့်

'သိုင်းလောကမှာ လှုပ်ရှားမှုမရှိပဲ အိမ်တွင်းပုန်း. လုပ်နေတဲ့ ပိုင်ပင်းကို ခင်ဗျားသိတာ အံ့ဩစရာပဲ'

ဟု ပြောလိုက်လေသည်။

မုရှုံကုဖန်သည် ပြုံးလိုက်ပြီး

'လောကပေါ်မှာ တခုတည်းရှိပြီး ပြိုင်ဘက်ကင်းတဲ့ အတွဲမဲ့ ရတနာတွေကို ကျွန်မက စိတ်ဝင်စားလို့ပါ'

တုကုရင်းသည် မျက်မှောင်တချက် ကြုတ်လိုက်ယင်း

'ခင်ဗျား ပြောသလို ဆိုယင် ပိုင်ပင်းဟာ လောကမှာပြိုင်ဘက်ကင်းအောင် လှတယ်ပေါ့'

ဟု ပြောလိုက်လေသည်။





မုရှုံကုဖန်သည် ပြုံး၍ ဦးခေါင်းကို ညိတ်လိုက်ပြီး

'သူ့အသက်အရွယ် ထဲမှာတော့ ပြိုင်ဘက်ကင်းတယ်လို့ ဆိုနိုင်ပါတယ်၊ ပြီးတော့ နောက်ထပ် ဆယ်နှစ် အတွင်း သူ့ကို မီမယ့်လူ ရှိမယ်မထင်ဘူး'

တုကုရင်းသည် အနည်းငယ် စိတ်ဝင်စားဟန်ဖြင့်

'ပိုင်ပင်း ဘယ်သူ့သမီးများ ပါလိမ့်'

မုရှုံကုဖန်သည် တုကုရင်းအား ပြုံးလျက် တချက်စိုက်ကြည့်လိုက်ပြီး

'ပိုင်ပင်းရဲ့ အဖေကိုတော့ ရှင် သိမှာပါ'

ဟု ပြောလိုက်လေသည်။

တုကုရင်းသည် အံ့ဩဟန်ဖြင့်....

'ဘယ်သူ့သမီး ဖြစ်နေလို့လဲ'

မုရှုံကုဖန်သည် တချက်ပြုံးလိုက်ယင်း

'ရှင် ပိုင်လိုရိုကို သိသလား'

ဟု မေးလိုက်လေသည်။

တုကုရင်းသည် သူ၏ ညာဘက်လက်ညှိုးမှ လက်သည်းကို တချက်ကိုက်ယင်း....

'ဘယ် ပိုင်လို ရိုပါလိမ့်'

ဟု မေးလိုက်သည်။

မုရှုံကုဖန်သည် မျက်မှောင်တချက် လှပစွာ ကြုတ်လိုက်ပြီး-

'ရှင်က ပိုင်လိုရိ ဘယ်နှစ်ယောက်များ သိလို့လဲ'

တုကုရင်းသည် သူ၏ လက်ညှိုးတချောင်းအား ထောင်၍ ပြလိုက်ပြီး....

'တယောက်တည်း သိတယ်၊ စာပေသမားပုံစံရှိတဲ့ဓားသမား ပိုင်လိုရိပဲ'

မုရိုကုဖန်သည် သူမ၏ ဦးခေါင်းကို တချက်ညိတ်လိုက်ပြီး-

'ကျွန်မ ပြောတာ အဲဒီ ပိုင်လိုရိပဲ' ဟု ပြောလိုက်လေသည်။

တုကုရင်းသည် ပို၍ သေချာစေရန်....

'ပိုင်လိုရိဟာ မင်းမှုထမ်း တယောက်ပဲ၊ ပြီးတော့ သူဟာ ရာထူး ရာခံ အဆောင်ကြီးတဲ့ မင်းမှုထမ်းတယောက်လဲ ဖြစ်တယ်' ဟု ထပ်၍ ကွန့်ပြောလိုက်လေသည်။

မုရိုကုဖန်သည် သူမ၏ ဦးခေါင်းကို တချက်ညိတ်လိုက်ပြီး-

'ဟုတ်ပါတယ်၊ ရှင် ပြောတဲ့ ပိုင်လိုရိပါပဲ' ဟု ပြောလိုက်လေသည်။

တုကုရင်းသည် တစုံတရာအား ရုတ်တရက် စဉ်းစား မိဟန်ဖြင့်....

'နေပါဦး၊ ခင်ဗျားရဲ့ကိစ္စက ပိုင်လိုရိနဲ့ ပတ်သက်နေသလား' ဟု စပ်စုလိုက်လေသည်။

မုရိုကုဖန်သည် ပြုံးလျက်....

'ရှင် စဉ်းစားဉာဏ်ကောင်းသားပဲ၊ အင်း... ရှင် ပြောသလိုပဲ ကျွန်မရဲ့ ကိစ္စက ပိုင်လိုရိနဲ့ ပတ်သက်နေတယ်'

တုကုရင်းသည် သူ၏ ပခုံးကို တချက်တွန့်ယင်း....

'အင်း.... ခင်ဗျားရဲ့ ကိစ္စဟာ ဒီလူနဲ့ ပတ်သက် နေတယ် ဆိုယင်တော့ လွယ်လွယ်နဲ့ အောင်မြင် နိုင်ပါ့မလား'

မုရိုကုဖန်သည် တချက် ရယ်မောလိုက်ပြီး....

'ဘာလဲ ရှင် ကြောက်နေပြီလား' ဟု မေးလိုက်လေသည်။





တုကုရင်းသည် မဲ့ပြုံးတချက် ပြုံးလိုက်ပြီး....

'ကျွန်တော်က စကားအဖြစ် ပြောတာပါ၊ ဒြော် ဒါနဲ့ အတွဲမှ ရတနာ (၁၈)မျိုးပဲ ရှိသေးတယ်နော်'

မုရိုကုဖန်သည် သူမ၏ ဗယ်ဘက်၌ ရှိသော ကန့်လန့်ကာကို လက်ညှိုးဖြင့် ညွှန်ပြပြီး....

'အဲဒီ ကန့်လန့်ကာရဲ့ နောက်မှာ ရှိတယ်' ဟု ပြောလိုက်လေသည်။

တုကုရင်းသည် မုရိုကုဖန်အား တချက် ကြည့်လိုက်ပြီး ကန့်လန့်ကာရှိရာသို့ လျှောက်သွားလေသည်။

ထို့နောက် တဆက်တည်း ကန့်လန့်ကာကို ဆွဲ၍ ဖွင့်လိုက်လေသည်။

ထိုသို့ ဆွဲဖွင့်လိုက်သည်နှင့် တပြိုင်တည်း တုကုရင်း သည် တချက် တုန်လှုပ်၍သွားပြီး သူ၏ လက်သည် သူ၏ ဓါးဆီသို့ ရောက်ရှိသွားလေတော့သည်။

သို့သော် သူ၏ ဓါးတွင် ဓားကောက် ရှိမနေချေ။

ထို့ကြောင့် တုကုရင်းသည် ပို၍ တုန်လှုပ်မိလေတော့သည်။

အဘယ်ကြောင့် ဆိုသော် ကန့် လန့် ကာ ပွင့်သွားသည်နှင့် တပြိုင်တည်း လူတယောက် ရပ်နေသည်ကို တွေ့လိုက်ရသည် မဟုတ်ပါလော။

× × ×

မုရုံကုဖန်သည် ရယ်မော၍ နေသည်။

သူမသည် တုကုရင်း တုန်လှုပ်သွားသည်ကို သဘောကျ ဟန်ဖြင့် ရယ်မော၍ နေခြင်းဖြစ်သည်။

ပြီးမှ....

'မလန့်ပါနဲ့၊ သူက ရှင့်ကို အန္တရာယ် မပေးပါဘူး'
ဟု လှမ်း၍ ပြောလိုက်လေသည်။

ထို့နောက် သူမသည် တုကုရင်း အနီးသို့ လျှောက်လာပြီး....

'သူ့မှာအသက်မရှိတော့ဘူး၊ သူဟာအလောင်းတလောင်းပဲ'
ဟု ထပ်ပြောလိုက်လေသည်။

တုကုရင်းသည် သက်ပြင်း တချက် ချလိုက်ပြီး သူ၏ ရှေ့၌ ရှိသော အလောင်းကို တချက် သေသေချာချာ ကြည့်လိုက်လေသည်။

ထိုအလောင်းသည် လူငယ်တယောက်၏ အလောင်း ဖြစ်သည်။

ပုံဖြင့်များထဲမှ ယောကျ်ား ပီသ၍ သူရဲကောင်းဆန်သော လူငယ် တယောက် ဖြစ်သည်။ ကိုယ်ခန္ဓာ အချိုးအဆစ် ပြေပြစ်သည်။

ထိုလူငယ်သည် ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော လှပမှု၊ ယောကျ်ား ပီသမှု အလုံးစုံဖြင့် ပြည့်စုံ၍ နေသည်။

မုရုံကုဖန်သည် ပြုံးလျက်....

'ရှင် သူ့ကို သေသေချာချာ ကြည့်ပြီးပြီလား'

တုကုရင်းသည် သူ၏ ဦးခေါင်းအား ခါယမ်းလိုက်ပြီး....





'မပြီးသေးဘူး'
ဟု ပြောလျက် ထိုလူငယ်၏ အလောင်းအား စေ့စပ် သေချာစွာ ကြည့်ရှုနေလေသည်။

တုကုရင်းသည် ထိုသို့ကြည့်ရှုနေယင်း စိတ်ထဲမှကြိတ်၍ သက်ပြင်း ခဏ ခဏ ချနေလေသည်။

အတန်ကြာမှသူသည်မေးခွန်းပေါင်းသောင်းခြောက်ထောင် မေးလိုသော မျက်လုံးဖြင့် မုရုံကုဖန်အား လှည့်၍ကြည့်လိုက်လေသည်။

မုရုံကုဖန်သည် တုကုရင်း၏ စိတ်အား ဖောက်ထွင်းသိဟန်ဖြင့်....

'အင်း ရှင့်စိတ်ထဲမှာ သက်ာမကင်းဖြစ်နေတယ်မဟုတ်လား'
ဟု မေးလိုက်လေသည်။

တုကုရင်းသည် သူ၏ ဦးခေါင်းကိုညိတ်လိုက်ပြီး....

'ဟုတ်တယ်'
ဟု ဖြေလိုက်လေသည်။ မုရုံကုဖန်သည် ပြုံးလျက်၊

'ဘာလဲ....ဒီလူကို ရုပ်ဖျက်ထားတယ် ထင်လို့လား'

တုကုရင်းသည် ထိုလူငယ်၏ အလောင်းအား တချက်ကြည့်လိုက်ပြီး....

'သူ့ရဲ့ အသွင်သဏ္ဍာန်က ပြည့်စုံလွန်းတယ် မဟုတ်လား'

မုရုံကုဖန်သည် သူမ၏ လက်ဝါးကိုကာ၍ ပြယင်း....

'ကျွန်မ အာမခံပါတယ်၊ ဒါဟာ သူ့ရဲ့နဂိုရုပ်ပဲ၊ လုံးဝ ရုပ်ဖျက် မထားပါဘူး'
ဟု ပြောလိုက်လေသည်။

တုကုရင်းသည် သက်ပြင်း တချက်ချလိုက်ပြီး….

'အင်း… သိပ်ရှားတယ်၊ ကျွန်တော့်တသက်မှာ တခါမှ မတွေ့ခဲ့ဖူးဘူး'

ဟု ပြောလိုက်လေသည်။

မုရှံကုဖန်သည် တုကုရင်း၏စကားကို ထောက်ခံသောလေသံဖြင့်….

'ပြည့်စုံတဲ့ အလှလို့ မခေါ်နိုင်ပေမယ့် အနီးစပ်ဆုံးလို့ ခေါ်နိုင်တယ်၊ ကဲ ရှင့်မျက်မြင်ပဲ၊ သူ့ရဲ့မျက်နှာ၊ သူ့ရဲ့ ခန္ဓာကိုယ် အချိုးအဆက် ဘယ်လောက် အဆင်ပြေသလဲ၊ အတိုး အလျှော့ လုပ်စရာတောင် မလိုဘူး'

တုကုရင်းသည် ဦးခေါင်းကိုညိတ်လိုက်ပြီး—

'မျက်မြင်ကိုယ်တွေ့ မဟုတ်ယင် ယုံနိုင်မယ်တောင်မထင်ဘူး'

မုရှံကုဖန်သည် ပြုံးလျက်—

'ဒါကြောင့် ဒီလူကို တမိုးအောက်တယောက်လို့ဆိုနိုင်တယ်'

တုကုရင်းသည် ဦးခေါင်းကို ညိတ်ပြီး

'ဟုတ်ပါတယ်၊ လောကမှာ ပြိုင်ဘက်ကင်းတဲ့လူပါ'

မုရှံကုဖန်သည် ပြုံးလိုက်သည်။ သူမ၏ အပြုံးသည် နွေးထွေးမှု မရှိဟု တုကုရင်း ခံစားလိုက်ရလေသည်။

မုရှံကုဖန်သည် အေးစက်စွာ တချက်ပြုံးလိုက်ပြီးမှ

'ဒါကြောင့် သူ့ကို ဒီမှာ သိမ်းထားရတာ'

ဟု ဖြည်းညင်းစွာ ပြောလိုက်လေသည်။

ထို့နောက် သူမသည် သက်ပြင်း တချက်ကို မသိမသာကလေး ချလိုက်ယင်း—





'သူဟာ တခြား လူတွေထက် ဒုက္ခ ပိုများတယ်'

တုကုရင်းသည် မျက်မှောင်တချက် ကြုတ်လိုက်ပြီး

'ဘာဖြစ်လို့လဲ'

မုရှံကုဖန်သည် ရေယဉ်ချင့် ရယ်ချင် တချက် ရယ်လိုက်ပြီး….

'ရှင် စဉ်းစားကြည့်ပေါ့၊ ဒီလူရဲ့ အပြုံးကို ဘယ် မိန်းကလေး ခံနိုင်ပါ့မလဲ'

တုကုရင်းသည် သဘောပေါက်ဟန်ဖြင့်

'အင်း မြာစွံတဲ့နေရာမှာလဲ ပြည့်စုံတဲ့လူပဲ'

ဟု ရေရွတ်လိုက်လေသည်။

မုရှံကုဖန်သည် တချက်ပြုံးယင်း….

'ကျွန်မ သူ့ကို တွေ့တော့ သူဟာ လူ ခုနစ်ယောက်ရဲ့ တိုက်ခိုက်ခြင်းကို ခံနေရတယ်၊ ဒါနဲ့—'

တုကုရင်းသည် မုရှံကုဖန်၏ စကားမဆုံးမီ ဝင်၍

'ခင်ဗျားက ကယ်ခဲ့တယ် ဆိုပါတော့'

ဟု ပြောလိုက်လေသည်။

မုရှံကုဖန်သည် ပြုံးယင်း….

'ကျွန်မက သူ့အတွက် လုံခြုံမယ့်နေရာ ပို့ပေးလိုက်တာပါ၊ ဟောဒီ မှန်ခေါင်းထဲမှာထက် ပိုပြီး လုံခြုံတဲ့နေရာ ရှိဦးမလား'

ဟု ပြောလိုက်လေသည်။

ထို့နောက် မုရှံကုဖန်သည် သူမ၏ စကားကို သူမ သဘောကျဟန်ဖြင့် ရယ်မောနေလေသည်။ တုကုရင်းသည် ရုတ်တရက် မြုံးလိုက်ပြီး

'လှပလွန်းတဲ့ ပစ္စည်းတခုဟာ ကြာရှည်မခံဘူးလို့ ရှေးပညာရှိတွေ ပြောခဲ့ဖူးတယ်'

မုရိုကုဖန်သည် ပြုံးလျက် သူမ၏ဦးခေါင်းကိုညိတ်ပြယင်း–

'ဟုတ်ပါတယ်၊ ရှင်တို့ သိတဲ့ ဖန်အန်းက အသက် (၁၀၁) ကျော်နေပြီ၊ ပြီးတော့ အခုလို အလှမျိုး ရှိခဲ့မှာ မဟုတ်ဘူး' ဟု ပြောလိုက်သည်။

ထို့နောက် သူမသည် ရုတ်တရက် ရယ်မောလိုက်ပြီး—

'အင်း....ဖန်အန်း ဆိုတဲ့နာမည်ဟာ ရှေးဆန်တယ်၊ ပြီးတော့ လူတိုင်း သဘောကျပြီး မှည့်ခေါ်တတ်တာပဲ၊ လောကမှာ ဖန်အန်း ဆိုတဲ့ နာမည်တွေ အများကြီးရှိတာပဲ၊ ဒါပေမယ့်....'

တုကုရင်းသည် ရယ်မောလိုက်ပြီး မုရိုကုဖန်၏ စကားကို ဖြတ်၍....

'ဒါပေမယ့် သူလို ပြည့်စုံတဲ့ အလှမျိုး ရှိမှာ မဟုတ်ဘူး၊ သူကတော့ နှစ်ယောက်မရှိနိုင်တဲ့ အတွဲမဲ့ရတနာပဲ' ဟု ဝင်ရောက်ပြောလိုက် လေတော့သည်။

☆



## ရှာမှ ရှားသော အလှ

မုရိုကုဖန်သည် ပြုံး၍နေသည်။

သို့သော် သူမ၏ အပြုံးသည် ကြေကွဲဝမ်းနည်းပုံ ပေါ်နေလေသည်။

သူမသည် အတန်ကြာမှ သက်ပြင်းတချက် ဖြည်းညင်းစွာ ချလိုက်လေသည်။

တုကုရင်းသည် မုရိုကုဖန်အား ငေး၍ ကြည့်နေမိသည်။

မုရိုကုဖန်၏ ကြေကွဲ ဝမ်းနည်းမှုသည် သူ့ထံသို့ ကူးစက်လာသည်ဟု ခံစားရလေသည်။

မုရုံကုဖန်နှင့် ဖန်အန်းတို့ မည်သို့ ဆက်နွယ်မှုရှိသည်ကို မသိသော်လည်း မုရုံကုဖန် ခံစားနေရသော ခံစားမှုမျိုးကို တုကုရင်း ခံစားခဲ့ဖူးသည် မဟုတ်ပါလော။

မုရုံကုဖန်သည် သက်ပြင်းတချက် မှုတ်ထုတ်ယင်း သူမ၏ နားသယ်စပ်မှ ဆံစများကို သပ်တင်လိုက်သည်။ ပြီးမှ....

'အင်း....ဒီလောက် ပြည့်စုံတဲ့ ယောကျ်ား တယောက်ကို အခုလို အထီးကျန် ထားရတာ စိတ်မကောင်းစရာပဲ'

တုကုရင်းသည် မသိမသာ သက်ပြင်းတချက် ချလိုက်ပြီး....

'အင်း....သူလို ပြည့်စုံတဲ့ အလှရှိတဲ့ မိန်းကလေးတယောက်နဲ့ တွဲဖက်ပေးလိုက်ပေါ့'

မုရုံကုဖန်သည် ပြုံးရုံကလေး ပြုံးလိုက်ပြီး....

'ဒီလို ပြည့်စုံတဲ့ အလှရှိတဲ့ မိန်းကလေးရော ရှိနိုင်ပါ့မလား'

တုကုရင်းသည် ရွတ်တရက် ပြုံးလိုက်ယင်း....

'ပိုင်လိုရှိရဲ့သမီး ပိုင်ပင်း ဆိုယင်ကော'

မုရုံကုဖန်သည် ပြုံးလိုက်ပြီး....

'အင်း ရှင်ဟာ ဉာဏ်ထက်မြက်မယ့် လူတယောက်လို့ ကျွန်မ တွေးခဲ့တာ မမှားဘူး'

တုကုရင်းသည် ပြုံးလျက်....

'ပိုင်ပင်းဟာ ဖန်အန်းလိုပဲ လှသလား'

မုရုံကုဖန်သည် ဖြည်းညင်းစွာ အသက်တချက် ရှူယင်း....

'လောကပေါ်မှာ ရှားမှရှားတဲ့ အလှမျိုးပဲ၊ သူ့ထက်ချောတဲ့ မိန်းကလေးကို ကျွန်မ မတွေ့ဖူးသေးဘူး'

တုကုရင်းသည် ပြုံးလျက် တစုံတရာအား အတိရဟန်ဖြင့်....





'ခင်ဗျား ပိုင်လိုရှိနဲ့ ရင်ဆိုင်ရမယ်ဆိုတာ ပိုင်ပင်းကို ရဖို့အတွက် မဟုတ်လား'

မုရုံကုဖန်သည် သူမ၏ ဦးခေါင်းကို ညိတ်လိုက်ပြီး....

'ဟုတ်တယ်'

ဟု ဝန်ခံလိုက်လေသည်။

ထိုနောက် သူမသည် ဖန်အန်း၏ အလောင်းအား တချက်မျှ လှမ်း၍ ကြည့်လိုက်လေသည်။ သူမ၏ မျက်ဝန်းသည် ရုတ်တရက် မာကျောလာသည်ဟု ထင်ရပေသည်။

တုကုရင်းသည် မုရုံကုဖန်အား အကဲခတ် ကြည့်နေလေသည်။ အတန်ကြာမှ မုရုံကုဖန်သည် တုကုရင်းဘက်သို့ လှည့်လိုက်ပြီး....

'တကယ်လို့ ဖန်အန်းနဲ့ ပိုင်ပင်းကို တွဲဖက်ပေးလိုက်ယင် လောကပေါ်မှာ ပြိုင်ဘက်ကင်းတဲ့ စုံတွဲဖြစ်လာလိမ့်မယ်'

ဟု ပြောလိုက်လေသည်။

တုကုရင်းသည် တစုံတရာအား သတိရဟန်ဖြင့်....

'တကယ်လို့ ပိုင်ပင်းကို ခင်ဗျားရယင် ဖန်အန်းလိုပဲ ထားမှာလား'

ဟု မေးလိုက်လေသည်။

မုရုံကုဖန်သည် ပြုံးလျက် ဦးခေါင်းကို ညိတ်လိုက်ပြီး....

'ဟုတ်တယ်၊ ဘာလဲ ရှင်က ကျွန်မ အကြံအစည်ကို မနှစ်သက်လို့လား'

ဟု ပြန်၍ မေးလိုက်လေသည်။

တုကုရင်း ဘာမှ ပြန်မပြောတော့ပါ။

မုရုံကုဖန်သည် တုကုရင်းအား အတန်ကြာအောင် စိုက်၍ ကြည့်နေသည်။

ပြီးမှသက်ပြင်းတချက် မှုတ်ထုတ်ကာ တချက်ပြုံးလိုက်ပြီး...

'လောကမှာ ခက်ခဲလေ တန်ဖိုးရှိလေပဲ'

ဟု တကိုယ်တည်း ပြောသကဲ့သို့ ပြောလိုက်လေတော့သည်။

x x x

အရုဏ်ဦး။

နေမင်း၏ ရွှေပြေး ရောင်နီ သည် ကောင်းကင် ပေါ်သို့ ဖြန့်ကျက်လာပြီ ဖြစ်သည်။

တိုက် ခတ် နေ သော လေ သည် အအေးဓာတ် ကို သယ်ဆောင်၍ လာသည်။

ထူထပ်သော နှင်းမှုန်ကြားမှ ဖြတ်သန်း တိုက်ခတ်ရသဖြင့် လေသည် ပို၍ အေးစိမ့်နေသည်။ မြေပြင်သည် နှင်းရည်ဖြင့် စိုစွတ်၍ နေသည်။

တုကုရင်းသည်ငှက်ပျောပင်များအကြား၌လမ်းလျှောက်၍ နေလေသည်။

ယနေ့သည် တတိယမြောက် နေ့ ဖြစ်သည်။

မေ့မျောနေရာမှ ပြန်လည် သတိရလာပြီးနောက် ယနေ့သည် တတိယမြောက်နေ့ ဖြစ်ပေသည်။





သို့ဖြစ်၍ သူ၏ မျက်နှာသည် နာကျင်မှု မရှိတော့ချေ။

ထို သုံးရက် အတွင်း သူသည် မုရုံကုဖန်နှင့် မတွေ့ရချေ။

သူသည် ပန်းမာလာမြိုင်၌ လွတ်လပ်စွာ သွားလာ လှုပ်ရှားခွင့်ရသော်လည်း မုရုံကုဖန်ကို တွေ့ခွင့် မရချေ။ သူသည် မုရုံကုဖန်အပေါ် မည်သို့ နားလည်ရမည် မသိပါ။

သို့သော် မုရုံကုဖန်သည် အလုပ်တခုကို လုပ်ကိုင်ရာ၌ ပိပိယိယိ ရှိကြောင်းကို သူ နားလည်ပေသည်။

ထို သုံးရက်အတွင်း မုရုံကုဖန်သည် သူမ၏ အကြံအစည်ကို ခြေလှမ်း တလှမ်း လှမ်းတိုင်း အောင်မြင်စေရန် ကြံစည်နေခြင်း ဖြစ်မည်ဟု တုကုရင်း ယူဆမိသည်။

သူသည် မည်မျှ အတွေးနယ်ချဲ့နေမိသည် မသိ။

သူ၏ ရှေ့၌ ခြံစည်းရိုးကို မြင်တွေ့လိုက်မှ သူ၏ ခြေလှမ်းများကို ရပ်တန့်လိုက်မိလေသည်။ ဤခြံစည်းရိုးသည် အရှေ့ဘက် ခြံစည်းရိုး ဖြစ်သည်။

ထို့ကြောင့် နေရောင်ခြည်သည် အရှေ့ဘက် ကောင်းကင်၌ ဖြန့်ကျက် လာသည်ကို သူ တွေ့လိုက်ရသည်။ နေမြင့်လာလျှင် နှင်းမြူများ ပျောက်ကွယ်တော့မည် ဖြစ်သည်။

လူ၏အသက်သည်လည်း ထိုသို့ ဖြစ်လာလိမ့်မည်ဟု တုကုရင်း မသိမသိုင် တွေးလိုက်မိသည်။ လူ့ဘဝ၏အချိန်သည် တိုတောင်းလှသော်လည်း လူ့ဘဝ၏ အပြောင်းအလဲသည် များပြောင်လှပေသည်။

ယခင်က မိမိသည် တုကုရင်း ဖြစ်ခဲ့သည်။

ယခုကဲ့သို့ ဖန်းကျုံစင်း ဖြစ်လာလိမ့်မည်ဟု အိပ်မက်ပင် မမက်ခဲ့ဖူးချေ။

ယခုကဲ့သို့ တသက်တွင် နှစ်ဘဝ ရောက်လိမ့်မည် ဟုလည်း စိတ်ပင် မကူးခဲ့ချေ။

သို့သော် ယခု မိမိသည် ဖန်းကျုံစင်း ဖြစ်၍ နေပြီ။

အနာဂတ်တွင် မိမိသည် မည်ကဲ့သို့ ဖြစ်လာဦးမည်နည်း။

မိမိ၏ ဘဝသည် မည်ကဲ့သို့ ပြောင်းလဲ လာဦးမည်နည်း။

တုကုရင်းသည် ထိုသို့ တွေးတောယင်း သက်ပြင်း တချက် ချလိုက်လေသည်။

ထို့နောက် ငှက်ပျောတော လမ်းကလေး အတိုင်း လာရာ လမ်းသို့ ပြန်လှည့်၍ လျှောက်လိုက်လေတော့သည်။

ထိုစဉ် ရုတ်တရက် တုကုရင်းသည် လေထုထဲသို့ ဖြတ်သန်း လာသော အသံများကို ကြားလိုက်ရလေသည်။

ထို့ကြောင့် သူသည် ခန္ဓာကိုယ်ကို မြေပေါ်သို့တပတ်ကျွမ်း ထိုး၍ လှိမ့်လိုက်လေတော့သည်။

အဖြူရောင် အလင်းတန်း သုံးခုသည် တုကုရင်း၏ ခန္ဓာကိုယ် ပေါ်မှ ဖြတ်သန်း၍ ငှက်ပျောပင် များပေါ်၌ စိုက်ဝင်သွား လေတော့သည်။

ထို အဖြူရောင် အလင်းတန်း သုံးခုသည် ငွေရောင်မား မြှောင် သုံး လက်ပင် ဖြစ်ပါသည်။ တုကုရင်းသည် ငှက်ပျော ပင်၏ ပင်စည်၌ စိုက်ဝင်နေသော ထို ငွေရောင် မားမြှောင် သုံးလက်ကို တချက် ကြည့်လိုက်ပြီး



လွင်စာပေ
အမှတ် ၁၃၀၊
ဆောင်ငွေ



'ဟော့....ဘယ်သူလဲ'

ဟု အော်ဟစ်လိုက်လေသည်။

တုကုရင်း၏ အော်သံ ဆုံးသည်နှင့် ငှက်ပျောပင်များ အကြားမှ လူရိပ် နှစ်ခု ပေါ်ထွက် လာလေတော့၏။

မိန်းကလေး နှစ်ဦး ဖြစ်ပါသည်။

အသက် ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ်ခန့် ရှိသော ရုပ်ရည် သန့်ပြန့်၍ လှပသည့် မိန်းကလေး နှစ်ဦး ဖြစ်ပါသည်။

မိန်းကလေး နှစ်ဦးသည် လှပသည်မှန်သော်လည်း သူတို့၏ လက်ထဲမှ ဓားများသည် သူတို့ကို အကျည်းတန်စေလေ၏။

မိန်းကလေး နှစ်ယောက်သည် ငှက်ပျောပင်များ ကြားမှ တဟုန်ထိုးထွက်လာပြီး တုကုရင်းအား ဝဲယာညပ်ကာ တရကြမ်း တိုက်ခိုက်လိုက်လေသည်။

ထို မိန်းကလေး နှစ်ဦး သည် မုရုံကုဖန်၏ လူများ ဖြစ် နေသဖြင့် တုကုရင်းသည် ရုတ်တရက် အံ့သြသွားလေသည်။

ထို့ပြင် သူတို့သည် အဘယ်ကြောင့် မိမိအား တိုက်ခိုက်ရ သနည်းဟု တွေးလိုက်မိလေသည်။

ထို့ကြောင့် တုကုရင်းသည် ရုတ်တရက် ငေးငိုင်၍ သွား လေသည်။ သို့သော် မိန်းကလေးနှစ်ယောက်၏ ဓားမှ အေးစက် သော အငွေ့ အသက်ကို ခံစားလိုက်မိသဖြင့် တုကုရင်းသည် ကပျာကယာ နောက်သို့ ဆုတ်၍ ရှောင်လိုက်ရလေသည်။

သို့တိုင်အောင် သူ၏ ဝဲဘက်မှ မိန်းကလေး၏ ဓားအဖျားက သူ၏ အင်္ကျီလက်မောင်းစကို လှပ်ခါ သွားစေခဲ့လေသည်။

မိန်းကလေး နှစ်ယောက်သည် ဝဲယာမှ ညှပ်ပူး ညှပ်ပိတ် မနားတမ်း တိုက်ခိုက်နေလေသည်။ တုကုရင်းသည် ပါးစပ်မှ-

'ဟော့ ဟော့ ရပ် မင်းတို့ မင်းတို့'ဟု အော်ဟစ် ယင်းသူ၏ ခန္ဓာကိုယ်ကို မိန်းကလေး နှစ်ယောက်၏ ဓားရိပ်များအကြားနှင့် လှည့်ပတ်၍ ရှောင်တိမ်း နေလေသည်။

တုကုရင်းသည် ထိုသို့ တခဏမျှ ရှောင်တိမ်း ပြီးနောက် အေးစက်စွာ တချက်ပြုံးလိုက်ပြီး သူ၏ လက်နှစ်ဘက်ကို ဝေ လှုပ်ရှားလိုက်လေသည်။

ယင်းသို့ လှုပ်ရှားလိုက်သည်နှင့် တပြိုင်တည်း မိန်းကလေး နှစ်ယောက်၏ဓားသည် သူ၏လက်ထဲ၌ပါ ရှိလာပြီး မိန်းကလေး နှစ်ယောက်သည် နောက်သို့ လွင့်စဉ် သွားလေ တော့သည်။ တုကုရင်းသည် သူ၏ လက်ပေါ်တွင် ဓားများကို တပတ်လှည့်ပြီး မိန်းကလေးနှစ်ယောက်ထံ လှမ်း၍ ပစ်လိုက်လေသည်။

ဓားများသည် မြေပေါ်၌ လဲကျနေသော မိန်းကလေး နှစ်ယောက်၏ ဘေး၌ စိုက်ဝင် သွားလေတော့သည်။

တုကုရင်းသည် တချက်ပြုံးပြီး....

'မင်းတို့ကို ဘယ်သူက ခိုင်းလိုက်တာလဲ'ဟု အေးစက် မာကျောသော လေသံဖြင့် မေးလိုက်လေသည်။

တုကုရင်း၏ မေးသံ ဆုံးသည်နှင့် တပြိုင်နက် ငှက်ပျောပင်များကြားမှ....

'ကျွန်မပဲ' ဟူသောအသံ ထွက်ပေါ် လာလေသည်။





ထို့နောက် မုရုံကုဖန်သည် ငှက်ပျောပင်များကြားမှ ထွက်ပေါ် လာလေတော့သည်။

× × ×

တုကုရင်းသည် မုရုံကုဖန်အား နားမလည်ဟန်ဖြင့် ကြည့်၍ နေလေသည်။

မုရုံကုဖန်သည် တုကုရင်း၏ စိတ်ထဲ၌ မည်သို့ ဖြစ်ပေါ်နေသည်ကို သိရှိသည့်အလား တချက်မျှ ရယ်မောလိုက်ပြီး....

'အံ့သြ နေသလား'ဟု မေးလိုက်လေသည်။

တုကုရင်းသည် သူမ၏ ပခုံးနှစ်ဘက်ကို တွန့်ပြယင်း....

'ကျွန်တော့်ကို တကယ်တမ်း သတ်ချင်တဲ့ဆန္ဒရှိနေယင် ကျွန်တော်ဟာ အခုလို ဖန်းကျုံစင်း ဖြစ်လာမှာ မဟုတ်ဘူး'

မုရုံကုဖန်သည် ပြုံးလျက်....

'ရှင့်အတွေးအခေါ် မဆိုးဘူး၊ ရှင့်ရဲ့ရုပ်ကို ပြောင်းလဲလိုက်တဲ့အတွက် ရှင့်ရဲ့ သိုင်းပညာ ထိခိုက်သွားသလားဆိုတာ စမ်းကြည့်တာပါ....'

မုရုံကုဖန်သည် ထိုသို့ ပြောလိုက်ပြီးနောက် မိန်းကလေး နှစ်ယောက်ဘက်သို့ လှည့်ကြည့်လိုက်ပြီး....

ဝဏ္ဏထွန်း:စာပေ

'ကဲ မင်းတို့ ဟောဒီကသခင်လေးကို တောင်းပန်ချေ'ဦး

ဟု အမိန့်ပေးလိုက်လေသည်။

မုရုံကုဖန်၏ အမိန့်ပေးသံဆုံးသည်နှင့် တဆက်တည်း မိန်းကလေး နှစ်ယောက်သည် တုကုရင်းအား ဦးညွှတ်၍ တောင်းပန်လိုက်လေတော့သည်။

ထို့နောက် သူတို့သည်ထိုနေရာမှထွက်သွားလေတော့သည်။

× × ×

ပန်းမာလာမြိုင်၏ ဉယျာဉ်သည် လှပနေသည်။

နံနက်ခင်း၏ နေရောင်ခြည်အောက်၌ ပို၍ လှပနေလေသည်။

အထူးသဖြင့် ပန်းဉယျာဉ်ထဲတွင် မုရုံကုဖန် ရှိနေခြင်းသည် လှပမှု ပို၍ ပြည့်စုံသည်ဟု တုကုရင်း ခံစားလိုက်မိရလေသည် မဟုတ်ပါလော။

မုရုံကုဖန်သည် တုကုရင်းနှင့်ယှဉ်၍ လျှောက်နေရာမှ တုကုရင်းအား တချက်လှမ်း၍ ကြည့်လိုက်ပြီး....

'ရှင့်ကြည့်ရတာ လွန်ခဲ့တဲ့ သုံးရက်ကထက် ပိုပြီး နေကောင်းလာသလိုပဲ'





တုကုရင်းသည် သူ၏မျက်နှာကို တချက်ပွတ်သပ်လိုက်ပြီး....

'နေသား ထိုင်သားတော့ အတော်ကျသွားပါပြီ၊ ဒါနဲ့ ကျွန်တော့်ကို ရုပ်ဖျက်ပေးတဲ့ မျက်လှည့်ဆရာကြီးကို မမြင်ပါလား....'

မုရုံကုဖန်သည် သူမ၏ ဦးခေါင်းကို တချက်ညိတ်လိုက်ပြီး....

'အလုပ်များနေလို့ပါ'

တုကုရင်းသည် မျက်မှောင်တချက် ကြုတ်လိုက်ပြီး....

'ဘယ်သူ့ကိုများ ရုပ်ဖျက်ပေးနေပါလို့လဲ'

ဟု မသိ မသာ မေးလိုက်သည်။

မုရုံကုဖန်သည် တချက်ပြုံးလိုက်ပြီး....

'ဘယ်သူ့ကိုမှ ရုပ်ဖျက်ပေးတာမဟုတ်ဘူး၊ ရုပ်ဖျက်ပညာကို လေ့လာနေလို့ အလုပ်များနေတာပါ'

တုကုရင်းသည် မျက်မှောင်တချက်ကြုတ်ယင်း....

'အင်း ...ကျွန်တော့်ကို ရုပ်ဖျက်ပေးတဲ့ပညာက ပထမအဆင့် မညာဆို'

ဟု မေးလိုက်သည်။

မုရုံကုဖန်သည် သူမ၏ ဦးခေါင်းကို ညိတ်၍ပြယင်း....

'ဟုတ်တယ်လေ ဒါပေမယ့် ဘယ်ပညာမဆို ဆုံးတယ်ရယ်လို့ ရှိမှ မရှိပဲ၊ ဒါကြောင့် ထပ်ပြီး လေ့လာနေတာပါ'

တုကုရင်းသည် တချက် ရယ်မောလိုက်ပြီး....

'ဒီလောက် ပြောင်မြောက်တဲ့ ရုပ်ဖျက်ပညာကို ကျွန်တော် တခါမှ မမြင်ဖူးသေးဘူး၊ ဒီထက်ပိုပြီး ဘာများ ရုပ်ဖျက်ချင်သေးလို့လဲ'

မုရှိုကုဖန်သည် ရုတ်တရက် ပြုံးလိုက်ပြီး....

'တချို့က အသံကြားရုံနဲ့ ရှင်တယ်သူလဲဆိုတာ ပြောနိုင်တယ်'

တုကုရင်းသည် မုရှိုကုဖန်၏ စကားအား သဘောပေါက်ဟန်ဖြင့်....

'ဟုတ်ပြီ ကျွန်တော် သဘောပေါက်ပြီ၊ ကေနွတ္တ မျက်လှည့်ဆရာကြီးက အသံကိုပါ ပြောင်းလဲပစ်ဖို့ လေ့လာနေတာကိုး'

မုရှိုကုဖန်သည် ပြုံး၍ သူမ၏ ဦးခေါင်းကို ညိတ်ယင်း....

'ဟုတ်တယ်'

ဟု ပြောလိုက်လေသည်။

တုကုရင်းသည် နှစ်ခြိုက်စွာ ပြုံးလျက်....

'အင်း.... မျက်နှာနဲ့ အသံပါ ပြောင်းလဲနိုင်ယင် နောက်ထပ် ပြောင်းလဲစရာ မလိုတော့ဘူးပေါ့'

မုရှိုကုဖန်သည် သူမ၏ဦးခေါင်းကို ခါယမ်းလျက် တုကုရင်း၏ မှတ်ချက်ကို ငြင်းဆန်ဟန်ဖြင့်....

'ဟင့်အင်း.... တခုကျန်သေးတယ်'

ဟု ပြောလိုက်လေသည်။

တုကုရင်းသည် စဉ်းစားမရဟန်ဖြင့် မျက်မှောင်တချက်ကြုတ်လိုက်ပြီး....

'ဘာကျန်သေးလို့လဲ'

ဟု မေးလိုက်လေသည်။

မုရှိုကုဖန်သည် တုကုရင်းအား တချက်စိုက်၍ကြည့်လိုက်ပြီး

'မျက်လုံး'

ဟု ဖြည်းညင်းစွာ ပြောလိုက်လေသည်။





တုကုရင်းသည် ရုတ်တရက် အံ့အားသင့်ဟန်ဖြင့် မုရှိုကုဖန်အား မျက်လုံးပြူး၍ ကြည့်လိုက်ပြီး....

'မျက်လုံး....ဟုတ်လား'

ဟု ထပ်မံ၍ မေးလိုက်လေသည်။

မုရှိုကုဖန်သည် တုကုရင်းအား ပြုံး၍ကြည့်ယင်း....

'လူတယောက်က မျက်နှာကို ဘယ်လောက်ပဲ ရုပ်ဖျက်ထားခဲ့ပေမယ့် သူ့ရဲ့ မျက်လုံးကိုပါ ပြောင်းလဲမထားယင် သူနဲ့ ရင်းနှီးတဲ့လူတွေက သူ့ကို မှတ်မိသွားနိုင်တယ်'

တုကုရင်းသည် သူ၏ပခုံးကို တချက်တွန့်လိုက်ပြီး....

'ဒါဆိုယင် မျက်လုံးပါ ကော်ထုတ်ပစ်ရမှာပေါ့'

မုရှိုကုဖန်သည် ပြုံးယင်း....

'မျက်လှည့်ဆရာကြီး စမ်းသပ်နေပါတယ်'

တုကုရင်းသည် သက်ပြင်းတချက် ချလိုက်ယင်း....

'မျက်စိကန်းသွားယင် မခက်ပေဘူးလား'

မုရှိုကုဖန်သည် ညင်သာစွာ ပြုံးလိုက်ပြီး....

'မျက်လုံးဆိုတာ ကိုယ်ခန္ဓာရဲ့ အနုဆုံးအရာပဲ၊ မျက်လုံးကို ပြောင်းလဲဖို့ ဖြစ်နိုင်ပါ့မလားလို့ ကျွန်မစိတ်ထဲမှာ တွေးနေမိတယ်'

တုကုရင်းသည် ပြုံးယင်း....

'မျက်လှည့်ဆရာကြီး ကြိုးစားနေတယ် မဟုတ်လား'

မုရှိုကုဖန်သည် ဦးခေါင်းကို ညိတ်လိုက်ယင်း....

'ဒါပေမယ့် အခုတလော အပျက်အစီး သိပ်များနေတယ်'

တုကုရင်းသည် ရုတ်တရက် ပြုံးလိုက်ပြီး....

'ဒီအချက်ကို မျက်လှည့်ဆရာကြီး မစဉ်းစားမိဘူးလား'

မုရိုကုဖန်သည် ဦးခေါင်းညိတ်ယင်း—

'စမ်းသပ်တိုင်း ပျက်စီးသွားတာ သူလဲသိသားပဲ၊ ဒါပေမယ့် သူဟာ နောက်ဆုတ်မှာမဟုတ်ဘူး'

တုကုရင်းသည် ဦးခေါင်းကို တဆတ်ဆတ်ညိတ်ယင်း—

'အင်း....မျက်လှည့်ဆရာကြီးလဲ အရက်သောက်တတ်တဲ့လူလို ဖြစ်နေပြီ'

မုရိုကုဖန်သည် တုကုရင်းအား မျက်လွှာတချက် ပင့်ကြည့်ယင်း—

'ဘာဖြစ်လို့....'

တုကုရင်းသည် တချက်ရယ်မောလိုက်ပြီး....

'ဩြော်.... ဒီလိုပါ၊ အရက် သောက်တဲ့ လူလိုပဲ၊ အရက် ဘယ်လောက် သောက်သောက်၊ အကျိုး မရှိမှန်း သိပေမယ့် မအောင့်နိုင်တော့ဘူး၊ အရက်ကို စွဲလှမ်းသွားပြီလေ'

ဟု ရှင်းပြလိုက်လေသည်။

မုရိုကုဖန်သည် တုကုရင်း၏ စကားကို သဘောကျဟန်ဖြင့် တဟားဟား ရယ်မောယင်း—

'ဟုတ်တယ်.... ရှင် ပြောတဲ့အတိုင်းပဲ'

ဟု ပြောလိုက်လေတော့သည်။





တုကုရင်းသည်လည်း မုရိုကုဖန်နှင့် အတူ လိုက်၍ ရယ်မောလိုက်လေတော့သည်။ သူတို့နှစ်ဦး၏ရယ်မောသံသည် နံနက်ခင်း၏ နေရောင်ခြည်အောက်၌ ပန်းဥယျာဉ်တခုလုံးပေါ်သို့ လွင့်ပျံ့သွားလေတော့သည်။

× × ×

စိမ်းလဲ့သော မြက်ခင်းပြင်။

သဘာဝ၏ ကတ္တီပါကော်ဇောတချပ်ဟုပင် ထင်မှတ်မှားစေသည့် စိမ်းလဲ့သော မြက်ခင်းပြင်သည် မျက်စိပသာဒ အေးစေသည်။

တုကုရင်းနှင့် မုရိုကုဖန် သည် ပန်းဥယျာဉ်ထဲမှ ထွက်ကာ မြက်ခင်းပေါ်သို့ ရောက်ရှိလာလေသည်။

မုရိုကုဖန်သည် အရောင်အသွေး စုံလင်လှသော ပန်းဥယျာဉ်ကို တချက် လှမ်းကြည့်ယင်း....

'တနှစ် အတွင်း ဒီအချိန်ဟာ ပန်းမာလာမြိုင်ရဲ့ အလှဆုံး အချိန်ပဲ'

တုကုရင်းသည် ဦးခေါင်းကို တဆတ်ဆတ် ညိတ်ယင်း....

'ဒါပေမယ့်... ခင်ဗျားဟာ ပန်းတိုင်းကို စိတ်ဝင်စားပုံ မရဘူး'

မုရှိုကုဖန်သည် ရုတ်တရက် တုကုရင်းအား မျက်လုံးတချက် ဝင့်ကြည့်လိုက်ပြီး....

'ဘာဖြစ်လို့'

တုကုရင်းသည် တချက် ပြုံးလိုက်ပြီး....

'ခင်ဗျား ကြိုက်တတ်တဲ့ ပန်းမျိုးကို ဥယျာဉ်မှူးက တခြားပန်းတွေထက် ပိုပြီး ဂရုစိုက်ပုံ ရလို့ပါ'

မုရှိုကုဖန်သည် ရုတ်တရက် ပြုံးလိုက်ပြီး....

'အင်း....ရှင်ဟာ ကျွန်မ ထင်တာထက်ပိုပြီး ဉာဏ်ရှိပုံရတယ်၊ ကဲ... ပြောစမ်းပါဦး၊ ဘယ်ပန်းမျိုးကို ကျွန်မ စိတ်ဝင်စားလဲလို့'

တုကုရင်းသည် ပြုံးယင်း....

'ပန်းမာလာမြိုင်မှာ ခင်ဗျား သဘောကျတဲ့ ပန်းတမျိုးပဲ ရှိတယ်'

မုရှိုကုဖန်သည် တဟင်းဟင်း ရယ်မောယင်း....

'ဆိုစမ်းပါဦး၊ ဘယ် တမျိုးလဲ'

တုကုရင်းသည် တနေရာကို လက်ညှိုး ညွှန်ပြကာ....

'အဲဒီ ချယ်ရီပန်း အနီပဲ' ဟု ပြောလိုက်လေသည်။

မုရှိုကုဖန်သည် တဟားဟား ရယ်မောယင်း....

'အဲဒီ ချယ်ရီပန်း အနီကို ဥယျာဉ်မှူးက တခြား ပန်းပင်တွေထက် ပိုပြီး ဂရုစိုက်ပုံ မရပါလား'





တုကုရင်းသည် ပြုံးလျက်....

'ဒါပေမယ့် ခင်ဗျား အဲဒီချယ်ရီပန်းအနီကို ပိုပြီးကြိုက်တယ် မဟုတ်လား'

မုရှိုကုဖန်သည် ရယ်မောလိုက်ပြီး....

'ရှင်က.... သေချာပေါက် ပြောနေတာနဲ့ ကျွန်မတောင် ဒီ ချယ်ရီပန်း အနီကို သဘောကျရတော့မလို ဖြစ်နေပြီ'

တုကုရင်းသည် ရုတ်တရက် မျက်နှာထားကို တည်ကြည် လိုက်ပြီး....

'ကျွန်တော် သေချာပေါက် ပြောနေတာ မဟုတ်ပါဘူး၊ ပြောတဲ့လူ ရှိလို့ပါ'

မုရှိုကုဖန်သည် မျက်မှောင် တချက် လှုပ်စွာ ကြုတ်လိုက်ယင်း....

'ဘယ်သူကများ မဟုတ်တန်းစွဲ ပြောနေပါလိမ့်'

တုကုရင်းသည် သက်ပြင်း တချက်ကို မသိမသာ ကလေး ပင့်သက် ရှူလိုက်ပြီး-

'ကျောက်စိမ်းဖရဲသီးက ပြောတာပါ'

ဟု လေးနက်စွာ ပြောလိုက်လေသည်။

မုရှိုကုဖန်၏ မျက်နှာသည် ရုတ်တရက် တချက် ပျက်သွားပြီး တုကုရင်းအား အတန်ကြာအောင် စိုက်၍ ကြည့်နေလိုက်သည်။

ပြီးမှ....

တဟားဟားဖြင့် ရယ်သွမ်း သွေးလိုက် လေတော့သည်။

× × ×

မုရိုကုဖန်သည် အတန်ကြာအောင် ရယ်မော၍နေလေသည်။

ပြီးမှ....

'အင်း....ရှင်လဲ ဒီအကြောင်း သတိထားမိသားပဲ'

ဟု ပြောလိုက်လေသည်။

တုကုရင်းသည် ပြုံးလိုက်ပြီး-

'သိုင်းလောက တခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့တာပဲ၊ ပြီးတော့ အဲဒီ ထူးဆန်းတဲ့ ချယ်ရီနီကို ကျွန်တော် စိတ်ဝင်စားမိခဲ့တယ်'

မုရိုကုဖန်သည် ဘာမျှမပြောပဲ တုကုရင်းအား ပြုံး၍ကြည့်နေလေသည်။

တုကုရင်းသည် မုရိုကုဖန်အား ပြုံး၍ကြည့်ယင်း

'ဟုတ်တယ်လေ၊ ကျောက်စိမ်း ဖရဲသီးကို မခိုးမီ ချယ်ရီနီ ကတ်ပြား ပို့ခဲ့တာတင်ပဲ စိတ်ဝင်စားဖို့ ကောင်းနေပြီ၊ ပြီးတော့ ချယ်ရီနီ ကတ်ပြားပေါ်မှာ ကျောက်စိမ်း ဖရဲသီးလို့ စာရေးခဲ့တာကလဲ ထူးဆန်းနေတယ်၊ နောက်ပြီး ဒီလောက် နေ့ညမပြတ်





အစောင့်တွေ ချထားတဲ့ကြားက ရအောင် ခိုးယူခဲ့တာဟာပိုပြီး စိတ် ဝင် စားစရာ ဖြစ်မနေ ပေဘူးလား၊ စိတ် ဝင် စား စရာ အကောင်းဆုံးကတော့ ကျောက်စိမ်းဖရဲသီးဟာ ပြိုင်ဘက်ကင်းတဲ့ အတွဲမဲ့ ကျောက်စိမ်း ဖရဲသီး ဖြစ်နေလို့ပေါ့'

မုရိုကုဖန်သည် သဘောကျစွာ တချက် ရယ်မောယင်း

'ရှင်ဟာ ကျနိုမထင်တာထက်ပိုပြီး ဉာဏ်ကောင်းပုံရတယ်' ဟု ချီးမွမ်း လိုက်လေသည်။

တုကုရင်းသည် သူ၏ ဦးခေါင်းကို တချက် ခါယမ်းယင်း....

'ဒါပေမယ့် ခင်ဗျား ထင်တာထက် ကျွန်တော် ဉာဏ်တုံးတာ ရှိသေးတယ်'

မုရိုကုဖန်သည် သူမ၏ မျက်လုံးကို လှပစွာ ဝိုင်းစက်၍ သွားပြီး....

'ဟုတ်လား၊ ဘယ်နေရာများမှာပါလိမ့်'

တုကုရင်းသည် မဲ့ပြုံးကလေး ပြုံးလိုက်ပြီး....

'မျက်လှည့် ဆရာကြီးရဲ့ ရုပ်ဖျက်ပညာရယ်၊ ခင်ဗျားရဲ့ သိုင်းပညာရယ်၊ ပေါင်းစပ်ပြီးကျောက်စိမ်း ဖရဲသီးကို ခိုးယူခဲ့သလိုဘာဖြစ်လို့ ပိုင်ပင်းကို လုယူဖို့ မကြံစည်တာလဲလို့'

မုရိုကုဖန်သည် ရုတ်တရက် တဟား ဟား ရယ်မောလိုက်ပြီး

'ကျွန်မ အတွဲမဲ့ ရတနာဆယ့်ကိုးမျိုးကို ယူခဲ့တာမှာ တခုနဲ့တခု နည်းလမ်း မတူဘူး'

တုကုရင်းသည် ပြုံးလျက်

'ဒါပေမယ့် တခါတလေတော့ အသုံးပြုပြီးသား နည်းလမ်းကို ပြန်ပြီးသုံးယင် ကောင်းတာပဲ မဟုတ်လား'

မုရုံကုဖန်သည် ခနဲ့တဲ့တဲ့ အပြုံးကလေး ပြုံးလိုက်ပြီး....

'ပိုင်လိုရိုဆိုတဲ့လူနဲ့ ပတ်သက်ပြီး ရှင် ဘယ်လောက် သိထားသလဲ' ဟု ရုတ်တရက် မေးလိုက်လေသည်။

တုကုရင်းသည် ရုတ်တရက် ငွေ့ဝေသွားလေတော့သည်။

သူသည် ပိုင်လိုရိုအကြောင်းကို အနည်းငယ်မျှသာ သိထားသည် မဟုတ်ပါလော။

ထို့ကြောင့် သူသည် သူ၏ နှုတ်ခမ်းကို မဲ့လျက် ပခုံးတွန့်ပြလိုက်လေတော့သည်။ မုရုံကုဖန်သည် တချက်ပြုံးလိုက်ပြီး—

'ပိုင်လိုရိုမှာ ပိုင်ပင်းဆိုတဲ့ သမီးအပြင် နောက်ထပ် ပစ္စည်းတခု ရှိသေးတယ်'

ထိုစကားကြောင့် တုကုရင်း၏ မျက်လုံးများသည် ဝင်းလက်၍ သွားပြီး....

'ဘာပစ္စည်းများပါလိမ့်'

ဟု မေးလိုက်မိလေသည်။

မုရုံကုဖန်သည် သက်ပြင်းတချက်ကို လေးတွဲ့စွာ ချလိုက်ပြီး

'အတွဲ့မှဲ့မှတ်တမ်း'

ဟု ဖြည်းညင်းစွာ ပြောလိုက်လေသည်။

တုကုရင်းသည် မုရုံကုဖန်၏ စကားအား နားမလည်စွာဖြင့် မုရုံကုဖန်ကို ငေး၍ ကြည့်လိုက်ပြီး....

'အတွဲ့မှဲ့မှတ်တမ်း ဟုတ်လား'

ဟု ထပ်မံ မေးလိုက်မိလေသည်။

မုရုံကုဖန်သည် သူမ၏ ဦးခေါင်းကို ညိတ်ယင်း....





'ဟုတ်တယ် အတွဲ့မှဲ့မှတ်တမ်းပဲ'

ဟု ပြန်ပြောလိုက်လေသည်။

တုကုရင်းသည် နားမလည်ဟန်ဖြင့် သူ့ရဲ့ ဦးခေါင်းကို ဗယ်ညာ ခါယမ်းလိုက်ပြီး....

'အတွဲ့မှဲ့မှတ်တမ်းဆိုတာ ဘာလဲ'

ဟု မေးလိုက်လေသည်။

မုရုံကုဖန်သည် သူမ၏ ဦးခေါင်းကို တချက် ခါယမ်းလိုက်ပြီး....

'ကျွန်မလဲသိပ်မရှင်းဘူး၊ ဒါပေမယ့် ကျွန်မ သိထားတာ တခုတော့ ရှိတယ်'

တုကုရင်းသည် မုရုံကုဖန်အား တချက် စိုက်ကြည့်ယင်း....

'ဘာများလဲ'

ဟု မေးလိုက်လေသည်။

မုရုံကုဖန်သည် တချက်ပြုံးလိုက်ပြီး....

'ပိုင်လိုရိုက အဲဒီအတွဲ့မှဲ့ မှတ်တမ်းအတွက် ငွေကြေးအကုန်အကျခံပြီး အနောက်နိုင်ငံက နာမည်ကျော် လက်သမား(၁၇) ဦးကို ခေါ်ယူခဲ့တယ်၊ ပြီးတော့ လျှို့ဝှက်တဲ့ အခန်းတခုကို ဆောက်လုပ်ခိုင်းခဲ့တယ်၊ နောက်ပြီး အဲဒီ လျှို့ဝှက် အခန်းမှာ အင်မတန် ကြောက်စရာကောင်းတဲ့ ထောင်ချောက် (၁၂)ခုကို ပြုလုပ်စေခဲ့တယ်'

တုကုရင်းသည် 'ဝူး'ကနဲ သက်ပြင်း မှုတ်ထုတ်ယင်း....

'ဒါဆိုယင် အဲဒီအတွဲမှဲမှတ်တမ်းဟာတော်ရုံတန်ရုံ မှတ်တမ်းမျိုးတော့ မဟုတ်နိုင်ဘူး ထင်တယ်'
ဟု ပြောလိုက်လေသည်။

မုရုံကုဖန်သည် သူမ၏ ဦးခေါင်းကို တချက်ညိတ်ယင်း....

'အဲဒါကိုက အတွဲမှဲမှတ်တမ်းရဲ့ လျှို့ဝှက်ချက်ပဲ၊ ဒါကြောင့် အဲဒါဟာလဲ အတွဲမှဲ ရတနာတပါးလို့ သတ်မှတ်ရမှာပေါ့'

တုကုရင်းသည် ရုတ်တရက် တစုံတရာအား သတိရဟန်ဖြင့်

'ခင်ဗျားက ဒီသတင်းကို ဘယ်ကရတာလဲ'
ဟု မေးလိုက်လေသည်။

မုရုံကုဖန်သည် တချက်ပြုံးလိုက်ပြီး....

'အဲဒီ လျှို့ဝှက်ခန်းကို ဆောက်ခဲ့တဲ့ လက်သမားဆီကပဲ၊ ဒါပေမယ့် သူဟာ သတင်းကို ပြည့်ပြည့် စုံစုံ မပေးနိုင်ခဲ့ဘူး'

တုကုရင်းသည် မျက်မှောင်ကြုတ်ယင်း....

'ဘာဖြစ်လို့'

မုရုံကုဖန်သည် သက်ပြင်းတချက် မှုတ်ထုတ်လိုက်ပြီး....

'ယစ်ထုပ်ကြီး ဖြစ်နေပြီ၊ အချိန်ရှိသရွေ့ မူးနေခဲ့တယ်လေ၊ နောက် မကြာခင်မှာပဲ သူ့ကို ဘယ်မှာမှ ရှာလို့မတွေ့အောင် ပျောက်သွားခဲ့တယ်'

တုကုရင်းသည် သက်ပြင်းတချက် မှုတ်ထုတ်လိုက်ယင်း....

'ဦး၊ ဒါနဲ့ နောက်ကျန်တဲ့လက်သမား ဆယ့်ခြောက်ယောက်ကို ခင်ဗျား လိုက်မရှာခဲ့ဘူးလား'

မုရုံကုဖန်သည် တချက်ပြုံးလိုက်ပြီး....





'သူတို့ဟာ လျှို့ဝှက်အခန်းဆောက်ပြီးတာနဲ့ သူတို့ရဲ့ ဌာနေကို ပြန်သွားတယ်၊ ဒါပေမယ့် သူတို့ဟာ လမ်းခရီး တဝက်မှာတင် ပျောက်ဆုံးသွားခဲ့တယ်'

တုကုရင်းသည် စိတ်ပျက် လက်ပျက်ဖြင့် သက်ပြင်းရှည်ကြီး တချက် မှုတ်ထုတ် လိုက်လေတော့သည်။ ပြီးမှ....

'အင်း....ဒီတခါ ခင်ဗျားရဲ့အကြံအစည်ထဲမှာ ပိုင်ပင်းအပြင် အတွဲမှဲ မှတ်တမ်းလဲ ပါတယ် ထင်တယ်'
ဟု ပြောလိုက်လေသည်။

မုရုံကုဖန်သည် သူမ၏ဦးခေါင်းကို ညိတ်လိုက်ပြီး....

'အင်း....ဒါပေမယ့် ပိုင်ပင်းကို အဓိကထားတယ်'

သူမသည် ထိုသို့ပြောလိုက်ပြီးနောက် ရုတ်တရက် တချက် ရယ်မောလိုက်ကာ....

'ပိုင်ပင်း....တို့လက်ထဲ ရောက်လာယင် အတွဲမှဲ မှတ်တမ်းလဲ ရောက်လာရမှာပေါ့'
ဟု ပြောလိုက်လေသည်။

တုကုရင်းသည် မုရုံကုဖန်နှင့် ရော၍ ရယ်မောယင်း....

'ဒါနဲ့ ကျွန်တော်တို့ လုပ်ငန်းစဖို့ အချိန်ကျပြီလား'
ဟု မေးလိုက်လေသည်။

မုရုံကုဖန်သည် သူမ၏ဦးခေါင်းကို ညိတ်လိုက်ယင်း....

'ပိုင်လိုရီတို့ သားအဖ ခရီးထွက်တဲ့ အချိန်ဟာ တို့အတွက် အခွင့်အရေးပဲ မဟုတ်လား'

တုကုရင်းသည် သူ၏နှုတ်ခမ်းကို တွန့်၍ တချက် ပြုံးလိုက်ယင်း....

'ဒါပေမယ့် ဆင့်ဆင့်အိက သူတို့သားအဖနဲ့ အတူ ပါလာမယ်လို့ သတင်းရထားတယ် မဟုတ်လား'

မုရိုကုဖန်သည် တချက်ရယ်မောလိုက်ပြီး....

'လှယ်လှယ်နဲ့ရတဲ့ ပစ္စည်းဟာ ဘယ်မှာ တန်ဖိုးရှိတော့မှာလဲ'

ဟု ပြောလိုက်လေသည်။

တုကုရင်းသည် သဘောကျစွာ တဟားဟားဖြင့် ရယ်မောလိုက်ပြီး....

'ကောင်းပါတယ်၊ ဒါမှလဲ ဆင့်ဆင့်အိရဲ့ခေါးကို ကျွန်တော်မြည်းနိုင်မှာပေါ့'

မုရိုကုဖန်သည် ပြုံးယင်း....

'အင်မတန် စိတ်ဝင်စားစရာ ကောင်းတဲ့ တိုက်ပွဲလေးတခု ဖြစ်လာမှာပေါ့'

ဟု ပြောလိုက်လေသည်။

တုကုရင်းသည် သူ၏လက်ဝါးကို မုရိုကုဖန်ရှေ့၌ ဖြန့်လိုက်ယင်း....

'ဆင့်ဆင့်အိဟာ နာမည်ကြီး တယောက်ပဲ....၊ ဒီတော့... ကျွန်တော်လဲ နည်းနည်းပါးပါး ပြန်ပြီး လေ့ကျင့်ထားသင့်တယ် ထင်တယ်'

မုရိုကုဖန်သည် ပြုံးလျက်....

'စိတ်ချပါ၊ ကျွန်မ ရှင့်အတွက် ခေါးတချောင်း စီစဉ်ထားပါတယ်'

တုကုရင်းသည် ရုတ်တရက် မျက်မှောင်တချက် ကြုတ်လိုက်ယင်း....





'ကျွန်တော့်အတွက် ခေါး စီစဉ်ထားတယ် ဟုတ်လား'

ဟု မေးလိုက်လေသည်။

မုရိုကုဖန်သည် သူမ၏ဦးခေါင်းကို တချက် ညိတ်လိုက်ပြီး....

'ဟုတ်တယ်၊ ကျွန်မ ခဏနေယင် ပို့ခိုင်းလိုက်မယ်'

တုကုရင်းသည် မုရိုကုဖန်အား တချက် ကြည့်လိုက်ပြီး....

'ဟို....ကျွန်တော့် ခေါးရော'

ဟု မေးလိုက်လေသည်။

မုရိုကုဖန်သည် ပြုံးလိုက်ပြီး....

'ရှင့် ခေါးကို ရှင့် ပြန်ပေးလိုက်ယင် ရှင့်ကို သေတွင်းထဲ ပို့လိုက်တာနဲ့ အတူတူပဲပေါ့၊ ဘာလို့ အပင်ပန်း ခံတော့မလဲ၊ ဒီမှာပဲ ရှင့်ကို သတ်ပစ်လိုက်မှာပေါ့'

တုကုရင်းသည် မျက်မှောင်တချက် ကြုတ်လိုက်ပြီး နားမလည်ဟန်ဖြင့်....

'ဘာကို ဆိုလိုတာလဲ ဆိုတာ နားမလည်ဘူး'

မုရိုကုဖန်သည် တချက်ပြုံးလိုက်ပြီး....

'ရှင့်ရဲ့ သံကြိုးကွင်းနဲ့ ခေါးကို တွေ့တာနဲ့ ရှင်ဟာ တုကုရင်းပဲ ဆိုတာ သိသွားတော့မှာပေါ့'

တုကုရင်းသည် စိတ်ပျက် လက်ပျက် ဟန်ဖြင့် သက်ပြင်းတချက် မှုတ်ထုတ်လိုက်ပြီး....

'အင်း.... ဆင့်ဆင့်အိနဲ့ ရင်ဆိုင် တဲ့ အခါ သံကြိုးကွင်းနဲ့ ခေါးလောက် ခင်ဗျားရဲ့ ခေါးက ကောင်းပါ့မလား'

မုရိုကုဖန်သည် နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး....

'သိပ်လဲ စိတ်မပူပါနဲ့၊ ရှင့်ရဲ့ ဓားကို ကတ္တီပါအိတ်နဲ့ထည့်ပြီး ရှင့်ရဲ့ အင်္ကျီအောက်မှာ ဝှက်ထားနိုင်အောင် ကျွန်မ စီစဉ်ထားပါတယ်'

တုကုရင်းသည် မုရုံကုဖန်၏ အကြံဉာဏ်ကို သဘောကျဟန်ဖြင့် ရယ်မောလိုက်ပြီး....

'ဒါဆို....ကျွန်တော်ဟာ ခင်ဗျားအတွက် တာဝန် ကျေပွန်စွာ ထမ်းဆောင် နိုင်မှာပေါ့'

ဟု ပြောလိုက်လေသည်။

မုရုံကုဖန်သည် သူမ၏ လက်ညှိုး တချောင်းကို ထောင်ပြယင်း....

'ဒါပေမယ့် ရှင် တခုတော့ သတိထားရလိမ့်မယ်'

တုကုရင်းသည် မျက်မှောင် တချက် ကြုတ်လိုက်ပြီး--

'ဘာကို သတိထားရမှာလဲ'

မုရုံကုဖန်သည် တချက်ပြုံးလိုက်ပြီး....

'ဆင့်ဆင့်အိမ်နဲ့ ရင်ဆိုင်တဲ့အခါမှာ ရှင့်ရဲ့ ဓားကို သုံးရမယ်ဆိုတဲ့ အချက်ပဲ'

ဟု ပြောလိုက်လေသည်။

တုကုရင်းသည် တဟားဟား ရယ်မောလိုက်ပြီး....

'စိတ်ချ၊ ကျွန်တော့်ရဲ့ ဓားနဲ့ပဲ ဆင့်ဆင့်အိကို လူ့လောကကြီးထဲက နှင်ထုတ်လိုက်မယ်'

ဟု ပြောလိုက်လေသည်။

☆



ပျော်စရာ သစ်တော

ညနေချိန် ဖြစ်သည်။
နေရောင်ခြည်သည် ကောင်းကင်၌ ဖြန့်ကျက်နေဆဲဖြစ်သည်။
သို့သော် ကောင်းကင်၌ လ ထွက်နေပြီ ဖြစ်သည်။

× × ×

အေးစိမ့်သော လေသည် တဟူးဟူး တိုက်ခတ်လျက်ရှိသည်။
ညောင်ပင် တောတန်းတလျှောက် ညောင်ရွက် လှုပ်ခတ်သံများသည် ထွက်ပေါ်လျက် ရှိသည်။

ထိုညောင်ပင် တောအုပ်တလျှောက် မြင်းနှစ်စီးသည် ပြေးလွှားနေပေသည်။

မြင်းနှစ်စီးသည် ရှေ့ဆင့် နောက်ဆင့် ပြေးလွှားနေသည်။

ပထမ မြင်းပေါ်မှ လူသည် အဖြူရောင် အဝတ်အစားများ ဝတ်ဆင်ထားပြီး ဦးခေါင်း၌ ပဝါဖြူတထည် စည်းနှောင်ထားလေသည်။ ထိုပဝါဖြူသည် လေထဲ၌ တဖျပ်ဖျပ် လူးလွန့်နေလေသည်။

ထိုလူသည် သိုင်းလောက၌ ငွေဓားသိုင်းသမားဟု ကျော်ကြားသော 'ဆင့်ဆင့်အိ'ပင် ဖြစ်သည်။

× ×

ဒုတိယမြင်းပေါ်မှ လူသည် ငယ်ရွယ်နုပျိုသော မိန်းကလေးတဦး ဖြစ်ပါသည်။ သူမသည် ကြက်သွေးရောင်ဝတ်စုံကို ဝတ်ဆင်ထားသဖြင့် သူမ၏ အလှသည် ပို၍ ပေါ်လွင်နေပေသည်။

ဆင့်ဆင့်အိသည် သူမကဲ့သို့ လှပသော အလှမျိုးကို သူ၏ တသက်တာတွင် တခါမျှ မြင်ဖူးခြင်း မရှိခဲ့ချေ။ ထို့ကြောင့် သူမအား လောကတွင် ပြိုင်ဘက်ကင်းသော မိန်းကလေးဟု ပြောသည့် စကားကို ဆင့်ဆင့်အိ လက်ခံမိပေသည်။

6





ထိုမိန်းကလေးသည်ကား အခြားသူ မဟုတ်ချေ။

သူမသည် ပိုင်လိုရို၏ သမီး 'ပိုင်ပင်း'ပင် ဖြစ်ပါသည်။

× × ×

ဆင့်ဆင့်အိသည် ယခုကဲ့သို့ ညနေ ဆည်းဆာတွင် မြင်းစီးတိုင်း စိတ်ထဲ၌ ကြည်နူးခဲ့မိသည်။ သို့သော် ယခု အကြိမ်သည် တမူထူးခြား၍ နေပေသည်။

ဤသည်မှာ သူနှင့်အတူ ပိုင်ပင်း ရှိနေခြင်းကြောင့် ဖြစ်ပေလိမ့်မည်။

× × ×

ရေလှိုင်းသည် ကမ်းပါးကို ရိုက်ခတ်သည်။

သူတော်စင်တဦး မဟုတ်သော ဆင့်ဆင့်အိ၏ အသည်းကမ်းပါးကို ပိုင်ပင်းဟူသော ရေလှိုင်းသည် မရိုက်ခတ်ခဲ့ပါဟု မည်သူမျှ မပြောနိုင်ပါ။

သို့သော် လူ့စည်း ဘီလူးစည်းအရ ဆင့်ဆင့်အိသည် ပိုင်ပင်းအား ညီမလေးတဦးသဖွယ် သဘောထားခဲ့သည်မှာ အမှန်ပင် ဖြစ်ပါသည်။

ဤသို့ဆိုလျှင် ပိုင်ပင်း၏စိတ်ထဲ၌ ဆင့်ဆင့်အိအပေါ် မည်သို့ သဘောထား နေပါမည်နည်း။

× × ×

ပိုင်ပင်းသည် လေကိုဆန်၍ သူမ၏မြင်းအား အပြင်းနှင် နေသည်။

သူမ၏ ရယ်မောသံသည် ဝန်းကျင်တဝိုက်၌ လွင့်ပျံ၍ နေလေသည်။ သူမ၏ဘဝတွင် တခါမျှ ယခုကဲ့သို့ ပျော်ရွှင်မှုကို မခံစားခဲ့ရချေ။ ယခုအကြိမ်သည် သူမအတွက် ပထမဆုံးအကြိမ် လောကကြီးနှင့် တွေ့ထိရခြင်းပင် ဖြစ်သည်။

အရာရာတိုင်းသည် သူမအတွက် အတွေ့သစ်၊ အမြင်သစ် များ ဖြစ်၍ နေပေသည်။ သူမသည် ပျော်ရွှင်၍ နေခြင်းပေ လော။ သို့တည်းမဟုတ် သူမ၏အနားတွင် ဆင့်ဆင့်အိ ရှိနေ ခြင်းကြောင့်ပေလော။

မည်သို့ပင် ဖြစ်ပါစေ ပိုင်ပင်းသည် တကြိမ်တခါမျှ မခံစား ခဲ့ရဖူးသော ပျော်ရွှင်မှုမျိုးကို ခံစားနေရသည်။





လှောင်ချိုင့်ထဲမှ ငှက်ကလေးသည် မိုးကောင်းကင်ယံသို့ ပျံရသောအခါ မည်ကဲ့သို့ ခံစားရမည်နည်း။

× × ×

ဆင့်ဆင့်အိသည် မြင်းကိုအပြင်းမောင်းနှင်နေရာမှ ခပ်မှန်မှန် နှင်လိုက်ယင်း နောက်သို့လှည့်ကာ ပိုင်ပင်းအား လှမ်း၍....

'မိုးချုပ်တော့မယ် မြန်ရအောင်'

ဟု ပြောလိုက်လေသည်။

ပိုင်ပင်းသည် သူမ၏မြင်းကို ဆင့်ဆင့်အိနှင့် ယှဉ်၍စီးယင်း....

'မြန်တော့မလို့လား အစ်ကိုကြီး'

ဟု ပြန်၍ မေးလိုက်လေသည်။

ဆင့်ဆင့်အိက ဦးခေါင်းကို တချက်ညိတ်ယင်း—

'ထွက်လာတာ ကြာပြီပဲ၊ မင်းအဖေ မျှော်နေရောပေါ့'

ပိုင်ပင်းသည် လှပစွာ နှာခေါင်းတချက် ရှုံ့လိုက်ပြီး....

'ဟန်း.... အခုအချိန်ဆို အဖေဟာ ဖဲဝိုင်းမှာ သူ့နာမည် တောင် သူ မေ့နေရောပေါ့'

ဆင့်ဆင့်အိသည် တချက်ပြုံးလိုက်ပြီး....

'မင်းအဖေက ဖဲဝိုင်းမှာ သူ့နာမည်ကို သူ မေ့ချင်မေ့မယ်၊ မင်းကိုတော့ မေ့မှာမဟုတ်ဘူး'

ပိုင်ပင်းသည် နှုတ်ခမ်းမဲ့၍ တချက်ပြုံးလိုက်ပြီး....

'အစ်ကိုကြီး ထင်လို့ပါ'

'ထင်တာမဟုတ်ဘူး၊ မင်းက မင်းအဖေရဲ့ အချစ်ဆုံး သမီး မဟုတ်လား'

'သူ့ရဲ့ အချစ်ဆုံးသမီး ဖြစ်ရတာ မကောင်းပါဘူး'

'ဟ ဘာဖြစ်လို့ မကောင်းရမှာလဲ'

'သူ ချစ်တာက လှောင်ချိုင့်ထဲမှာ ငှက်ကလေး ထည့်ထား သလို ထားပြီး ချစ်တာပဲ'

ဆင့်ဆင့်အိသည် တချက် ရယ်မောယင်း....

'ဒါက မင်းအတွက်ပဲ၊ မိန်းကလေးဆိုတာ အနေအထိုင်က အစ ဆင်ခြင်ရတာ၊ မင်းလို လှတဲ့ မိန်းကလေးဆိုယင် ပိုပြီးတော့ သတိထားရတယ်'

ပိုင်ပင်းသည် မကျေနပ်ဟန်ဖြင့် လှပစွာ မျက်မှောင်တချက် ကြုတ်လိုက်ယင်း....

'အင်း....အစ်ကိုကြီးတို့ပြောတော့ သိုင်းလောကထဲက လူ တွေဟာဘယ်လောက်ဆိုးပြီး ဘယ်လောက်မိုက်တယ်ဆိုဆို၊ အခု အချိန် အထိ ကျွန်မတွေ့သမျှကတော့ မကောင်းတဲ့လူ မရှိသေး ပါဘူး'

ဆင့်ဆင့်အိသည် တချက်ရယ်လျက်—

'မင်းတွေ့တဲ့ လူတွေက မင်းအဖေ သူငယ်ချင်းနဲ့ ငါ့ရဲ့ သူငယ်ချင်းတွေကိုး'





ပိုင်ပင်းသည် ဘာမျှ ပြန်လည်၍မပြောပဲ ပတ်ဝန်းကျင်အား တချက်ငေး၍ ကြည့်လိုက်သည်။ ထို့နောက် ဆင့်ဆင့်အိအား အတန်ကြာအောင် စိုက်ကြည့်လိုက်ပြီး၊ ရုတ်တရက်....

'အစ်ကိုကြီး'

ဟု ခေါ်လိုက်သည်။

ဆင့်ဆင့်အိသည် ပိုင်ပင်းအား တချက်ကြည့်ယင်း....

'အင်း'

ဟု ထူးလိုက်သည်။

ပိုင်ပင်းသည် လှစ်ကနဲ တချက်ပြုံးလိုက်ပြီး....

'ကျွန်မ သိပ်လှတယ်ဆိုတာ ဟုတ်လား'

ဟု မဆီမဆိုင် မေးလိုက်လေသည်။

ဆင့်ဆင့်အိသည် ပြုံးလိုက်ပြီး—

'ဟုတ်တယ်'

ပိုင်ပင်းသည် နှုတ်ခမ်းတချက် စူလိုက်ပြီး....

'ညာတာ'

ဆင့်ဆင့်အိသည် သူ၏ မျက်ခုံးမွေးကို ပင့်တင်ယင်း....

'လူတိုင်း ဒီလို ပြောကြတာပဲ၊ သူတို့ ညာနေကြလို့လား'

ပိုင်ပင်းသည် ဆင့်ဆင့်အိကို မျက်တောင်မခတ်ပဲ စိုက်၍ ကြည့်ယင်း....

'လူတိုင်းက ကျွန်မကို သိပ်လှတယ်၊ ချစ်စရာကောင်းတယ် လို့ ပြောကြတယ်'

ဆင့်ဆင့်အိသည် ဦးခေါင်းကို ညိတ်လျက်....

'အင်း....ဒါမှန်တာပဲ'

'ဒါဖြင့် အစ်ကိုကြီးက ကျွန်မကို ဘာလို့သဘောမကျတာလဲ'

ဆင့်ဆင့်အိ၏ ပါးစပ် ပိတ်၍ သွားလေတော့သည်။ အတန်ကြာမှ ဆင့်ဆင့်အိသည် သက်ပြင်းတချက်ကို ပိုင်ပင်းမရိပ်မိအောင် ချလိုက်ပြီး....

'ငါ ဒီလို ပြောခဲ့ဖူးလို့လား'

ပိုင်ပင်းသည် ပြုံးလိုက်ပြီး....

'အစ်ကိုကြီးက ကျွန်မကို ညီမလေးလို သဘောထားခဲ့တယ် မဟုတ်လား'

'ငါက မင်းထက် အသက်ကြီးတာပဲ၊ ညီမလေးလို သဘောမထားလို့ အစ်မကြီးလို သဘောထားရမှာလား'

ပိုင်ပင်းသည် နှုတ်ခမ်းတချက် စူလိုက်ပြီး....

'အဖေ့လိုပဲ မုန်းစရာကောင်းတယ်၊ ကျွန်မပြောတာက'

သူမသည် သူမ၏ စကားကို တဝက်တပျက်နှင့် ရပ်တန့်ထားလိုက်လေသည်။ သို့သော် သူမ၏ မျက်နှာပေါ်တွင် ပန်းနုရောင် ယှက်သမ်း၍ သွားလေတော့သည်။ ဆင့်ဆင့်အိသည် ကျိတ်၍ သက်ပြင်းချယင်း....

'မိုးချုပ်တော့မယ် ပြီးတော့ ငါလဲ ဆာလှပြီ'

ဟု ပြော၍ စကားစ ဖြတ်လိုက်လေတော့သည်။





အကယ်၍ သူတို့သည် ဆက်လက်၍ စကားပြောကြဦးမည်ဆိုလျှင်....

× × ×

လက်ဖက်ရည်ဆိုင်။

ကြီးမားသည့်ဆိုင် မဟုတ်ပါ။ လမ်းဘေး၌ရှိသော ဆိုင်သေးသေးတဆိုင်သာ ဖြစ်ပါသည်။ ထိုဆိုင်သည် ညောင်ပင်တောတန်း၏ အဆုံးတွင် ရှိနေသည်။

လက်ဖက်ရည် သောက်နေသောသူ တယောက်မျှ မရှိပါ။ ဤအချိန်၌ လက်ဖက်ရည်သောက်မည့်သူလည်း ရှိမည် မဟုတ်ပါ။

သို့တိုင်အောင် ယင်းလက်ဖက်ရည်ဆိုင်သည် ယခုအချိန်အထိ ဖွင့်ထားဆဲ ဖြစ်သည်။ ဆိုင်ထဲမှ မှေးမှိန်သော မီးရောင်သည် ဆိုင်အပြင်သို့ ဖြာကျ၍ နေလေသည်။

ဆိုင်အတွင်း၌ ဆိုင်ရှင်ဖြစ်ဟန်တူသော အဘိုးအိုတယောက်သည် ခွေးခြေတလုံးပေါ်တွင် ထိုင်လျက်ရှိသည်။

သူသည် တစုံတယောက်အား စောင့်မျှော်နေဟန်ဖြင့် ဆိုင်အပြင်ဘက်သို့ မကြာခဏ ကြည့်၍နေလေသည်။ ထိုဆိုင်ရှင်အဘိုးအိုသည် မည်သူ့အား စောင့်မျှော်နေသနည်း။

× × ×

အဝေးမှ မြင်းခွာသံသဲ့သဲ့ ထွက်ပေါ်လာလေသည်။ ယင်းအသံ ကြားလိုက်သည်နှင့် အဘိုးအို၏ ဦးခေါင်း ထောင်၍လာ၏။ ထို့နောက် အသံကြားရာသို့ စူးစိုက်၍ ကြည့်နေလေသည်။

မြင်းခွာသံများသည် တစထက်တစ နီးကပ်လာပြီဖြစ်သည်။

အတန်ကြာသောအခါ အဘိုးအို၏ မြင်ကွင်းထဲသို့ မြင်းနှစ်စီး ဝင်ရောက်လာလေတော့သည်။

အဘိုးအိုသည် ထိုင်ရာမှ ဖြည်းညင်းစွာ ထလိုက်ပြီး ဆိုင်အပြင်သို့ထွက်၍ ရပ်လိုက်လေသည်။ ထိုအချိန်တွင် မြင်းနှစ်စီးသည် အဘိုးအို၏ ဆိုင်ရှေ့သို့ ရောက်ရှိလာပြီဖြစ်သည်။

အဘိုးအိုသည် နှစ်လိုဖွယ်ရာ အပြုံး တချက် ပြုံးလိုက်ယင်း မြင်းစီးလာသော လူနှစ်ယောက်အား လှမ်း၍....

'ဆင့်သခင်လေးနဲ့ ပိုင်ပင်းသခင်မ မဟုတ်လား'

ဟု မေးလိုက်လေသည်။

ဆင့်ဆင့်အိသည် ရုတ်တရက် မျက်မှောင် ကြုတ်သွားပြီး....





'အဘိုးက ဘယ်သူလဲ'

ဟု ပြန်မေးလိုက်လေသည်။

အဘိုးအိုသည် ပြုံးလိုက်ပြီး....

'ဒီ လက်ဖက်ရည်ဆိုင်ပိုင်ရှင် ချောင်ပါ'

ပိုင်ပင်းသည် မျက်မှောင်လေးတချက်ကြုတ်ယင်း....

'ဒီအချိန်ဟာ လက်ဖက်ရည်သောက်တဲ့အချိန် မဟုတ်တော့ဘူးလို့ ကျွန်မထင်တယ်'

ဟု ပြောလိုက်လေသည်။

ချောင်အဘိုးအိုသည် ပြုံးလျက် ဦးခေါင်းကို ညိတ်ယင်း....

'မှန်ပါတယ်၊ အဘိုးကလဲ လက်ဖက်ရည်သောက်ဖို့ မဖိတ်ခေါ်ပါဘူး'

ဆင့်ဆင့်အိသည် ရုတ်တရက် ပြုံးလိုက်ပြီး....

'လက်ဖက်ရည် သောက်မယ့်သူ မရှိပဲ ဆိုင်ဖွင့်ထားတာ အကြောင်းရှိလို့လား'

ချောင်အဘိုးအိုသည် ဦးခေါင်းညိတ်လိုက်ပြီး....

'ဟုတ်ပါတယ်'

ဆင့်ဆင့်အိသည် ပြုံးလျက်

'ကျွန်တော်တို့နဲ့များ သက်ဆိုင်နေသလား မသိဘူး'

ချောင်အဘိုးအိုသည် ပြုံးယင်း

'ဆင့်သခင်လေးရဲ့စကားဟာ အတော်ပဲ လေးနက်ပါတယ်'

ဆင့်ဆင့်အိသည် ရုတ်တရက် မျက်နှာတည်လိုက်ပြီး

'ဘာကိစ္စများလဲ'

ဟု မေးလိုက်လေသည်။

ချောင်အဘိုးအိုသည် ပြုံးလျက်

'ခဏလေး စောင့်ပါ'

ဟု ပြောလိုက်ပြီး ဆိုင်ထဲသို့ ဝင်ရောက်သွားလေသည်။

ထို့နောက် မျက်စိတမှိတ် အချိန်အတွင်း ဆိုင်ထဲမှပြန်လည်၍ ထွက်လာလေသည်။ ဆိုင်အတွင်းသို့ဝင်ရောက်စဉ် အဘိုးအို၏ လက်ထဲ၌ မည်သည့်ပစ္စည်းမှ ရှိမနေသော်လည်း ဆိုင်ထဲမှ ပြန်လည်ထွက်လာသောအခါ အဘိုးအိုသည်ပစ္စည်းတခု ယူဆောင်၍ လာလေသည်။ ထို့နောက် ချောင်အဘိုးအိုသည် လက်ထဲမှ ပစ္စည်းအား ဆင့်ဆင့်အိုထံ လှမ်း၍ပေးယင်း....

'လူတယောက်က ဆင့်သခင်လေးနဲ့ ပိုင်ပင်းသခင်မအတွက် လက်ဆောင်လို့ ပြောပါတယ်'

ဟု ပြောလိုက်လေသည်။

ဆင့်ဆင့်အိုသည် အဘိုးအို၏ လက်ထဲမှ လက်ဆောင်ပစ္စည်းအား တွေ့သည်နှင့် မျက်နှာတချက် ကွက်ကနဲ ပျက်၍သွားလေတော့သည်။

အဘိုးအို လှမ်း၍ပေးသောလက်ဆောင်ပစ္စည်းသည် 'ချယ်ရီနီ' ပန်းခိုင် တခိုင်ပင် ဖြစ်နေပါသည်။

x x x





အကိုင်းသည် နဂါးကဲ့သို့ရှိပြီး ချယ်ရီပန်း၏ အရောင်သည် သွေးရောင်ကဲ့သို့ နီရဲနေပေသည်။ မှေးမှိန်သော အလင်းရောင်အောက်၌ပင် ချယ်ရီပန်းသည် လှပလွန်းလှပေသည်။

ဆင့်ဆင့်အိုသည် ချယ်ရီပန်းခိုင်အား ငေးစိုက်၍ ကြည့်နေမိလေသည်။ အတန်ကြာမှ သူသည် အဘိုးအို လက်ထဲမှ ချယ်ရီနီပန်းခိုင်အား လှမ်း၍ ယူလိုက်ယင်း....

'ဘယ်သူက ပေးခိုင်းတာလဲ'

ဟု မေးလိုက်လေသည်။

အဘိုးအိုသည် ဦးခေါင်းကို ခါယမ်းလျက်....

'အလုပ်သမား တယောက်ပဲ၊ အသက်ကတော့ အဘိုးလောက် ရှိပြီ'

ဆင့်ဆင့်အိုသည် မျက်မှောင် တချက် ကြုတ်ယင်း....

'သူက ဘာဖြစ်လို့ ကိုယ်တိုင် မပေးရတာလဲ'

အဘိုးအိုသည် သူ၏ ပခုံးအား တွန့်လျက်....

'အဲဒါတော့ အဘိုးလဲ မသိဘူး၊ အဲ.... ပြီးတော့ ဒီပန်းခိုင်ဟာ ဘယ်လောက် တန်မယ် ထင်သလဲ'

ပိုင်ပင်းသည် နှုတ်ခမ်းတချက်တွန့်၍ ပြုံးလိုက်ပြီး....

'ကျွန်မအထင်တော့ တမတ်တောင် မတန်ဘူး'

ဟု ဝင်ရောက် ပြောလိုက်လေသည်။

အဘိုးအိုသည် ရှုတ်တရက် ပြုံးလိုက်ပြီး....

'တမတ်တောင် မတန်တဲ့ ပန်းခိုင်ကို တကျပ် အကုန်ခံပြီး တကူးတက ပေးခိုင်းတယ်'

ဆင့်ဆင့်အိသည် မျက်မှောင်ကြုတ်ယင်း....

'ဘာ....အတိုးကို တကျပ်ပေးပြီးတော့ ခိုင်းတာ ဟုတ်လား'

အတိုးအိုသည် ဦးခေါင်းကို ညိတ်ယင်း....

'ဟုတ်တယ်'

ဆင့်ဆင့်အိသည် ရုတ်တရက် ပြုံးလိုက်ပြီး....

'ဒီအလုပ်မျိုးက လက်ဖက်ရည်ရောင်းတာထက် ပိုပြီး လွယ်တယ် ထင်တယ်'

အတိုးအိုသည် ခေါင်းညိတ်လျက်....

'ဒါပေမယ့် ဒီလို အခွင့်အရေးမျိုးဟာ တနှစ်မှာ တခါတောင် မရဘူး'

ဆင့်ဆင့်အိသည် ရုတ်တရက် မျက်မှောင် တချက် ကြုတ်၍ အတိုးအိုအား စိုက်ကြည့်ယင်း....

'ဒီလို အခွင့်အရေးမျိုး များများ ရယင် မြန်မြန်အသက်တိုတတ်တယ်'

ဟု ပြောလိုက်လေသည်။ ပြီးမှ ပိုင်ပင်းဘက် လှည့်ကာ....

'တို့ပြန်ကြစို့'

ဟု ပြောလိုက်ပြီး မြင်း၏ ဝမ်းဗိုက်ကို ခြေဖနောင့်ဖြင့် တို့လိုက်လေတော့သည်။





အတိုးအိုသည် ထွက်ခွာသွားပြီဖြစ်သော ဆင့်ဆင့်အိတို့အား လှမ်း၍....

'ဟော့.... ဟော့.... မင်းတို့က နောက်ထပ် တကျပ်ပေးဖို့ စိတ်မကူးတော့ဘူးလား'

ဟု အော်ဟစ်ယင်း ကျန်ရစ်ခဲ့လေတော့သည်။

☆

4

## ချယ်ရီနီ ကတ်ပြား

ပိုင်လိုရီ

သူသည် ပျော်စရာသစ်တောကျေးရွာ အဝင်ဝရှိ ညောင်ပင်အောက်၌ ရပ်နေသည်။

လေသည် ညောင်ရွက်များကို တဖျပ်ဖျပ် လှုပ်လှုပ်ရှားရှားဖြစ်စေသည်။

ထိုအခါ သူ၏ အင်္ကျီနှင့် ဆံပင် များကိုလည်း လှုပ်လှုပ်ရှားရှားဖြစ်စေသည်။ သို့သော် သူ၏ မျက်မှောင် ကြုတ်ထားသော မျက်ခုံးမွေး တစုံကိုမူ မည်သို့မျှ ပြောင်းလဲနိုင်စွမ်း မရှိချေ။ ရှန်းမြသော လရောင်သည် လူ၏စိတ်ကို ကြည်နူးစေသည်။





သို့သော် ရှန်းမြသော လရောင် အောက်မှ ပိုင်လိုရီ၏ မျက်နှာသည် စိုးရိမ်ပူပန် မှုများနှင့်ပြည့်နှက်၍ နေပေသည်။ ထိုစဉ် သူ၏ နားထဲသို့ အဝေးမှ မြင်းခွာသံ သဲ့သဲ့ ဝင်ရောက်လာလေသည်။ သူသည် အဝေးမှ မြင်းခွာသံများကို ကြားလိုက်သည်နှင့် သူ၏ မျက်ခုံးမွေးများကို မျက်မှောင် ကြုတ်ထားရာမှ ဖြေချလိုက်လေသည်။

မြင်းခွာသံများ ကြားရပြီး မရှေးမနှောင်းမှာပင် သူ၏ မြင်ကွင်းထဲသို့ မြင်းနှစ်စီး ဝင်ရောက်လာလေသည်။

သူ၏ မျက်လုံးများသည် ထို မြင်းနှစ်စီးအား မြင်တွေ့လိုက်သည်နှင့် ဝင်းလက်၍ သွားပြီး သက်ပြင်းရှည် တချက်ကို ဖြည်းညင်းစွာ မှုတ်ထုတ် လိုက်လေတော့သည်။

ထို မြင်း နှစ်စီးပေါ်တွင် ဆင့်ဆင့်အိနှင့် ပိုင်ပင်းတို့ စီးနင်းလာသည် မဟုတ်ပါလော။

x x x

ပိုင်ပင်းသည် ပိုင်လိုရီရှေ့သို့ မရောက်မီ မြင်းကို ရပ်တန့်လိုက်သည်။ ထို့နောက် မြင်းပေါ်မှ လျင်မြန်စွာ ဆင်းလိုက်ပြီး ပိုင်လိုရီ ရင်ခွင်ထဲသို့ ကလေးငယ် တယောက်သဖွယ် ပြေး၍ ဝင်လိုက်လေသည်။ ပိုင်လိုရီသည် ပိုင်ပင်းအား ဆီး၍ ပွေ့ဖက်လိုက်ပြီး သူမ၏ ဆံပင်များအား ယုယကြင်နာစွာ ပွတ်သပ်လိုက်လေသည်။

ထိုစဉ်ရုတ်တရက် သူ၏မျက်လုံးများသည် ဆင့်ဆင့်အိထံသို့ ရောက်ရှိ သွားလေသည်။ ထိုမှတဆင့် ဆင့်ဆင့်အိ လက်ထဲ၌ ကိုင်ထားသော ချယ်ရီနီ ပန်းခိုင်ပေါ်သို့ ကျရောက်သွား လေသည်၊

ထိုသို့ သူသည် ဆင့်ဆင့်အိ လက်ထဲမှ ချယ်ရီနီ ပန်းခိုင်အား မြင်တွေ့လိုက်သည်နှင့် တပြိုင်တည်း မျက်နှာ တချက် ပျက်သွားပြီး မျက်မှောင် ကြုတ်လိုက်မိလေတော့သည်။

x x x

ဆင့်ဆင့်အိသည် မြင်းပေါ်မှ ဖြည်းညင်းစွာ ဆင်းလိုက်သည်။

ထို့နောက် ပိုင်လိုရိအား တချက် လှမ်း၍ ကြည့်လိုက်ပြီး သူ၏ လက်ထဲမှ ချယ်ရီနီပန်းခိုင်အား မြှောက်၍ ပြလိုက်ယင်း...

'အမည် မဖော်လိုတဲ့ မိတ်ဆွေတဦးက ပေးလိုက်တဲ့ လက်ဆောင်လေ'

ဟု ပြောလိုက်လေသည်။

ပိုင်ပင်းသည် သူမ ဖခင်၏မျက်နှာအား တချက်မော့ကြည့်လိုက်ပြီး....

'ဟုတ်တယ် အဖေ၊ ကျွန်မတို့ကို လူတယောက်က လက်ဖက်ရည်ဆိုင်ရှင်က တဆင့် ပေးလိုက်တဲ့ လက်ဆောင်တဲ့၊ ဟွန်း... တမတ်တောင် မတန်ဘူး'





ပိုင်လိုရိသည် မျက်မှောင်ကြ[illegible]ပိုင်ပင်းအား....

'ဘာ တမတ်တောင် မတန်ဘူး'

ဆင့်ဆင့်အိသည် ပြုံးလိုက်ပြီး....

'ဟုတ်တယ်၊ တမတ်တောင် မတန်ဘူး၊ ဒါပေမယ့် လူ့အသက်လောက်တော့ တန်ဖိုး ရှိပါလိမ့်မယ်'

ပိုင်ပင်းသည် အံ့သြစွာ ဆင့်ဆင့်အိအား တချက် လှမ်း၍ ကြည့်လိုက်သည်။ ပြီးမှ သူမသည် ဖခင်ဘက်သို့ လှည့်၍ ကြည့်လိုက်သည်။ သူမ၏ ဖခင်သည် ဟချက်ပြုံးလိုက်ပြီး....

'ဟုတ်တယ် သမီး၊ ဒီပန်းခိုင်ဟာ တမတ်မတန်ပေမယ့် မင်းရဲ့ အသက်လောက်တော့ တန်ဖိုး ရှိနေတယ်'

ဟု ပြောလိုက်လေသည်။

ပိုင်ပင်းသည် ဆင့်ဆင့်အိအားတလှည့်၊ သူ့ဖခင် ပိုင်လိုရိအား တလှည့် နားမလည်ဟန်ဖြင့် ကြည့်ယင်း....

'သမီးတော့ ဘာမှ နားမလည်ဘူး'

ဟု ပြောလိုက်လေသည်။

ပိုင်လိုရိသည် သက်ပြင်းတချက်ကို မသိမသာ ချယင်း....

'သမီး နားလည်ထားဖို့က မင်းရဲ့ အစ်ကိုကြီးနားက ဘယ်တော့မှ မခွာပဲ နေဖို့ ဆိုတာပဲ'

ဆင့်ဆင့်အိသည် ပြုံးယင်း ...

'ဒါနဲ့ အစ်ကိုကြီးက ဘာကြောင့် ဒီမှာ ရောက်နေရတာလဲ'

ပိုင်လိုရိသည် ပြုံးလျက်....

'မင်းတို့ကို လာပြီး စောင့်နေတာပေါ့'

ဆင့်ဆင့်အိသည် ရုတ်တရက် မျက်မှောင်ကြုတ်ယင်း....

'ကျွန်တော် ထင်တဲ့ အတိုင်းဆိုယင် အစ်ကိုကြီးကို ဖဲဝိုင်းကနေ ဒီရောက်အောင် တယောက်ယောက်က လက်ဆောင်ပေးလိုက်ပြီနဲ့ တူတယ်'

ပိုင်လိုရိသည် ဦးခေါင်းကို ညိတ်လိုက်ပြီး

'ဒါပေါ့'

ပိုင်ပင်းသည် စိတ်ရှုပ်ဟန်ဖြင့်

'အဖေတို့ဘာတွေ ပြောနေကြတာလဲ၊ သမီး ဘာမှ နားမလည်ဘူး'

ပိုင်လိုရိသည် ဆင့်ဆင့်အိ ထံသို့ တချက် လှည့်၍ ကြည့်လိုက်သည်။ ပြီးမှ သက်ပြင်းတချက် ချကာ ပိုင်ပင်းအား ပြုံး၍ပြလိုက်ယင်း....

'သမီးတို့ ခုနက ချယ်ရီနီ ပန်းတခိုင်ရတယ်နော်'

ပိုင်ပင်းသည် သူမ၏ ဦးခေါင်းကို ညိတ်လိုက်ပြီး

'ဟုတ်ကဲ့'

ပိုင်လိုရိသည် ပြုံးယင်း

'အေး....အဖေလဲ စောစောက ချယ်ရီနီ ကတ်ပြား တခုရခဲ့တယ်'

ဟု ပြောလိုက်ပြီး သူ၏ အင်္ကျီကြားမှ ကတ်ပြားတခုအား ထုတ်ယူလိုက်လေသည်။

ထို့နောက် ကတ်ပြားကို ဆင့်ဆင့်အိထံ လှမ်း၍ ပေးလိုက်လေသည်။ ဆင့်ဆင့်အိသည် လှမ်း၍ယူလိုက်ပြီး ကတ်ပြားအားကြည့်လိုက်လေသည်။ ကတ်ပြား လေးသည် အလျား ခုနစ်လက်မနှင့် အနံ သုံးလက်မရှိပြီး အောက်ခံအဖြူပေါ်တွင် ချယ်ရီ





ပန်းတပွင့်ရေးဆွဲထားလေသည်။ အကိုင်းသည် နဂါးပုံသဏ္ဌာန်ရှိပြီး ချယ်ရီပန်းပွင့်ကို နီရဲသော အရောင်ဖြင့် ရေးဆွဲထားလေသည်။

ထို့ပြင် ကတ်ပြားပေါ်၌ သွေးနီရောင်ဖြင့် ရေးသားထားသော စာလုံးနှစ်လုံး ပါရှိလေသည်။ ယင်းစာလုံးမှာ ပိုင်ပင်းဟူ၍ ဖြစ်လေသည်။

ဆင့်ဆင့်အိသည် သက်ပြင်းတချက် ချလိုက်ပြီး ချယ်ရီနီကတ်ပြားအား ပိုင်ပင်းထံသို့ လှမ်း၍ ပေးလိုက်လေသည်။ ပိုင်ပင်းသည် ချယ်ရီနီ ကတ်ပြားအား ကြည့်ယင်း မျက်မှောင်တချက်ကြုတ်ကာ....

'ဒီ ချယ်ရီနီ ကတ်ပြားပေါ်မှာ ဘာဖြစ်လို့ ကျွန်မရဲ့အမည်ကို ရေးထားရတာလဲ'

ဆင့်ဆင့်အိသည် ပြုံးယင်း....

'ဒီတခါ ချယ်ရီနီ ဂိုဏ်းရဲ့ သားကောင်ဟာ မင်းပဲလို့ သတ်မှတ်ထားတာပေါ့'

ပိုင်ပင်းသည် မျက်မှောင်တချက် ကြုတ်လျက်....

'ချယ်ရီနီ ဂိုဏ်း ဟုတ်လား'

ဆင့်ဆင့်အိသည် ဦးခေါင်းကို ညိတ်လိုက်ပြီး

'ဟုတ်တယ်'

ပိုင်ပင်းသည် နားမလည်ဟန်ဖြင့်....

'ကျွန်မက ဘာဖြစ်လို့ သူတို့ရဲ့ သားကောင် ဖြစ်ရမှာလဲ'

ပိုင်လိုရိသည် သက်ပြင်းတချက် ချလိုက်ပြီး....

'ဒီလိုကွယ့်၊ ချယ်ရီနီဂိုဏ်းဟာ သူတို့ ခိုးယူမယ့် ပစ္စည်းကို ချယ်ရီနီကတ်ပြားပေါ်မှာ ရေးပြီး အခုလိုပဲ ကြိုတင်အကြောင်းကြားထားတယ်၊ အဲ....ပြီးတော့မှ ရအောင် ခိုးယူတယ်'

ဆင့်ဆင့်အိသည် ပိုင်ပင်းအား တချက်ကြည့်၍ ပြုံးပြယင်း ပိုင်လိုရီ၏ စကားကို ထောက်ခံဟန်ဖြင့် ခေါင်းညိတ်ကာ....

'ဟုတ်တယ်....၊ ဘယ်လောက်ပဲ မျက်ခြည် မပြတ်အောင် အစောင့်တွေ ချထားတဲ့ ကြားက ရအောင် ခိုးယူလေ့ ရှိတယ်၊ အဲ....တခုတော့ ရှိတယ်'

ပိုင်ပင်း သည် သူမ ၏ မျက်လွှာကို ပင့်၍ ဆင့်ဆင့်အိကို တချက်ကြည့်ယင်း....

'ဘာများလဲ'

ဟု မေးလိုက်လေသည်။

ဆင့်ဆင့်အိသည် ပိုင်ပင်းမျက်နှာအား အတန်ကြာအောင် စိုက်၍ ကြည့်နေပြီးမှ—

'သူတို့ ခိုးတဲ့ ပစ္စည်းက လောကပေါ်မှာ နှစ်ခု မရှိအောင် ပြိုင်ဘက်ကင်းတဲ့ ပစ္စည်း ဖြစ်တယ် ဆိုတာပဲ'

ဟု ပြောလိုက်လေသည်။

ပိုင်လိုရီသည် ဆင့်ဆင့်အိ စကားအား ထောက်ခံဟန်ဖြင့် ဦးခေါင်းကို ညိတ်ယင်း....

'ဟုတ်တယ်ကွယ့်....၊ ဝမ်းစီးထုံ့ရဲ့ လျှို့ဝှက်ခန်းထဲကနေ ပျောက်သွားတဲ့ ကျောက်စိမ်းဖရဲသီးဟာ လောကမှာ ပြိုင်ဘက်ကင်းအောင် အတုမရှိတဲ့ပစ္စည်းပဲ၊ အဲဒီတုန်းကလဲ ဒီလိုကတ်ပြား

ဝဏ္ဏထွန်း•၀၁၉၀



ပေါ်မှာ ကျောက်စိမ်းဖရဲသီးလို့ စာရေးပြီး ကြိုတင်အကြောင်းကြားခဲ့တာပဲ'

ပိုင်ပင်းသည် မျက်မှောင်တချက် ကြုတ်လိုက်ပြီး....

'ဒါပေမယ့် သူတို့က ဘာဖြစ်လို့ ကျွန်မကို ခိုးမှာလဲ'

ဆင့်ဆင့်အိသည် ပြုံးလျက်....

'မင်းက လောကပေါ်မှာ ပြိုင်ဘက်ကင်းအောင် လှလို့ ဖြစ်မှာပေါ့'

ပိုင်ပင်းသည် သူမ၏ မျက်စောင်းကို ဆင့်ဆင့်အိထံ တချက် ပစ်လွှတ်လိုက်ပြီး....

'ဘာလဲ၊ အစ်ကိုကြီးက ကျွန်မကို သရော်တာလား'

ပိုင်လိုရီသည် မဲ့ပြုံးကလေး ပြုံးယင်း ပိုင်ပင်းအား....

'ဟုတ်တယ် သမီး၊ လူတိုင်းက သမီးဟာ ပြိုင်ဘက်ကင်းအောင် လှတယ်လို့ ပြောကြတယ်'

ပိုင်ပင်းသည် မကျေမချမ်းသော အမူအရာဖြင့်....

'ဒါပေမယ့် ကျွန်မဟာ ပစ္စည်းတခုမှ မဟုတ်ပဲ'

ဆင့်ဆင့်အိသည် ပြုံးယင်း....

'ပြိုင်ဘက်ကင်းပြီး အတုမရှိတဲ့ ပစ္စည်းမှန်သမျှ သက်ရှိရော သက်မဲ့ပါ သူတို့ စိတ်ဝင်စားပုံရတယ်'

ပိုင်လိုရီသည် ဦးခေါင်းကို တချက်ညိတ်လိုက်ပြီး....

'ဒါကြောင့် ငါလဲ မင်းတို့အတွက် အတော်ပဲ စိတ်ပူသွားတယ်'

ဆင့်ဆင့်အိသည် ပြုံးရုံကလေး ပြုံးယင်း....

ဝဏ္ဏထွန်း•၀၁၉၉

'ကျွန်တော် သိသလောက်တော့ သူတို့ဟာ ဘယ်တော့မှ ချက်ချင်း မစဘူး'

ပိုင်လိုရိသည် ဦးခေါင်းကို ညိတ်ပြီး....

'ဟုတ်တယ်၊ ပြီးတော့ သမီးဟာ မင်းနဲ့ အတူရှိနေတဲ့ အတွက်လဲ ငါစိတ်သက်သာရာ ရခဲ့တာပေါ့၊ ဒါပေမယ့် သတိဆိုတာ ပိုတယ်လို့ မရှိဘူး'

ဆင့်ဆင့်အိသည် ပြုံးလိုက်ပြီး....

'စိတ်ချပါ၊ ပိုင်ပင်း ဘာမှ မဖြစ်စေရပါဘူး'

ပိုင်ပင်းသည် ဆင့်ဆင့်အိကို တလှည့်၊ ပိုင်လိုရိကို တလှည့် ကြည့်ပြီးမှ....

'နေပါဦး အဖေရဲ့၊ ဒီ ချယ်ရီနီ ဂိုဏ်းဟာ ကြောက်စရာ ကောင်းသလား'

ဟု မေးလိုက်လေသည်။

ပိုင်လိုရိသည် ပိုင်ပင်းအား တချက်စိုက်၍ ကြည့်လိုက်ယင်း

'မပြောမဆိုပဲ ခိုးထုတ်တဲ့ သူခိုးထက် သေသေချာချာ ပြောပြီးမှ ရအောင် ခိုးနိုင်တယ်ဆိုတာ လွယ်တဲ့ ကိစ္စမှ မဟုတ်ပဲ'

ပိုင်ပင်းသည် တစုံတရာအား သတိရဟန်ဖြင့်....

'ဒါနဲ့ အဲဒီ ချယ်ရီနီသူခိုးဟာ ဂိုဏ်းနဲ့လား၊ တကိုယ်တော် သူခိုးလား'

ပိုင်လိုရိသည် ဦးခေါင်းကို ခါယမ်းလျက်....

'အခုအချိန်အထိ ဘယ်သူမှ အတိအကျ မပြောနိုင်သေးဘူး'





ပိုင်ပင်းသည် မျက်မှောင်ကြုတ်ယင်း....

'ယောကျ်ားလား၊ မိန်းမလား ဆိုတာရော မသိဘူးလား'

ဆင့်ဆင့်အိသည် ရုတ်တရက် ရယ်မောလိုက်ပြီး....

'အဲဒါ သိမှတော့ သူခိုး မိနေပြီပေါ့'

ဟု ပြောလိုက်လေသည်။

ပိုင်ပင်းသည် စိတ်ရှုပ်သွားဟန်ဖြင့် သက်ပြင်းတချက် မှုတ်ထုတ်လိုက်လေသည်။ ပြီးမှ သူမသည် ဆင့်ဆင့်အိအား မျက်လွှာတချက် ပင့်၍ ကြည့်လိုက်ယင်း....

'ဒါဆိုယင် အစ်ကိုကြီး ကျွန်မရဲ့ အနားမှာ အမြဲ နေပေးရမယ်နော်'

ဟု ပြောလိုက်လေသည်။

ပိုင်ပင်းသည် ချယ်ရီနီဂိုဏ်းကို ကြောက်၍ မိမိအား သူမ အနားတွင် ရှိနေစေချင်၍ပေလော၊ သို့တည်းမဟုတ် တမင်သက်သက် သူမ အနားတွင် ရှိစေချင်၍လောဟူ၍ ဆင့်ဆင့်အိ မတွေးတတ်ချေ။

မည်သို့ပင်ဆိုပါစေ သူသည် ချယ်ရီနီဂိုဏ်းအား ရင်ဆိုင်ရန် ပိုင်ပင်း၏ အနားတွင် ရှိနေရမည် မဟုတ်ပါလော။

ပိုင်လိုရိသည် တစုံတရာအား လေးနက်စွာ စဉ်းစားရာမှ ဆင့်ဆင့်အိကို လှမ်း၍ ကြည့်ကာ....

'ငါ တခု စဉ်းစားမိတယ်'

ဆင့်ဆင့်အိသည် သူ၏ မျက်ခုံးမွေးများကို ပင့်တင်ယင်း....

'ဘာကို စဉ်းစားမိတာလဲ'

ပိုင်လိုရီသည် မဲ့ပြုံးကလေး တချက်ပြုံးယင်း....

'ချယ်ရီနီဆိုတဲ့ သူခိုးဟာ ဦးနှောက်ကောင်း ပုံရတယ်၊ ဒါကြောင့် သူနဲ့ယှဉ်ယင် တို့က အင်အားသုံးဖို့ လိုမှာမဟုတ်ဘူး'

ဆင့်ဆင့်အိုသည် မျက်မှောင်တချက် ကြုတ်ယင်း....

'ကျွန်တော်တို့က ပြန်ပြီး ဦးနှောက် သုံးရမှာပေါ့'

ပိုင်လိုရီသည် တချက်ရယ်လိုက်ပြီး....

'ဟုတ်တယ်၊ သူဟာ ဘယ်သူဘယ်ဝါ၊ သူ့ရဲ့ သိုင်းပညာဟာ ဘယ်အဆင့် ရှိတယ်ဆိုတာ တို့က မသိဘူး မဟုတ်လား၊ ဒါကြောင့် တို့က သူ့ကို ဦးနှောက်ချင်း ယှဉ်ရလိမ့်မယ်'

ဆင့်ဆင့်အိုသည် ပြုံးလျက်....

'ကေန္တ အစ်ကိုကြီးမှာ ချယ်ရီနီသူခိုးကို ယှဉ်ဖို့နည်းလမ်းကို စဉ်းစားထားတယ်နဲ့ တူတယ်'

ပိုင်လိုရီသည် ပြုံးယင်း....

'ဒါပေါ့ အမှတ်မထင် စဉ်းစားမိခဲ့တာပဲ'

ဆင့်ဆင့်အိုသည် ပိုင်လိုရီအား တချက်ကြည့်လိုက်ပြီး....

'အမှုမဲ့ အမှတ်မဲ့ ကိစ္စလေး တွေကလဲ တခါတရံမှာ ပြဿနာကို ရှင်းနိုင်တာပဲ မဟုတ်လား'

ပိုင်ပင်းသည် သူတို့၏ စကားကို နားမလည်နိုင်ဟန်ဖြင့် မျက်လုံးကလေးပိုင်းကာ ကြည့်ယင်း ဆင့်ဆင့်အိုအား လှည့်၍

'အစ်ကိုကြီးနဲ့ အဖေနဲ့ ဘာတွေပြောနေတာလဲ'

ဟု မေးလိုက်လေသည်။





ပိုင်လိုရီသည် ပိုင်ပင်းအား တချက်ပြုံး၍ပြလိုက်ပြီး....

'သမီး နောက်တော့ သိရမှာပေါ့'

ဟု ပြောလိုက်လေသည်။

ပိုင်ပင်းသည် မျက်မှောင်ကလေး တချက်ကြုတ်လိုက်ပြီး....

'အဖေတို့ ဒီလောက်တောင် စိတ်သောက ရောက်နေမယ်ဆိုယင်လဲ ဒီနေရာကကျွန်မတို့အမြန်ဆုံးထွက်သွားယင်မကောင်းဘူးလား'

ပိုင်လိုရီသည် သူ၏ ဦးခေါင်းကို ခါယမ်းလိုက်ပြီး....

'လောလောဆယ်....ဟောဒီ ပျော်စရာ သစ်တောကျေးရွာထက် ပိုပြီးလုံခြုံတဲ့နေရာ မရှိဘူး'

ပိုင်ပင်းသည် သူမ၏ အဖေအား နားမလည်ဟန်ဖြင့် မော့၍ကြည့်လိုက်ပြီး....

'ဘာဖြစ်လို့လဲ အဖေရဲ့'

ပိုင်လိုရီသည်ဆင့်ဆင့်အိုအား တချက်လှမ်းကြည့်လိုက်သည်။ ပြီးမှ ပိုင်ပင်းအား ငုံ့၍ ကြည့်လိုက်ပြီး....

'ဟောဒီ ပျော်စရာသစ်တောကျေးရွာမှာ ဘယ်သူမှ ဆူပူမှုကို မလုပ်ရဲဘူး'

ပိုင်ပင်းသည် မျက်မှောင်ကလေး ကြုတ်ယင်း....

'ဘာကြောင့်လဲ အဖေရဲ့'

'ဒါတော့ အဖေလဲ မသိဘူး၊ ဒါပေမယ့် အဲဒီကျေးရွာပိုင်ရှင်က စည်းကမ်းကြီးတယ်လို့ ပြောတယ်'

'ကျေးရွာပိုင်ရှင်က ဘယ်သူလဲ အဖေ'

ပိုင်လိုရိသည် ပျော်စရာသစ်တောကျေးရွာ ဘက်သို့ တချက်ငေးကြည့်လိုက်ပြီး....

'မုရုကုဖန် ဆိုတဲ့ မိန်းကလေးပဲ'

ဟု ဖြည်းညင်းစွာ ပြောလိုက်လေတော့သည်။

☆



## မျက်လှည့်

ဝူဖု။

တည်းခိုခန်း တခု၏အမည် ဖြစ်ပါသည်။

ဤတည်းခိုခန်းသည် ပျော်စရာသစ်တောကျေးရွာမှ (၁၃) မိုင် ဝေးသောအရပ်တွင် ရှိပါသည်။

x x x

နေဝန်းသည် အနောက်ဘက်မိုးကုပ်စက်ဝိုင်း မျဉ်းအောက်သို့ ကျရောက်နေပြီဖြစ်သည်။ ထို့ကြောင့် ညနေဆည်းဆာသည် ပုစွန်ဆီရောင် သမ်း၍ နေလေသည်။

ထိုအချိန်တွင် ဂူဖုတည်းခိုခန်းမှ ဆိုင်ရှင်နှင့်တကွ ဆိုင်အလုပ်သမားများသည် ပျားပန်းခတ်မျှ လှုပ်ရှားရှ်၍ နေလေသည်။ သူတို့သည် လွန်ခဲ့သော ရက်သတ္တပတ်မှ စ၍ တည်းခိုမည့် ဧည့်သည်သစ်များကို လက်မခံခဲ့ချေ။ လက်ရှိ တည်းခိုနေသော ဧည့်သည်များသည်လည်း တဖြည်းဖြည်း ထွက်ခွာသွားကြပြီ ဖြစ်သည်။ တည်းခိုခဲ့သော ဧည့်သည်များထဲမှ နောက်ဆုံး ကျန်ရှိနေသော ဧည့်သည် သည်လည်း တည်းခိုသည့်ရက် ပြည့်ပြီ ဖြစ်၍ ယမန်နေ့ကတည်းက ထွက်ခွာသွားပြီ ဖြစ်သည်။

ထို့ကြောင့် ယခုအချိန်တွင် ယင်း ဂူဖုတည်းခိုခန်း၌ တည်းခိုသည့် ဧည့်သည် တစုံတယောက်မျှ မရှိတော့ချေ။ သို့သော်... ယင်းဆိုင်ရှင်နှင့် အလုပ်သမားများသည် အဘယ်ကြောင့် ယခုကဲ့သို့ ပျားပန်းခတ်မျှ အလုပ်များနေရသနည်း။

မြင်းလှည်းတစီးသည် ဂူဖု တည်းခိုခန်းရှေ့၌ ရပ်တန့်လိုက်လေသည်။

ထို့နောက် မြင်းလှည်းထဲမှ အမျိုးသမီးတဦး ထွက်လာလေသည်။

ဆိုင်ရှင်နှင့် အလုပ်သမားများသည် ထိုအမျိုးသမီးအား ပျာပျာသလဲ ခရီးဦးကြို ပြုကြလေသည်။ မြင်းလှည်းထဲမှ ထွက်လာသော အမျိုးသမီးသည် ဂူဖုတည်းခိုခန်းပိုင်ရှင် မုရှဲကုဖန်ပင် ဖြစ်သည်။

မုရှဲကုဖန်....

သူမသည် ဂူဖုတည်းခိုခန်းသို့ အချိန်တိကျစွာ ရောက်ရှိလာခဲ့သည်။ သူမသည် ယခင်အခါများကဲ့သို့ပင် အချိန်စောခြင်း





လည်း မရှိ။ နောက်ကျခြင်းလည်း မရှိချေ။ သို့သော်...ယခုတခေါက် သူမ လာရောက်ရာတွင် မတူညီသည့် အချက်တချက် ရှိနေပါသည်။ ထိုအချက်မှာ ယခု သူမနှင့်အတူ လူတယောက် လိုက်ပါလာခြင်းပင် ဖြစ်သည် မဟုတ်ပါလော။

ယခင်အခါများက ဂူဖုတည်းခိုခန်းသို့ သူမ တဦးတည်းသာ လာရောက်ခဲ့သည်။ ယခုအခေါက်တွင် သူမ၏ ဘေး၌ သူရဲကောင်းဆန်ဆန် အမျိုးသားတဦး ပါလာလေသည်။

ထိုလူမှာ ဖန်းကျုံစင်ပင် ဖြစ်သည်။

အမှန်မှာ ဖန်းကျုံစင်းသည် တခြားလူ မဟုတ်ပါ။ တာလီမြို့စားကြီး၏ ဆုငွေ ထုတ်ထားခြင်း ခံရသော တုကုရင်းပင် ဖြစ်လေသည်။

မုရှဲကုဖန်သည် ဂူဖု တည်းခိုခန်းတွင် တညသာ တည်းခိုခဲ့လေသည်။ နောက်တနေ့ မိုးမလင်းမီပင် မုရှဲကုဖန်သည် ဂူဖုတည်းခိုခန်းမှ ပြန်လည် ထွက်ခွာသွားခဲ့လေသည်။ သူမနှင့်အတူ ဖန်းကျုံစင်းလည်း လိုက်ပါသွား၏။

ထိုနေ့ နေဝင်ချိန်၌ မုရှဲကုဖန်နှင့် ဖန်းကျုံစင်းသည် ပျော်စရာ သစ်တော ကျေးရွာသို့ ရောက်ရှိလာလေတော့သည်။

× × ×

ရွှေယဉ်စွမ်း တည်းခိုခန်း။

ယင်း တည်းခိုခန်းသည် ပျော်စရာ သစ်တော ကျေးရွာ၏ တောင်ဘက်ပိုင်းတွင် ရှိသည်။ ယင်း တည်းခိုခန်း၏ တဝက်သည်

ကုန်းပေါ်၌ ရှိပြီး ကျန်တဝက်သည် ရေကန်ပေါ်၌ တည်ရှိပေသည်။ ယင်းတည်းခိုခန်းကို ရေတပိုင်း ကုန်းတပိုင်းဆောက်လုပ်ထားခြင်း ဖြစ်၍ ပတ်ဝန်းကျင် ရှုခင်းသည် ပန်းချီကားချပ်ကဲ့သို့ လှပနေပေသည်။

ထို့ပြင် ယင်း တည်းခိုခန်းသည် ပျော်စရာ သစ်တောကျေးရွာ၏ အကောင်းဆုံး တည်းခိုခန်း တခုလည်း ဖြစ်၏။

မုရိုကုဖန်နှင့် ဖန်းကျုံစင်းသည် ယင်း တည်းခိုခန်းသို့ရောက်သောအခါ သူတို့အား ခမ်းခမ်းနားနား ကြိုဆိုခြင်း မရှိချေ။ မုရိုကုဖန် အနေဖြင့်လည်း သူတို့အား ဝူဖုတည်းခိုခန်းမှာကဲ့သို့ ခမ်းခမ်းနားနား ကြိုဆိုရန် သဘောမကျချေ။ အကြောင်းမှာ ရွှေယဉ်စွမ်း တည်းခိုခန်း၌ တည်းခိုသော သူများသည် များသောအားဖြင့် ရိုးရိုး သာမန် လူစားများ မဟုတ်ကြချေ။

အထူးသဖြင့် ယခုအချိန်၌ ယင်း တည်းခိုခန်းတွင်ဆင့်ဆင့်အိပိုင်လိုရိနှင့် ပိုင်ပင်းတို့ တည်းခိုနေကြသည်။

× × ×

ဤအခန်းသည် သီးသန့်အခန်း ဖြစ်သည်။

ရွှေယဉ်စွမ်း တည်းခိုခန်း၏ သီးသန့်အခန်း ဖြစ်သည်။ ယင်းသီးသန့်ခန်းကို အမြဲတမ်း ပိတ်ထားခဲ့သည်။ သို့သော် နေ့စဉ်





ယင်း အခန်းကို သန့်ရှင်းရေး ပြုလုပ်ခဲ့သဖြင့် အခန်းသည် သန့်ရှင်း သပ်ရပ်လျက် ရှိပေသည်။

ထို့ပြင် ယင်း အခန်းအား မည်သူ့ကိုမျှ နေထိုင် တည်းခိုခွင့် မပြုခဲ့ချေ။ သို့သော် ယခု ယင်းအခန်း၌ တည်းခိုမည့် ဧည့်သည် ရှိနေပါသည်။ ထိုဧည့်သည်မှာ မုရိုကုဖန်ပင် ဖြစ်ပေ၏။

ယင်းအခန်းသည် တချိန်လုံး မုရိုကုဖန် လာရောက် တည်းခိုမည့် အချိန်ကိုသာ စောင့်ဆိုင်းနေခဲ့သည်။

မုရိုကုဖန်သည် သူမ၏ ပစ္စည်းများကို နေရာတကျ ချထားလိုက်သည်။ ပြီးမှ အခန်းတံခါးဝ၌ ရပ်နေသော တုကုရင်း တဖြစ်လဲ ဖန်းကျုံစင်းအား လှမ်း၍....

'ရှင် ရေမိုးချိုးပြီး အဝတ်အစား လဲလိုက်ဦး'

ဟု ပြောလိုက်လေသည်။

ဖန်းကျုံစင်းသည် သူ၏ ဦးခေါင်းကို ညိတ်လိုက်ပြီး....

'ဟုတ်ကဲ့'

ဟု ပြောကာ မုရိုကုဖန်အား ကျောခိုင်းလိုက်လေသည်။

ထိုစဉ် မုရိုကုဖန်သည် လှမ်း၍ ...

'ဪ....နေဦး'

ဟု တားလိုက်သည်။

ထို့ကြောင့် ဖန်းကျုံစင်းသည် သူမထက်သို့ သူ၏ ခန္ဓာကိုယ်အား ပြန်၍ လှည့်လိုက်လေသည်။ မုရိုကုဖန်သည် သူ့အား တချက် ပြုံးပြလိုက်သည်။ ပြီးမှ....

'နောက် နာရီဝက်အတွင်း ရှင် ကျွန်မဆီ ပြန်လာခဲ့ပါ'

ဟု ထပ်၍ မှာကြားလိုက်လေသည်။

ဖန်းကျုံဆင်းသည် သူ၏ဦးခေါင်းကိုညိတ်လိုက်ပြီး အခန်းတံခါးဝမှ လှည့်၍ ထွက်ခွာသွားလေတော့သည်။

မုရုံကုဖန်၏ မျက်လုံးများသည် ဖန်းကျုံစင်း၏ နောက်ကျောအား လိုက်၍ ကြည့်နေသည်။ သူမ၏ မြင်ကွင်းမှ ဖန်းကျုံစင်း ကွယ်ပျောက်သွားသည့်တိုင်အောင် သူမသည် ဖန်းကျုံစင်းအား ကြည့်၍ နေမိသည်။ ထို့နောက် သူမသည် ပင့်သက်တချက်ကို ဖြည်းညင်းစွာ ရှိုက်လိုက်မိလေတော့သည်။

× × ×

နာရီဝက် ကြာသောအခါ ဖန်းကျုံစင်းသည် မုရုံကုဖန်၏ တံခါးဝသို့ ရောက်ရှိလာလေသည်။ အချိန် အတိအကျပင် ဖြစ်သည်။ စောလည်း မစော၊ နောက်လည်း မကျပါ။ သူသည် မုရုံကုဖန်၏ အကျင့်ကို အနည်းနှင့် အများ ဆိုသလို သိထားသည်။

ထို့ကြောင့် သူသည် အချိန် အတိအကျပင် မုရုံကုဖန်၏ တံခါးဝသို့ ရောက်ရှိလာလေသည်။ သူသည် တံခါးဝ၌ ရပ်တန့်လိုက်ပြီး တံခါးခေါက်ရန် လက်ကို ရွယ်လိုက်လေသည်။

ထိုစဉ် ရုတ်တရက် အခန်းထဲမှ မုရုံကုဖန်၏ အသံ ပေါ်ထွက်လာလေသည်။





'တံခါးစေ့ထားတယ်၊ တွန်းဝင်ခဲ့ပါ'

ဖန်းကျုံစင်းသည် သူ၏ ပုခုံးနှစ်ဘက်ကို အသာတွန့်လိုက်ပြီး အခန်းတံခါးအား တွန်းဖွင့်၍ ဝင်ရောက်သွားလေတော့သည်။

× × ×

အခန်းထဲ၌ မီးရောင်သည် ထိန်လင်း၍ နေသည်။ မုရုံကုဖန်သည် အနီရောင်ဝတ်စုံကို ဆင်မြန်းထားပြီး အခန်းအလယ်၌ရှိသော နတ်သမီးရုပ်ပါး စားပွဲ၌ ထိုင်၍နေသည်။

သူမနှင့် မလှမ်းမကမ်းတွင် ကြက်သွေးရောင် သေတ္တာတလုံး ရှိပြီး ယင်းသေတ္တာသည် အလျား(၃)ပေ၊ အနံ(၂)ပေ ကျယ်ဝန်း၍ စောက်(၂)ပေခန့် ရှိပေသည်။ သေတ္တာတခုလုံးကို ကနုတ်ပန်းများဖြင့် ထွင်းထုထားလေသည်။

ယင်းသေတ္တာကို ဖန်းကျုံစင်းသည် မြင်းလှည်းပေါ်တွင် တင်ထားသည်ကို မြင်မိခဲ့သည်။ သေတ္တာတွင် ထွင်းထုထားသော ကနုတ်ပန်းများမှာ လက်ရာ ပြောင်မြောက်သဖြင့် သတိထားမိခဲ့ခြင်းပင် ဖြစ်ပါသည်။

သို့သော် ယင်းသေတ္တာထဲ၌ မည်သည့်ပစ္စည်းများ ပါရှိသည်ကို ဖန်းကျုံစင်း မသိချေ။ ဖန်းကျုံစင်းသည် သေတ္တာမှ သူ၏

မျက်လုံးများကို ဖယ်ရှားလိုက်ပြီး အခန်းတခုလုံးအား ဝေ့၍ တချက်ကြည့်လိုက်သည်။

အခန်း၏ ပြင်ဆင် မွမ်းမံ ထားပုံသည် ပန်းမာလာမြိုင်မှ အခန်းများအတိုင်း ပြုပြင်ထားသည့်အတွက် သူ၏ စိတ်ထဲ၌ အခန်းအား ရင်းနှီး၍နေလေသည်။

ထိုစဉ် မုရုံကုဖန်သည် သူ့အား လှမ်း၍....

'တံခါးပြန်ပိတ်လိုက်ပါ'

ဟု ပြောလိုက်လေသည်။

ဖန်းကျုံစင်းသည် မုရုံကုဖန်အား တချက် ပြုံးပြလိုက်ပြီး အခန်းတံခါးကို ပိတ်လိုက်လေသည်။

မုရုံကုဖန်သည် ဖန်းကျုံစင်း အခန်းတံခါး ပိတ်ပြီးသည် အထိ ကြည့်နေပြီးမှ သေတ္တာကို ညွှန်ပြယင်း....

'ရှင် ဟောဒီ သေတ္တာကို သတိထားမိမှာပေါ့'

ဖန်းကျုံစင်းသည် သူ၏ ဦးခေါင်းကို ညိတ်လိုက်ပြီး....

'ဒီလောက် အနုပညာ လက်ရာမြောက်တဲ့ သေတ္တာကို ဘယ်သူမဆို သတိထားမိမှာပဲ'

မုရုံကုဖန်သည် တချက် ရယ်မောလိုက်ပြီး....

'ဒီတော့ သေတ္တာထဲမှာ ဘယ်လိုပစ္စည်းမျိုး ထည့်ထားပါလိမ့်ဆိုပြီး သိချင်စိတ် ပေါ်မလာဘူးလား'

ဖန်းကျုံစင်းသည် ဦးခေါင်းကို ညိတ်ကာ....

'အမှန်ပြောရယင် သိချင်ပါတယ်'

မုရုံကုဖန်သည် သူမ၏ လှပသောလက်တဘက်ကို ဝေ့ယမ်း ပြယင်း....





'ကဲ-ရှင် အဲဒီသေတ္တာကို မ,ကြည့်စမ်းပါ'

ဟု ပြောလိုက်လေသည်။

ဖန်းကျုံစင်းသည် ဘာမှပြန်မပြောပဲ သေတ္တာကို မ,လိုက်သည်။ မုရုံကုဖန်သည် ပြုံးလျက်....

'ကဲ ပြန်ချလိုက်ပါ'

ဟု ပြောလိုက်သည်။

ဖန်းကျုံစင်းသည် သေတ္တာကို ပြန်၍ ချထားလိုက်သည်။ မုရုံကုဖန်သည် ဖန်းကျုံစင်းအား တချက်လှမ်းကြည့်လိုက်ပြီး....

'ဘယ့်နှယ့်လဲ'

ဟု မေးလိုက်သည်။

ဖန်းကျုံစင်းသည် မျက်မှောင်ကြုတ်လျက်....

'ဘာကို ဆိုလိုတာလဲ'

ဟု ပြန်၍ မေးလိုက်သည်။

မုရုံကုဖန်သည် ရုတ်တရက် ရယ်မောလိုက်ပြီး....

'သေတ္တာရဲ့ အလေးချိန်ကို ပြောတာ'

ဖန်းကျုံစင်းသည် တချက်ရယ်လိုက်ပြီး....

'လူတယောက်ကို မ,ရသလိုပဲ'

မုရုံကုဖန်သည် သူမ၏ လက်ညှိုးမှ လက်သည်းခွံကို သွားဖြင့် ကိုက်ယင်း....

'ယောကျ်ားလား၊ မိန်းမလား'

ဟု မေးလိုက်လေသည်။

ဖန်းကျုံစင်းသည် သူ၏ ပခုံးနှစ်ဘက်ကို တချက်တွန့်ပြယင်း
'မိန်းမတယောက်ရဲ့ အလေးချိန်လောက် ရှိမယ်'
ဟု ဖြေလိုက်သည်။

မုရိုကုဖန်သည် ပြုံးလျက်....

'မိန်းကလေး တယောက် ထည့်ထားတယ်လို့ ရှင် မထင်ဘူးလား'
ဟု မေးလိုက်ပြန်သည်။

ဖန်းကျုံစင်းသည် မုရိုကုဖန်အား နားမလည်နိုင်သကဲ့သို့ တချက် ကြည့်ယင်း...

'မိန်းကလေးတယောက် ထည့်ထားလို့လား'
ဟု ပြန်၍ မေးလိုက်လေ၏။

မုရိုကုဖန်သည် သဘောကျစွာ ရယ်မောယင်း....

'ရှင် ဖွင့်ကြည့်ပေါ့၊ ဒါမှ ဘာထည့်ထားတယ်ဆိုတာ ရှင် သိမှာပေါ့'
ဟု ပြောလိုက်လေသည်။

ဖန်းကျုံစင်းသည် မုရိုကုဖန်အား ဘာမျှ ပြန်မပြောတော့ပဲ သေတ္တာအဖုံးကို ဖွင့်လိုက်လေတော့သည်။

သေတ္တာတွင် သော့ ရှိသော်လည်း သော့ ခတ်ထားခြင်း မရှိပါ။ ထို့ကြောင့် ဖန်းကျုံစင်းသည် သေတ္တာအဖုံးကို အခက်အခဲ မရှိပဲ ဖွင့်၍ရသည်။

သေတ္တာအဖုံးပွင့်သွားသည်နှင့်တပြိုင်တည်း ဖန်းကျုံစင်းမှာ သေတ္တာထဲသို့ စိတ်အား ထက်သန်စွာ ကြည့်လိုက်မိလေသည်။





ယင်းသို့ ကြည့်လိုက်မိသည်နှင့် တဆက်တည်း သူ၏ မျက်လုံးများသည် နားမလည်နိုင်အောင်ပင် ဒေးဝိုင်း၍ သွားလေတော့သည်။ ဤသို့ဆိုလျှင် သေတ္တာထဲ၌ မည်သည့် ပစ္စည်းများ ရှိနေပါသနည်း။

× × ×

ကျောက်ခဲများ။

မရေမတွက်နိုင်အောင် များပြားသော ကျောက်ခဲများ။

ကြက်ဥ၊ ပန်းဥအရွယ် ကျောက်ခဲများသည် သေတ္တာထဲ၌ ရှိနေပါသည်။ ထိုကျောက်ခဲများသည် တန်ဖိုးမရှိပါ။ နေရာတိုင်းတွင် ရရှိနိုင်ပြီး ပန်းမာလားမြို့တွင်လည်း ဤ ကျောက်ခဲမျိုး မရေမတွက်နိုင်အောင် ရှိနေပါသည်။ ဖန်းကျုံစင်းသည် သေတ္တာထဲမှ ကျောက်ခဲများကို နားမလည်နိုင်ဟန်ဖြင့် စိုက်ကြည့်နေမိသည်။

အမှန်မှာ သေတ္တာသည် ကျောက်ခဲထက်ပင် တန်ဖိုးရှိပါသည်။ ထို့ကြောင့် ဖန်းကျုံစင်းသည် မုရိုကုဖန်အား နားမလည်ဟန်ဖြင့် တချက် လှမ်းကြည့်ယင်း....

'ကျွန်တော့်အတွက် ထူးဆန်းနေတယ်'
ဟု ပြောလိုက်လေသည်။

မုရုံကုဖန်သည် ပြုံးလျက်....

'သိပ် ထူးဆန်းနေသလား'

ဖန်းကျုံစင်းသည် သူ၏ ဦးခေါင်းကိုညိတ်ယင်း....

'ကျွန်တော်က ကိုယ့်ကိုယ်ကို တော်တယ်လို့ထင်တာ၊ အခုမှ အသုံးမကျမှန်း သိတော့တယ်'

မုရုံကုဖန်သည် ဖန်းကျုံစင်း၏ စကားအား သဘောကျစွာ တချက် ရယ်မောလိုက်ပြီး....

'ရှင် သေသေချာချာ စဉ်းစားကြည့်ယင် နားလည်လာပါလိမ့်မယ်'

ဖန်းကျုံစင်းသည် မဲ့ပြုံးပြုံး၍ ဦးခေါင်းကို ခါယမ်းယင်း-

'ဒါပေမယ့် အခု ကျွန်တော့်ဦးနှောက်တွေ သိပ်ရှုပ်ထွေးနေတယ်'

မုရုံကုဖန်သည် ချစ်စရာအပြုံးဖြင့် ဖန်းကျုံစင်းအား အတန်ကြာ စိုက်၍ကြည့်ယင်း....

'ဒါဖြင့် ကျွန်မ အကြံတခုပေးမယ်'

ဖန်းကျုံးစင်းသည် ဦးခေါင်းကို ညိတ်ယင်း....

'ဟုတ်ကဲ့'

မုရုံကုဖန်သည် ပြုံးလျက်....

'ဒါမှ ရှင့်ရဲ့ စိတ်တွေ တည်ငြိမ်ပြီး စဉ်းစားလို့ရမယ် မဟုတ်လား'

ဖန်းကျုံစင်းသည် သူ၏ ဦးခေါင်းကို ပုတ်သင်ညို တကောင်အလား ညိတ်ယင်း....

'မှန်ပါတယ်'



လှိုင်စာပေ
အမှတ် ၁၃၈၊ ၆-[illegible]



မုရုံကုဖန်သည် ရုတ်တရက် ချစ်စရာ အပြုံးကလေး တချက်ပြုံးယင်း....

'အဲဒီ သေတ္တာထဲက ကျောက်ခဲတွေကို ပြတင်းပေါက်ကနေ ရေကန်ထဲကို တလုံးပြီး တလုံး ပစ်ချလိုက်၊ မလောနဲ့၊ ဖြည်းဖြည်းပေါ့၊ ဒါမှ ရှင် စိတ်တည်ငြိမ်ပြီး စဉ်းစားနိုင်မှာ'

ဟု အကြံ ပေးလိုက်လေသည်။

ဖန်းကျုံစင်းသည် ပြုံးလျက် သူ၏ ပခုံးအား တချက်တွန့်၍ ပြလိုက်ပြီး သေတ္တာထဲမှ ကျောက်ခဲများကို ယူ၍စတင် ပစ်ချလေတော့သည်။ ရေကန်ထဲသို့ ကျောက်ခဲများ တလုံးပြီးတလုံး ကျသွား၍ ထွက်ပေါ်လာသောအသံသည် သံစဉ် တမျိုးကဲ့သို့ ဖန်းကျုံစင်း၏ စိတ်ထဲ၌ ခံစားလိုက်ရလေသည်။ သို့သော် ဖန်းကျုံစင်း၏ စိတ်သည် တည်ငြိမ်၍ မသွားပါ။

မုရုံကုဖန်သည် ယနေ့ ပိုလှနေသည် မဟုတ်ပါလော။

× × ×

ကျောက်ခဲတလုံး။

သေတ္တာထဲမှာ နောက်ဆုံး ကျန်သော ကျောက်ခဲ ဖြစ်ပါသည်။

ဖန်းကျုံစင်းသည် ယင်းကျောက်ခဲကို ရေထဲသို့ပစ်မချသေး အတန်ကြာ စိုက်၍ ကြည့်နေသည်။ ပြီးမှ သက်ပြင်းတချက်

နှင့်အတူ ယင်း ကျောက်ခဲအား ရေကန်ထဲသို့ ပစ်ချလိုက်လေတော့သည်။ သေတ္တာထဲ၌ ကျောက်ခဲများ မရှိတော့ပါ။ သို့တိုင်အောင် ဖန်းကျုံစင်းသည် မည်သို့မျှ စဉ်းစား၍ မရပါ။

ဖန်းကျုံစင်းသည် စိတ်ပျက်စွာဖြင့် သေတ္တာထဲသို့ ကြည့်လိုက်သည်။ သေတ္တာ၏အောက်ခံကို နီရဲသော ကတ္တီပါဖြင့်ခင်းထားသည်။ ယင်း အရောင်သည် မုရုံကုဖန်၏ လှပသော ခန္ဓာကိုယ်ပေါ်၌ ဆင်မြန်းထားသော အရောင်မျိုး ဖြစ်ပေသည်၊ မုရုံကုဖန်သည် ဖန်းကျုံစင်း၏ လှုပ်ရှားမှုများကို တိတ်ဆိတ်စွာ ကြည့်နေပေသည်။ သူမသည် ဖန်းကျုံစင်းက နောက်ဆုံး ကျောက်ခဲအား ရေကန်ထဲသို့ ပစ်ချပြီးသည်အထိ ကြည့်၍နေသည်။ အတန်ကြာမှ ချစ်စရာအပြုံးတချက် ပြုံးလိုက်ယင်း...

'ကျောက်ခဲတော့ ကုန်ပြီ'

ဖန်းကျုံစင်းသည် မဲ့ပြုံး ပြုံးယင်း....

'အခုထိ စဉ်းစားလို့ မရသေးဘူးလား'

မုရုံကုဖန်သည် သဘောကျစွာ တချက်ပြုံးလိုက်ပြီး—

'ဒါဟာ ကျွန်မ မျက်လှည့်တခု ပြမလို့ ပြင်ထားတာ၊ ရှင် တဖြည်းဖြည်း နားလည်လာပါလိမ့်မယ်'

ဟု မပြောလိုက်သည်။

သူမသည် ယင်းသို့ ပြောလိုက်ပြီး ဖန်းကျုံစင်းအား အတန်ကြာအောင် စိုက်၍ ကြည့်လိုက်သည်။ ပြီးမှ သူမသည် ထိုင်ရာမှ တဖြည်းဖြည်း ထလိုက်လေသည်။





ယခုမှ သူမ၏ အလှသည် ပို၍ ပေါ်လွင်လာသည်ဟု ဖန်းကျုံစင်းရင်ထဲ၌ ခံစားလိုက်ရလေသည်။ သူမ၏ အဝတ်အစားသည် ပျော့ပျောင်းပြီး သူမ၏ သေးသိမ်သောခါး၊ ပြည့်ဖြိုးသောရင်၊ ဖြောင့်တန်းသော ပေါင်တံနှင့် အပိုအလိုမရှိ အချိုးကျလျက် ရှိသည်။ သူမသည် ဖန်းကျုံစင်းအား စိုက်၍ ကြည့်နေသည်၊ ယင်းသို့ကြည့်ယင်း သူမ၏ ဆံပင်များအား ဖြေ၍ချလိုက်လေသည်။ နက်မှောင်သော ဆံကေသာသည် သူမ၏ ပုခုံးပေါ်သို့ ဝဲပျံ၍ ကျလာလေတော့သည်။

ဖန်းကျုံစင်းသည် သူမအား ငေးမော၍ ကြည့်နေယင်း မိမိကိုယ် မိမိ အသက်ရှူရပ်ဆိုင်းသွားသကဲ့သို့ ထင်လိုက်ရပေသည်။

မုရုံကုဖန်သည် ဖြည်းညင်းစွာ လျှောက်လာပြီး သေတ္တာထဲသို့ ဝင်ရောက်လိုက်သည်။ ပြီးမှ သူမ၏ ပျော့ပျောင်းသော ခန္ဓာကိုယ်အား သေတ္တာထဲတွင် ထိုင်လိုက်ပြီး သေတ္တာ၏အဖုံးအား အထဲမှ ဆွဲ၍ ပိတ်လိုက်လေသည်။

ဖန်းကျုံစင်း၏ မျက်လုံးများသည် တချက် ဝင်းလက်၍ သွားလေတော့သည်။

ယခု သေတ္တာထဲတွင် မုရုံကုဖန် ရှိနေပါသည်။ သို့သော် ကြိုတင်၍ သိထားခြင်းမရှိလျှင် သေတ္တာထဲ၌ မုရုံကုဖန် ရှိနေမည်ဟု သိနိုင်မည် မဟုတ်ချေ။

ဤသို့ဆိုလျှင် ဤသေတ္တာထဲ၌ မိန်းကလေးတဦးအားထည့်၍ သယ်ဆောင်မည်ဆိုလျှင် မည်သူက သေတ္တာထဲတွင် မိန်းကလေး ရှိနေပါသည်ဟု ပြောနိုင်ပါမည်နည်း။ ထိုစဉ် အခန်းထဲမှ

မီးရောင်များသည် မှိန်၍ သွားသည်ဟု ဖန်းကျုံစင်း သတိပြုမိလိုက်သည်။ ထို့ကြောင့် မီးအိမ်ရှိရာသို့ လှမ်း၍ ကြည့်လိုက်လေသည်။

ယင်းသို့ ကြည့်လိုက်စဉ်မှာပင် မီးအိမ်မှ မီးသည် ရုတ်ခြည်း ငြိမ်းသေ သွားလေတော့သည်။ ထို့ကြောင့် အခန်းတခုလုံးသည် ရုတ်တရက် မှောင်၍ သွားလေတော့သည်။

ထိုစဉ် သေတ္တာထဲမှ မုရှိုကုဖန်၏ အသံကို ဖန်းကျုံစင်း ကြားလိုက်ရလေသည်။

'မီးအိမ်က မီးတွေ ဘာကြောင့် ငြိမ်းသွားတယ် ဆိုတာကို ရှင် သိရဲ့လား'

ဖန်းကျုံစင်းသည် သူ၏ ဦးခေါင်းကို ခါယမ်းလိုက်လေတော့သည်။ သို့သော် ယခုကဲ့သို့ သူ၏ ဦးခေါင်းယမ်းခြင်းကို မုရှိုကုဖန် မြင်နိုင်မည် မဟုတ်ပါ။ သို့ရာတွင် သူ၏ စိတ်ထဲ မည်သို့ ရှိနေမည်ကိုတော့ မုရှိုကုဖန် သိကောင်း သိနိုင်မည် မဟုတ်ပါလော။

× × ×

အမှောင်ထု ကြီးစိုးနေသည်။

ပြတင်းပေါက်မှ တိုး၍ ဝင်ရောက်လာသော လရောင်သည်ပင် အခန်းထဲရှိ အမှောင်ထုအား ထိုးဖောက်နိုင်စွမ်း မရှိချေ။ ထိုစဉ်





စိမ်းလဲ့သော အလင်းရောင် တခုသည် သေတ္တာထဲမှ ပေါ်ထွက်လာခြင်း ဖြစ်ပေသည်။

သေတ္တာအဖုံး တဖြည်းဖြည်း ပွင့်သွားသည်နှင့် စိမ်းလဲ့သော အလင်းရောင်သည် တဖြည်းဖြည်း ပိုမို ကျယ်ပြန့်လာလေသည်။

ဖန်းကျုံစင်းသည် အံ့သြ ငေးမောစွာ ထိုအလင်းရောင်တန်းကို စိုက်၍ ကြည့်နေလေသည်။ တကယ်တော့ ထိုစိမ်းလဲ့သော အလင်းရောင်သည် မုရှိုကုဖန်၏ ခန္ဓာကိုယ်ပေါ်မှ ဖြာထွက်နေခြင်းပင် ဖြစ်သည်။

မုရှိုကုဖန်သည် သေတ္တာထဲမှ ထွက်လိုက်သည်။ သူမ၏ ခန္ဓာကိုယ် တခုလုံးသည် ယင်းစိမ်းလဲ့သော အလင်းရောင်များ တောက်ပ၍ နေလေသည်။

ဖန်းကျုံစင်းသည် အံ့သြစွာ ငေးကြည့်ယင်း....

'မီးအိမ်ကို ဘာလို့ ဆီဖြည့်မထားသလဲ မသိဘူး'

ဟု တုန်ယင်သော အသံဖြင့် ပြောလိုက်သည်။ မုရှိုကုဖန်သည် ပြုံးလျက်....

'မီးအိမ်တွေမှာ ဆီအပြည့်ရှိပါတယ်၊ ဒါပေမယ့် ကျွန်မက သွန်ပစ်ခိုင်းလိုက်တယ်'

'ဘာဖြစ်လို့လဲ'

'မှောင်စေချင်လို့ပေါ့'

'ဘာဖြစ်လို့ မှောင်စေချင်တာလဲ'

'ကျွန်မ အသွားအို တယောက် ဖြစ်မှန်း မသိစေချင်လို့ပေါ့'

ဖန်ကျုံစင်းသည် ရုတ်တရက် ရယ်မောလိုက်ပြီး....

'ခင်ဗျားက သိပ်ပြီး မအိုစာသေးပါဘူး၊ အသက် ဘယ်လောက် ကြီးသေးလို့လဲ'

မုရိုကုဖန်သည် သဘောကျစွာ တချက် ရယ်မောယင်း....

'မိန်းကလေးတွေရဲ့ လျှို့ဝှက်ချက်တခုဟာ သူတို့ရဲ့အသက်အရွယ် ဘယ်လောက်ရှိပြီ ဆိုတာပဲ'

ဖန်းကျုံစင်းသည် ပြုံးယင်း....

'ဘာပဲဖြစ်ဖြစ် ခင်ဗျားဟာ အတွားအို တယောက်တော့ မဟုတ်နိုင်သေးပါဘူး'

မုရိုကုဖန်သည် ဖန်းကျုံစင်း၏အနီးသို့ တိုး၍ လျှောက်လာယင်း....

'ယောကျ်ားတွေရဲ့ အတတ်ပညာ တခုဟာ လူသေတွေကို ခေါင်းညိတ်အောင် ညာနိုင်တယ်တဲ့'

ဖန်းကျုံစင်းသည် နှင်ခြိုက်စွာ ပြုံးယင်း...

'လူသေတွေကို ခေါင်းညိတ်အောင်ညာရတာထက် အသက်ရှင်တဲ့ လူတွေကို ညာရတာက ပိုပြီး ခက်ပါတယ်၊ ဒါပေမယ့် မိန်းမတွေ အတွက်တော့ လွယ်တယ်လို့ ဆိုရိုးစကား ရှိတယ် မဟုတ်လား'

မုရိုကုဖန်သည် ဖန်းကျုံစင်း၏ စကားကို သဘောကျဟန်ဖြင့် တဟားဟား ရယ်မောလိုက်ပြီး ဖန်းကျုံစင်း၏ အနားသို့ ပို၍ တိုးကပ်လာလေသည်။ ပြီးမှ....

'ကျွန်မကိုယ်က အရောင်တောက်မနေဘူးလား'

ဖန်းကျုံစင်းသည် ဦးခေါင်းကို ညိတ်လိုက်ပြီး....

'အင်း အစိမ်းရောင် တောက်နေတယ်'





'ဒီလို ခန္ဓာကိုယ်မျိုးကိုရော ရှင် မြင်ဖူးလား'

'ဟင့်အင်း'

'ဒါဟာ အလှဆီတမျိုးကို လိမ်းထားတာပဲ၊ ကိုယ်ပေါ်ကို အဲဒီ အလှဆီ လိမ်းလိုက်တာနဲ့ ခန္ဓာကိုယ်ပေါ်က အသားစိုင်တွေဟာ တင်းမာလာပြီး အသားအရေစိုပြည်လာတယ် တွန့်ရှုံ့တဲ့ အရေပြားတွေဟာလဲ ပျောက်ကွယ်သွားတယ်၊ ဒါကြောင့် လူဟာ နုပျိုနေတာပေါ့၊ ဒီတော့ ရှင်က ကျွန်မရဲ့ အသက်ကို ဘယ်ခန့်မှန်းလို့ ရနိုင်ပါ့မလဲ'

ဖန်းကျုံစင်းသည် ပြုံးလိုက်သည်။ ဘာမှပြန်၍မပြောချေ။ မုရိုကုဖန်သည် ချစ်စရာအပြုံးကလေး တချက် ပြုံးလိုက်ပြီး၊ သူမ၏ လှပသော လက်နှစ်ဘက်ဖြင့် ဖန်းကျုံစင်း၏ လည်ပင်းအား ဖက်လိုက်သည်။ ပြီးမှ—

'ဒါပေမယ့် အဲဒီ အလှဆီကို တလတခါ မှန်မှန်လိမ်းရတယ်၊ အဲဒီလို မလိမ်းမိယင် အသားတွေ ပျက်စီးကုန်တယ်'

ဖန်းကျုံစင်းသည် မုရိုကုဖန်၏ ညှို့ဓာတ် အပြည့်ပါသော မျက်ဝန်းတစုံအား အနီးကပ် စိုက်၍ကြည့်ယင်း—

'ကျွန်တော် ပြောပြီးပြီပဲ၊ ခင်ဗျား အသက် ဘယ်လောက်ကြီးကြီး ကျွန်တော် ဂရုမစိုက်ပါဘူးလို့'

မုရိုကုဖန်သည် သဘောကျစွာ တချက် ရယ်မောယင်း ဖန်းကျုံစင်း၏ ရင်ခွင်ထဲသို့ တဖြည်းဖြည်း တိုးဝင်သွားလေသည်။

ထိုစဉ် လေပြင်းတချက်သည် ကန်ရေပြင်ပေါ်မှ ဖြတ်သန်းကာ ပြတင်းပေါက် တံခါးအား ပိတ်သွားစေသည်အထိ တိုက်ခတ် လိုက်လေတော့သည်။

ထို့ကြောင့် အခန်းတခုလုံးသည် လုံးဝ မှောင်၍ သွားလေတော့သည်။ သို့သော်....ဖန်းကျုံစင်းနှင့် မုရုံကုဖန်တို့ အကြား၌ ဖြစ်ပေါ်နေသော အမှောင်ထက်ပို၍ မှောင်မိုက်နိုင်စွမ်း မရှိပါချေ။

× × ×

ပျော်စရာ သစ်တောကျေးရွာသို့ မုရုံကုဖန်တို့ ဝင်ရောက်လာခဲ့ချိန်တွင် ယင်းကျေးရွာမှ လူတဦးထွက်ခွာသွားခဲ့ပါသည်။ ထိုလူသည် ဝါးခမောက်ဆောင်းထားပြီး အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားသော ဆင့်ဆင့်အိပင် ဖြစ်ပါသည်။

သူသည် ပျော်စရာသစ်တောကျေးရွာမှ ပိုင်လိုရိ၏ အစီအစဉ်အရ တိတ်ဘဆိတ် ထွက်ခွာလာခြင်း ဖြစ်ပါသည်။





ပိုင်လိုရိသည် သူ၏ အစီအစဉ်ကို ဆင့်ဆင့်အိအား ပြောပြသောအခါ ဆင့်ဆင့်အိသည် မယုံကြည်နိုင်လောက်အောင်ပင် အံ့သြမိသည်။

× × ×

ထို့ပြင် ယင်းအစီအစဉ်သည် မည်သူမျှ ရုတ်တရက် စဉ်းစားနိုင်မည်မဟုတ်သော အစီအစဉ်တခုလည်း ဖြစ်၏။ တခါတရံ အမှုမဲ့ အမှတ်မဲ့ ကိစ္စကလေးများသည် ပြဿနာတရပ်ကို ကိုင်တွယ် ဖြေရှင်းနိုင်သည်အထိ စွမ်းဆောင်နိုင်စွမ်းရှိသည် မဟုတ်ပါလော။ ယခုကဲ့သို့ ပျော်စရာသစ်တောကျေးရွာမှ ဆင့်ဆင့်အိ တိတ်တဆိတ် ထွက်ခွာလာခဲ့ခြင်းသည်ပင်လျှင် ပိုင်လိုရိ၏ အမှုမဲ့ အမှတ်မဲ့ အစီအစဉ်အစပင် ဖြစ်ပေတော့သတည်း။

လော့မာကျင် ကျေးရွာမှ သံချောင်းခေါက်သံ နှစ်ချက် ပေါ်ထွက်လာလေသည်။ သန်းခေါင်ကျော် နှစ်ချက်တီးအချိန် သံချောင်းခေါက်သံပင် ဖြစ်ပါသည်။

ထိုအချိန်၌ ဆင့်ဆင့်အိသည် လော့မာကျင် ကျေးရွာ၏ ရွာဝင် လမ်းမပေါ်သို့ ရောက်ရှိလာလေသည်။ ထို့နောက်....

သူသည် ရွာဘေးမှပတ်၍ ရွာ၏ အနောက်ဘက် ရွာဝင်လမ်းမသို့ ဦးတည်၍ သွားလိုက်သည်။ မကြာမီအချိန်မှာပင် ရွာနောက်ဘက် ရွာအဝင် လမ်းမပေါ်သို့ ဆင့်ဆင့်အိ ရောက်ရှိလာလေတော့သည်။

အချိန်အနည်းငယ် ကြာသောအခါ သူသည် အိမ်ခြံဝန်းတခု၏ အနောက်သို့ ရောက်ရှိလာလေသည်။ သူသည် ထိုနေရာ၌ ခေတ္တရပ်တန့်လိုက်ပြီး ဝန်းကျင်ကို တချက် အကဲခတ် ကြည့်လိုက်လေသည်။ ပြီးမှ ခြံဝန်းအား ကျော်ကာ ခြံထဲသို့ ဝင်လိုက်လေသည်။

ထို့နောက် ပန်းချုံများကို အကာအကွယ်ပြု၍ အိမ်နောက်ဘက်သို့ ချဉ်းကပ်သွားလေသည်။ မကြာမီ သူသည် အခက်အခဲမရှိပဲ လွယ်ကူစွာ အိမ်နောက်ဘက်သို့ ရောက်ရှိသွားလေတော့သည်။

ဤခြံဝန်း၊ ဤအိမ်သည် သူနှင့် ရင်းနှီး ကျွမ်းဝင်သော နေရာတခုပင် ဖြစ်ပေသည်။

အကြောင်းမှာ ဤခြံဝန်း၊ ဤအိမ်၏ပိုင်ရှင်သည် သူနှင့် ရင်းနှီးသောသူငယ်ချင်းတဦးပင် ဖြစ်သောကြောင့်တည်း။ ထို့ပြင် သူသည် ဤအိမ်သို့ ဧည့်သည်အဖြစ် အကြိမ်ပေါင်း များစွာ ရောက်ရှိခဲ့ဖူးသည်။

ဤသို့ဆိုလျှင် ယခု သူသည် မည်သည့် အတွက်ကြောင့် တံခါးမကြီးမှ မဝင်ပဲ နောက်ဘက်မှ လှည့်၍ ခိုးကြောင်ခိုးဝှက် ဝင်ရောက်ရသနည်း။





ဤသည်မှာ ပိုင်လိုရိ၏ အစီအစဉ်များထဲမှ အစီအစဉ်တခု ပေလော။

x x x

လသာသော ညတည ဖြစ်ပါသည်။

လ၏ အလင်းရောင်သည် ပြတင်းပေါက်မှန်မှတဆင့် အခန်းထဲသို့ ကျရောက်နေလေသည်။

အိုက်ဖွေးရှိသည် ပြတင်းပေါက်မှ ပေါ်ထွက် လာသော အသံတသံကြောင့် ရုတ်တရက် နိုး၍ လာလေသည်။ သူသည် အိပ်ရာမှ နိုးလျှင်နိုးချင်း အိပ်ရာဘေးရှိ စားပွဲခုံပေါ်မှ ဓားပေါ်သို့ လက်လှမ်းလိုက်လေသည်။ သူ၏ သတိသည် လျှင်မြန် ဖျတ်လတ်နေသည်။ ရုတ်တရက် အိပ်ရာမှ နိုးခဲ့သော်လည်း သူ၏ ဦးနှောက်သည် ထုံထိုင်း၍ မနေပါ။

ထို့ကြောင့်လည်း သူသည် အသက်ဘေးမှ ကြိမ်ဖန်များစွာ လွတ်မြောက်ခဲ့သည်။ ထို့ကြောင့် သူ့အား သိုင်းလောကမှ 'သွက်လက်သောဓား' ဟု အမည်ပေးခဲ့ကြလေသည်။ သို့သော် သူသည် သူ့ကိုယ်သူ သွက်လက်သောဓားသမားနှင့် မတန်ဟု ယူဆခဲ့သည်။ အကြောင်းမှာ သူ့ထက် သွက်လက်သောဓား တလက် ရှိနေသည်ဟု ခံယူထားခဲ့သောကြောင့်ပင် ဖြစ်သည်။

ထို့ပြင် ထိုလူကိုလည်း သူ လေးစားသည်။ ထိုလူတဦးတည်းကိုသာ သူ လေးစားခြင်း ဖြစ်သည်။ ထိုလူမှာ ဆင့်ဆင့်အိပင် ဖြစ်သည်။

x x x

အိုက်ဖွေးရီ။

သူသည် အိပ်ရာပေါ်တွင် မလှုပ် မယှက် ငြိမ်သက်စွာ လဲလျောင်း၍နေသည်။ သို့သော် သူ၏လက်သည် အိပ်ရာဘေးရှိ စားပွဲခုံပေါ်မှ ဓားရိုးပေါ်၌ ရှိနေလေသည်။ သူသည် အံ ကြားရာ ပြတင်းပေါက်သို့ လှမ်း၍ ကြည့်နေသည်။ ပြတင်းပေါက်တွင် လူရိပ်တရိပ် လှုပ်ရှား၍နေသည်။

မကြာမီပင် ပြတင်းပေါက်တံခါး ပွင့်၍သွားပြီး လူရိပ်သည် အခန်းထဲသို့ ရောက်ရှိ လာလေတော့သည်။ အိုက်ဖွေးရီသည် ချောင်းတချက် ဟန့်လိုက်ပြီး....

'ဟော့....ဘယ်သူလဲ'

ဟု လှမ်း၍မေးလိုက်လေသည်။

သို့သော် လူရိပ်ထံမှ ဖြေသံ မကြားရချေ။

ထို့ပြင် လူရိပ်သည် ရှေ့သို့ တိုး၍လာလေသည်။ အိုက်ဖွေးရီသည် နှုတ်ခမ်းတချက် တွန့်၍ ပြုံးလိုက်ပြီး....





'ဘယ်လဲ အတင့်ရဲလှချည့်လား'

ဟု ရေရွတ်လိုက်ပြီး အိပ်ရာမှ လျင်မြန်စွာ ထလိုက်သည်။ ထို့နောက် တဆက်တည်း လက်ထဲမှဓားဖြင့် သွက်လက်စွာ ထိုလူရိပ်အား တိုက်ခိုက်လိုက်လေသည်။

မျက်စိတမှိတ် အချိန်ကလေး အတွင်းမှာပင် အိုက်ဖွေးရီသည် ထိုလူရိပ်အား ဓားချက် ခုနစ်ချက် တိုက်ခိုက်လိုက်ပြီး ဖြစ်လေသည်။ သို့သော် သူ၏ ဓားချက် ခုနစ်ချက်သည် လေကိုသာ ခုတ်မိခဲ့လေတော့သည်။ ထို့ကြောင့်အိုက်ဖွေးရီ၏မျက်လုံးတစုံသည် ပြူးကျယ်၍ သွားလေတော့သည်။ သူ၏ ဓားချက် ခုနစ်ချက်သည် သွက်လက်သည်။ တိကျသည်။ ရုတ်တရက် ရှောင်တိမ်းရန် ခဲယဉ်းသည်။

သို့သော် ထိုဓားချက် ခုနစ်ချက်သည် ထို လူရိပ်၏ အင်္ကျီစကိုပင် ထိမိခဲ့ခြင်း မရှိပါ။ ထို့ကြောင့် သူ၏ မျက်လုံးသည် ပြူးကျယ်၍ သွားခြင်းပင် ဖြစ်ပါသည်။

ထို့ပြင် သူ၏ဓားချက်ခုနစ်ချက်ကို ရှောင်တိမ်းနိုင်စွမ်းသော ထိုလူ၏ သိုင်းပညာ အဆင့်သည် မသေးကြောင်း သူ နားလည်လိုက်လေသည်။

အိုက်ဖွေးရီသည် အံတချက် ကြိတ်လိုက်ပြီး နောက်ထပ် ဓားချက် ဆယ့်နှစ်ချက်ကို တဒင်္ဂအတွင်း တိုက်ခိုက်လိုက်လေသည်။ သို့သော် သူ၏ ဓားချက် ဆယ့်နှစ်ချက် မြောက်သည့် အချိန်၌ သူ၏ လက်ကောက်ဝတ် တခုလုံး နာကျင်၍သွားပြီး သူ၏ဓားသည် ထိုလူရိပ်၏ လက်ထဲသို့ ရောက်ရှိ သွားလေတော့သည်။

ထို့နောက် ထို လူရုပ်ထံမှ 'ရှဲ' ဟူသော မီးခြစ် ခြစ်သံနှင့် အတူ မီးတောက်ကလေး တချက် ပေါ်ထွက်လာပြီး....

'ငါပါကွ'

ဟု ပြောသံ ကြားလိုက်ရလေသည်။

မီးတောက်မှ အလင်းရောင်သည် အခန်းတခုလုံးအား လင်းထိန်၍ မသွားစေသော်လည်း ထိုလူရုပ်၏မျက်နှာကို ကောင်းစွာ မြင်တွေ့နိုင်ရန် အလင်းရောင် ပေးနိုင်သည်။ ထို့ကြောင့် အိုက်ဖွေးရီသည် ထိုလူရုပ်၏ မျက်နှာကို ကောင်းစွာ တွေ့မြင်လိုက်ရလေသည်။ သူသည် ထိုလူရုပ်၏ မျက်နှာအား မြင်တွေ့လိုက်သည်နှင့် အံ့ဩသော လေသံဖြင့်....

'ဆင့်ဆင့်အိ'

ဟု တီးတိုး ရေရွတ်လိုက်မိလေတော့သည်။

× × ×

ဆင့်ဆင့်အိသည် အိုက်ဖွေးရီ၏ ခုတင်ပေါ်၌ ထိုင်လိုက်ပြီး တဆက်တည်း သူ၏လက်ထဲမှ အိုက်ဖွေးရီ၏ဓားကို အိုက်ဖွေးရီထံ ပြန်လည် ပေးလိုက်လေသည်။

အိုက်ဖွေးရီသည် အံ့ဩ ဝမ်းသာဟန်ဖြင့်....





'ကျွန်တော်က ဘယ်သူလဲလို့၊ ဒါနဲ့နေပါဦး၊ အစ်ကိုက ဘာဖြစ်လို့ ဒီအချိန်ကျမှ ခိုးကြောင်ခိုးဝှက်နဲ့ လာရတာလဲ'

ဆင့်ဆင့်အိသည် သူ၏ ညာဘက် လက်ထဲမှ မီးငြိမ်းလုပြီဖြစ်သော မီးခြစ်ဆံမှ မီးတောက်ဖြင့် စားပွဲပေါ်မှ မီးအိမ်ကို ထွန်းညှိလိုက်လေသည်။ ပြီးမှ....

'ဘယ်သူမှ မသိစေချင်လို့ပေါ့'

အိုက်ဖွေးရီသည် မျက်မှောင်ကြုတ်လိုက်ပြီး....

'အရေးကြီးတဲ့ ကိစ္စ ရှိလို့လား'

ဆင့်ဆင့်အိသည် ဦးခေါင်းကို ညိတ်လိုက်ယင်း

'မင်းရဲ့ အကူအညီ လိုချင်လို့'

အိုက်ဖွေးရီသည် ပြုံးလိုက်ပြီး....

'အတော်ပဲ၊ ကျွန်တော်က အစ်ကို ကျွန်တော့်ကို ဘယ်တော့ ခေါ်ပြီး သုံးမယ်ဆိုတာ စောင့်နေတာ'

ဆင့်ဆင့်အိသည် ထိုင်ရာမှ ထလိုက်ပြီး....

'မင်း အခု ခရီးထွက်ရမယ်၊ မင်းဘာသာ အကြောင်းတခုခု ဖွပြီး ထွက်ခဲ့၊ ငါကျောင်းကုံလမ်းမက စောင့်နေမယ်'

အိုက်ဖွေးရီသည် မျက်မှောင်ကြုတ်ယင်း....

'ကိစ္စက ဒီလောက်တောင် အရေးကြီးလို့လား'

ဆင့်ဆင့်အိသည် နှုတ်ခမ်း တချက် တွန့်၍ ပြုံးယင်း....

'ဒီထက် ပိုပြီး အရေးကြီးချင် ကြီးလိမ့်မယ်၊ ဒါနဲ့ မင်း ချယ်ရီနီသူခိုးဆိုတာ ကြားဖူးလား'

အိုက်ဖွေးရီသည် သူ၏ ဦးခေါင်းကို ညိတ်ပြယင်း....

'ဟုတ်ကဲ့၊ ဘာလဲ အစ်ကိုက ချယ်ရီနီ သူခိုးနဲ့ ရင်ဆိုင် မလို့လား'

'ဟုတ်တယ်'

'ဒါဖြင့် အတော်ပဲ၊ ကျွန်တော်လဲ သူနဲ့ တပွဲတလမ်း တွေ့ချင်နေတာ'

'ဒါကြောင့် မင်းကို လာခေါ်တာပေါ့'

'ကဲ.... အစ်ကို သွားတော့၊ ကျွန်တော် အခု ချက်ချင်းပဲ လိုက်လာခဲ့မယ်'

ဆင့်ဆင့်အိသည် မီးအိမ်ကို မှုတ်၍ မီးငြိမ်းလိုက်ပြီး....

'ငါ စောင့်နေမယ်'

ဟု ပြောကာ ပြတင်းပေါက်မှ ပြန်လည် ထွက်ခွာသွားလေတော့သည်။

× × ×

အရုဏ်ဦး အချိန်ဖြစ်သည်။

ထိုအချိန်တွင် ဆင့်ဆင့်အိသည် ပျော်စရာ သစ်တော ကျေးရွာသို့ တိတ်တဆိတ် ပြန်လည်ရောက်ရှိလာခဲ့လေသည်။ သို့သော် သူတယောက်တည်းသာ ဖြစ်ပါသည်။ သူနှင့်အတူ အိုက်ဖွေးရီ





ပါလာခြင်း မရှိပါ။ ဤသို့ဆိုလျှင် အိုက်ဖွေးရီသည် မည်သည့် နေရာတွင် ကျန်ရစ်ခဲ့သနည်း။

× × ×

ထိုနေ့ တနေ့လုံး ပိုင်လိုရီ၊ ပိုင်ပင်းနှင့် ဆင့်ဆင့်အိတို့သည် သူတို့၏ တည်းခိုခန်းမှ ထွက်လာခြင်း မရှိချေ။

ယခုအကြိမ်သည် ပျော်စရာ သစ်တောကျေးရွာသို့ သူတို့ ရောက်ရှိပြီးနောက် အခန်းထဲမှတဖဝါးမှမခွာပဲ အခန်းအောင်း နေခြင်းသည် ပထမအကြိမ်ပင် ဖြစ်ပေသည်။ ထို့ကြောင့် ယင်း တည်းခိုခန်းရှိ လူတိုင်းသည် ဤအချက်ကို သတိထားခဲ့ကြလေ သည်။ ပိုင်လိုရီသည် မည်သူမျှ အပြင်မထွက်ရန် တားမြစ်ခဲ့ သည်။

ထို့နောက် သူတို့သည် စားစရာများကို အခန်းထဲ၌သာ မှာယူ စားသောက်ခဲ့ကြလေသည်။ ထို့ကြောင့် လူတိုင်းသည် အံ့သြ၍ နေကြလေတော့သည်။ သို့သော် ညနေချိန်၌ ပိုင်လိုရီ တို့သည် သူတို့၏ တည်းခိုခန်းမှ ထွက်လာခဲ့ကြလေတော့သည်။

ပထမဆုံး ထွက်လာသူမှာ ဆင့်ဆင့်အိ ဖြစ်ပါသည်။ သူ၏ နောက်မှ ပိုင်ပင်း လိုက်ပါလာပြီး ပိုင်ပင်း၏ နောက်မှ ပိုင်လိုရီ

သည် ထက်ကြပ်မကွာ လိုက်ပါလာလေသည်။ သူတို့၏ မျက်နှာအမူအရာသည် တစုံတခုအတွက် လေးနက်နေကြောင်း ပေါ်လွင်နေပေသည်။

× × ×

ရက်ဝှာစွမ်း။

တည်းခိုခန်း၏ အမည် ဖြစ်ပါသည်။

ထိုတည်းခိုခန်းသည် ပိုင်လိုရိုတို့တည်းခိုသော တည်းခိုခန်း၏ အမည် ဖြစ်ပါသည်။

ရွှေယဉ်စွမ်း။

ယင်း တည်းခိုခန်းသည် မုရုံကုဖန်တို့ တည်းခိုသော တည်းခိုခန်း၏ အမည် ဖြစ်ပါသည်။ ရက်ဝှာစွမ်းနှင့် ရွှေယဉ်စွမ်း တည်းခိုခန်း နှစ်ခု၏ အလယ်တွင် ပိုင်စွမ်း စားသောက်ဆိုင် ရှိပေသည်။

ထို စားသောက်ဆိုင်သည် အကောင်းဆုံး အရက်နှင့် အကောင်းဆုံး စားသောက်စရာများ ရနိုင်သော နေရာ ဖြစ်ပါသည်။ သို့သော် ဈေးနှုန်းသည်လည်း အထူး ကြီးမြင့် လှပေသည်။ အကောင်းဆုံး အရက်နှင့် အကောင်းဆုံး စားသောက်စရာများ ရရှိရန် အကောင်းဆုံး ဈေးနှုန်း ပေးရလေမည်။





ထိုက်ပိုင်စွမ်းမှ စားဖိုမှူးသည် တောင်မြောက်တလွှားတွင် နာမည်ကျော်သော စားဖိုမှူးတဦး ဖြစ်ပေသည်။ ထို့ကြောင့် ထိုက်ပိုင်စွမ်း၏ ဈေးနှုန်းကို မည်သူမှ ဂရုမစိုက်တော့ချေ။

× × ×

ထိုက်ပိုင်စွမ်း စားသောက်ဆိုင်။

ယင်းဆိုင်တွင် စားသောက်ခန်း က လေး ပေါင်း များစွာ ရှိပေသည်။

အခန်းတိုင်းတွင် ကန့်လန့်ကာများ ကာရံထားသဖြင့် အခန်းထဲရှိ လူများကို အပြင်မှ တွေ့နိုင်မည် မဟုတ်ချေ။

ထိုအခန်းငယ်များထဲမှ အခန်းငယ်တခုတွင် ပိုင်လိုရိုတို့သည် မှာယူထားသော စားစရာများကို စောင့်မျှော်နေလေသည်။

× × ×

စားစရာများ ရောက်ရှိလာပြီ ဖြစ်သည်။

သို့သော် မည်သူမျှ စတင် စားသောက်ခြင်း မပြုသေးချေ။

ပိုင်လိုရီသည် ဆင့်ဆင့်အိနှင့် ပိုင်ပင်းအား တချက်လှမ်း၍ကြည့်လိုက်သည်။ ပြီးမှ ရှတ်တရက် ရယ်မောလိုက်ယင်း....

'ကဲ....လောလောဆယ်မှာ ကျုပ်တို့ စားစရာတွေကို အားရပါးရစားတာ အကောင်းဆုံး ဖြစ်မယ်လို့ ထင်တယ်'

ဆင့်ဆင့်အိသည် ပြုံးလိုက်ပြီး....

'အင်း... အစ်ကိုကြီးရဲ့စကားကို လိုက်နာတာ အကောင်းဆုံးဖြစ်မယ်လို့ ကျွန်တော် ယူဆပါတယ်'

ပိုင်ပင်းသည် ချစ်စရာပြုံးလိုက်ယင်း....

'ကျွန်မကတော့ အဖေ ဒီလို ပြောလာဖို့ကို စောင့်နေတာ'

ဟု ပြောလိုက်ပြီး ဟင်းခွက်ကို စတင် နှိုက်ယူလိုက်လေသည်။

ပိုင်လိုရီသည် မျက်မှောင် ကြုတ်လိုက်ပြီး....

'သမီးက စည်းကမ်း မရှိပါလား'

ဟု ငေါက်လိုက်လေသည်။

ပိုင်ပင်းသည် သူမ၏လျှာကို လှစ်ကနဲ တချက်ထုတ်လိုက်ပြီး-

'အို.... အဖေကလဲ သမီးက ဗိုက်ဆာနေပြီ အဖေရဲ့'

ဟု ပြောလိုက်လေသည်။

ထိုစဉ် ရုတ်တရက်....

'ဆင့်ဆင့်အိ ထွက်ခဲ့ပါ'

ဟူသော အသံတသံသည် ကန့်လန့်ကာ၏ အပြင်ဘက်မှ ပေါ်ထွက်လာလေသည်။ ဆင့်ဆင့်အိသည် ရုတ်တရက် မျက်မှောင်ကြုတ်၍ သွားလေသည်။ အခန်းအပြင်မှ အသံတသံသည် ဆက်လက်၍ ထွက်ပေါ်လာပြန်သည်။





'ဆင့်ဆင့်အိ ခင်ဗျား ဘာဖြစ်လို့ ပြန်မထူးတာလဲ၊ အထဲမှာ ခင်ဗျားရှိနေတာ ကျုပ် သိတယ်'

ဆင့်ဆင့်အိသည် ပိုင်လိုရီအား တချက်လှမ်းကြည့်လိုက်ပြီး၊ သူ၏ ပခုံးနှစ်ဘက်ကို တွန့်ပြလိုက်လေသည်။ ပြီးမှ—

'အပြင်မှာ ဘယ်သူလာပြီး အော်ကြီးဟစ်ကျယ် လုပ်နေတာလဲ'

ဟု ပြန်လည် အော်ဟစ်လိုက်လေသည်။

ထိုစဉ် ရုတ်တရက် ကန့်လန့်ကာသည် တချက် လှုပ်ရှားသွားပြီး အခန်းထဲသို့ လူတယောက် ဝင်ရောက်လာလေသည်။ ထိုလူသည် အသက် လေးဆယ်ခန့် ရှိပြီး သူ၏ လက်ထဲ၌ ဓားတလက်ကိုင်ထားလေသည်။ ပိုင်ပင်းသည် ရုတ်တရက် လန့်ဖျပ်ကာ အော်ဟစ်လုမတတ် ဖြစ်သွားလေသည်။ သို့သော် ပိုင်လိုရီနှင့် ဆင့်ဆင့်အိသည် ထိုလူအား အရေးမစိုက်သကဲ့သို့ စားစရာများကို စတင်စားသောက်နေလေသည်။ ထိုလူသည် နှုတ်ခမ်းတချက်ကို အရှုပ်ဆိုးအောင် မဲ့လိုက်ယင်း....

'ဆင့်ဆင့်အိ ကျုပ်ကို မှတ်မိရဲ့လား'

ဟု မေးလိုက်လေသည်။

ဆင့်ဆင့်အိသည် ထိုလူအား တချက်ကြည့်လိုက်ပြီး သူ၏ ပန်းကန်ထဲမှ ဟင်းများကို တူဖြင့်ညှပ်၍ စားသောက်နေလေသည်။ ထိုလူသည် သူ၏ လက်ထဲမှ ဓားကို တချက်ဝင့်လိုက်ပြီး ဆင့်ဆင့်အိအား စိုက်၍ ကြည့်ကာ....

'မင်း....မင်း....ငါ့ကို မမှတ်မိတော့ဘူးလား'

ဟု မေးလိုက်လေသည်။

ဆင့်ဆင့်အိသည် အရက်အိုးထဲမှ အရက်ကို ခွက်ထဲသို့ ပြည်း ညင်းစွာ ငှဲ့ထည့်ယင်း အေးစက်သော အသံဖြင့်....

'အင်း....ထိုက်ပိုင်စွမ်းရဲ့ ဟင်းလျာတွေက ကောင်းပေမယ့် အရသာ မရှိတော့ပါလား'

ဟု ညည်းလိုက်လေသည်။

ပိုင်လိုရိသည် ဆင့်ဆင့်အိအား လှမ်း၍....

'သူက ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

ဆင့်ဆင့်အိသည် နှုတ်ခမ်းတွန့်၍ တချက်ပြုံးလိုက်ပြီး....

'ချမ်းတုံးရဲ့ လူမိုက်ညီနောင်ထဲက ကျူလိပါ'

ဟု ဖြေလိုက်လေသည်။

ပြီးမှ တဆက်တည်း ကျူလိကို ကြည့်လိုက်ယင်း....

'ဒီအချိန်ဟာ မင်း အပြင်ရောက်သင့်တဲ့အချိန် မဟုတ်ဘူး'

ဟု ပြောလိုက်လေသည်။

ကျူလိသည် ရှတ်တရက် ရယ်မောလိုက်ပြီး....

'မှန်တာပေါ့၊ မင်းက ငါ့ကို ထောင်ထဲ ပို့ခဲ့ပေမယ့် ငါ့မြို့ မြောက်စိမ်းတော သူငယ်ချင်း ဆယ့်သုံးယောက်က အပြင် ထုတ်ပေးခဲ့တာပဲ'

ဆင့်ဆင့်အိသည် သူ၏ပခုံးကို တချက်တွန့်ပြလိုက်ပြီး....

'ဒါဆိုယင် မင်းရော မင်းရဲ့ သူငယ်ချင်းတွေကိုပါ စုဝေးပြီး ခေါင်းထဲ ပို့ပေးရမယ် ထင်တယ်'

ကျူလိသည် မဲ့ပြုံးကလေး ပြုံးယင်း....





'ကျုပ်နဲ့ ကျုပ် သူငယ်ချင်းတွေကတော့ ခင်ဗျားအတွက် သင်္ချိုင်းမှာ မြေဝယ်ထားတယ်'

ပိုင်လိုရိသည် ရုတ်တရက် ကျူလိအား တချက်လှမ်းကြည့် လိုက်ပြီး....

'အပြင်မှာ မင်းသူငယ်ချင်း ဆယ့်သုံးယောက်ရှိသလား'

ကျူလိသည် မဲ့ပြုံးပြုံးလျက်....

'ရှိတယ်'

ပိုင်လိုရိသည် စုပ်တချက် သပ်လိုက်ပြီး....

'ဒါဆို မင်း သူငယ်ချင်းတွေက မင်းကို အထဲဝင်ဖို့ တိုက် တွန်းလိုက်တာပေါ့'

ကျူလိသည် ဦးခေါင်းကို ခါယမ်းလျက်....

'တိုက်တွန်းလိုက်တယ်ဆိုယင်ရော ဘာအကြောင်းထူးမှာလဲ'

ပိုင်လိုရိသည် အားရပါးရပြုံးလျက်....

'ထူးတာပေါ့၊ မင်းသူငယ်ချင်းတွေက မင်းကို သေစေချင် လို့ တိုက်တွန်းလိုက်တာပေါ့'

ကျူလိသည် မျက်မှောင်ကြုတ်သွားပြီး....

'ကျုပ်သူငယ်ချင်းတွေမှာ ဒီလိုစိတ်ထား မရှိဘူး'

ပိုင်လိုရိသည် ရယ်မောလျက်....

'ဒါပေမယ့် မင်းက အထဲကိုမဝင်ဖို့ ခေါင်းမာနေမယ်ဆိုယင် သိုင်းလောကတခုလုံးကို မင်း အထဲမဝင်ရဲတဲ့ အကြောင်းကို သတင်းမလွှင့်ဘူးလို့ မင်း ပြောနိုင်ပါ့မလား'

ကျူလိ တချက်ငိုင်၍ သွားလေသည်။

ပိုင်လိုရိသည် ပြုံးလျက်....

'မင်းသူငယ်ချင်းက ဆယ့်သုံးယောက်ရှိတယ်၊ အဲဒီဆယ့်သုံးယောက်ထဲက ဆင့်ဆင့်အိကို သတ်နိုင်တဲ့ လူ ရှိယင် မင်းကို အထဲဝင်ဖို့ တိုက်တွန်းပါမလား'

ကျူလီ ဘာမျှ ပြန်၍ မပြောချေ။ သူသည် သူ၏ မျက်ခုံးမွေးများကို နှိမ့်ကျလာသည့်တိုင်အောင် မျက်မှောင် ကြုတ်၍ တွေဝေနေမိလေသည်။

ပိုင်လိုရိသည် သူ၏ စကားကို ဆက်၍—

'တကယ်လို့ ဆင့်ဆင့်အိကို သတ်နိုင်ခဲ့ယင် အဲဒီ လူဟာ သိုင်းလောကမှာ ဘယ်လောက် နာမည်ကျော်ကြားမယ်ဆိုတာ မင်းသူငယ်ချင်းတွေ မသိပဲ နေပါ့မလား'

ကျူလီ သည် သက်ပြင်း တချက် ချလိုက်ပြီး ဆင့်ဆင့်အိဘက်သို့ လှည့်ကာ....

'ကြာတယ်.... ဆင့်ဆင့်အိ၊ ခင်ဗျား အပြင် ထွက်ခဲ့ပါ'

ဟု စိန်ခေါ်လိုက်လေသည်။ ပိုင်လိုရိသည် လက်ကာ၍ ပြယင်း—

'ဘာလဲ၊ မင်းရဲ့ သူငယ်ချင်းတွေက မင်းကို ကူညီလိမ့်မယ်လို့ မင်း ထင်နေသလား'

ဟု မေးလိုက်လေသည်။

ကျူလီသည် ဘာမျှ ပြန်၍ မပြောတော့ပါ။ သူသည် သူ့လက်ထဲမှ ဓားကို တချက် ဝှေ့ယမ်းလိုက်ပြီး ဆင့်ဆင့်အိအား တိုက်ခိုက်လိုက်လေတော့သည်။

× × ×





'ဝုန်း'

ဟူသော အသံနှင့် အတူ ကျူလီ၏ ခန္ဓာကိုယ်သည် မြေပေါ်သို့ လဲကျသွားလေတော့သည်။ ကျူလီ၏ ဓားသွားသည် ဆင့်ဆင့်အိ၏ လည်ကုပ်ပေါ်သို့ ရောက်လုဆဲအချိန်တွင် ပိုင်လိုရိသည် လျင်မြန်စွာ တုံ့ပြန်လိုက်ခြင်းပင် ဖြစ်၏။ ပိုင်လိုရိ၏ တုံ့ပြန်ချက်သည် လျင်မြန်သည်။ တိကျသည်။ ထို့ကြောင့် ကျူလီသည် လဲကျရာမှ လျင်မြန်စွာ ထလိုက်ပြီး ထပ်မံ တိုက်ခိုက်ရန် ပြေးဝင်သွားလေသည်။

သို့သော် သူ၏ ခြေလှမ်းများသည် အခန်းဝသို့ မရောက်မီ ရုတ်တရက် ရပ်တန့် သွားလေတော့သည်။ အကြောင်းမှာ သူ၏ ရှေ့တွင် လူတယောက် ရပ်တန့်နေသည်ကို တွေ့ရသောကြောင့် ဖြစ်လေ၏။

× × ×

'အား'

စူးရှစွာ အော်ဟစ်သံသည် ကန့်လန့်ကာကို ဖြတ်သန်းလျက် အခန်းထဲသို့ ဝင်ရောက်လာလေတော့သည်။

ဆင့်ဆင့်အိသည် မျက်မှောင်တချက် ကြုတ်သွားပြီး ပိုင်လိုရိအား လှမ်း၍ ကြည့်လိုက်သည်။ ပိုင်လိုရိသည်လည်း မျက်

မှောင်ကြုတ်၍သွားပြီး ဆင့်ဆင့်အိအား တချက် လှမ်းကြည့်လိုက်လေသည်။

သူသည် ကျူလိအား တုံ့ပြန်လိုက်သော်လည်း ယခုကဲ့သို့ နာကျင် စူးရှစွာ အော်ဟစ်သည်အထိ တုံ့ပြန်ခြင်း မရှိခဲ့ပါ။

အခန်းအပြင်သို့ လွင့်ဇင်သွားရုံမျှသာ တိုက်ခိုက်ခဲ့ခြင်း ဖြစ်လေသည်။ ထို့ကြောင့် သူသည် အံ့ဩဟန်ဖြင့် ဆင့်ဆင့်အိအား တချက် လှမ်းကြည့်လိုက်ခြင်း ဖြစ်ပါသည်။

ဆင့်ဆင့်အိသည် မျက်မှောင်ကြုတ်ယင်း ထိုင်ရာမှ ထကာ...

'အပြင် ထွက်ကြည့်လိုက်ဦးမယ်'

ပိုင်လိုရိသည် ဦးခေါင်းကို ညိတ်ယင်း....

'ငါလဲလိုက်မယ်၊ သမီးက အဖေတို့နဲ့ ဝေးဝေးမနေနဲ့ ဟုတ်လား'

ဟု ပိုင်ပင်းအား လှည့်၍ မှာလိုက်သည်။ ထို့နောက် သူတို့သည် အခန်းထဲမှ အပြင်သို့ လှမ်းထွက်လိုက်လေတော့သည်။

× × ×

ကျူလိ၏ မျက်လုံးများသည် လှုပ်ရှားမှု မရှိပါ။ သူ၏မျက်လုံးများသည် တနေရာတည်းသို့သာ စူးစိုက်၍ ကြည့်နေသည်။ သို့သော် သူ၏ ခန္ဓာကိုယ်သည် ကြမ်းပေါ်တွင် လဲ၍ နေပြီ







ငြိမ်သက်နေသည်၊ သူ၏ ခန္ဓာကိုယ်ပေါ်မှ သွေးများသည် ကြမ်းပြင်ပေါ်သို့ စီးကျ၍ နေလေသည်။ သူ၏ အနီးတွင် လူတယောက်သည် မလှုပ်မယှက် ရပ်၍ နေလေသည်။ ထိုလူသည် လှပသော အဝတ်အစားများကို မင်းသား တပါးကဲ့သို့ ဝတ်ဆင်ထားပြီး သူ၏ လက်ထဲ၌ လှပသော ဓားတလက်ကို ကိုင်၍ ထားလေသည်။

ထိုဓားပေါ်တွင် အနီရောင် စွန်းထင်း၍ နေသည်။ ကျူလိ၏ သွေးစများ စွန်းထင်းနေခြင်းပင် ဖြစ်သည်။ ထိုလူသည် အခန်းထဲမှ ထွက်လာသော ဆင့်ဆင့်အိအား တချက် လှမ်း၍ ကြည့်လိုက်လေသည်၊ ပြီးမှ ဦးခေါင်းကိုညွှတ်၍ အရိုအသေပြုလိုက်သည်။

ပိုင်လိုရိနှင့်ဆင့်ဆင့်အိတို့သည် တယောက်မျက်နှာတယောက် လှမ်း၍ ကြည့်လိုက်လေသည်။ သူတို့သည် ထိုလူအား တွေ့မြင်ဖူးခြင်း မရှိပါ။ သူတို့သည် သိုင်းလောက၌ နှစ်ပေါင်း ကျွမ်းကျင်သောသူများ ဖြစ်သော်လည်း ယခု သူတို့၏ရှေ့၌ရှိသောလူအား တွေ့မြင်ဖူးခြင်း မရှိချေ။ ဆင့်ဆင့်အိသည် ထိုလူအား တချက်စိုက်၍ ကြည့်လိုက်ယင်း....

'မင်းက ဘယ်သူလဲ'

ဟု မေးလိုက်လေသည်။

ထိုလူသည် နှစ်လိုဖွယ်ရာ အပြုံးတချက် ပြုံးလိုက်ပြီး....

'ဖန်းကျူစင်း ပါ'

ဆင့်ဆင့်အိသည် ပိုင်လိုရိအား တချက်လှမ်း၍ ကြည့်လိုက်သည်။ ပိုင်လိုရိသည် သူ၏ပခုံးကို တချက် တွန့်ပြလိုက်သည်။ သူတို့သည် ထိုလူအား တွေ့ဖူးခြင်း မရှိရုံမျှမက ထိုလူ၏ နာမည်ကိုလည်း ကြားဖူးခြင်း မရှိပါ။ ပိုင်လိုရိသည် ဖန်းကျုံစင်းကို တချက် ကြည့်လိုက်ပြီး ...

'မင်းနဲ့ ကျူလိန့် ရန်ပြိုး ရှိလို့လား'

ဖန်းကျုံစင်းသည် ဦးခေါင်းကို ခါယမ်းလျက်....

'မရှိပါဘူး'

ပိုင်လိုရိသည် မျက်မှောင် တချက်ကြုတ်လိုက်ပြီး....

'ဒါဖြင့် ဘာလို့ သတ်ရတာလဲ'

'ပျော်စရာ သစ်တောကျေးရွာမှာ လက်နက်ကိုင်ပြီး ရမ်းကားယင် သေဒဏ်ပေးလေ့ ရှိတယ်'

ဤစကားကို ဖန်းကျုံစင်း ပြောလိုက်ခြင်း မဟုတ်ပါ။ ယင်းစကားသည် ဆင့်ဆင့်အိတို့ စားသောက်ခန်းနှင့်ဘေးချင်းကပ်လျက်ရှိသော အခန်းမှ ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဆင့်ဆင့်အိနှင့်ပိုင်လိုရိတို့သည် အသံကြားရာဘက်သို့ ပြိုင်တူ လှည့်၍ ကြည့်လိုက်မိလေသည်။ ဘေးချင်းကပ် အခန်းမှ ကန့်လန့်ကာသည် တချက် လှုပ်ရှားသွားပြီး မိန်းကလေးတဦး ထွက်ပေါ်လာလေသည်။

ထို မိန်းကလေးသည် မြင်သူတိုင်းကို ငေးငိုင် ဆွဲဆောင်နိုင်သော ရုပ်ရည်ပိုင်ရှင်ပင် ဖြစ်ပါသည်။ ထိုမိန်းကလေးအား တွေ့သည်နှင့် ပိုင်လိုရိသည်....





'မုရုံကုဖန်'

ဟု တီးတိုး ရေရွတ်လိုက်မိ လေတော့သည်။

လှိုင်စာပေ
အမှတ် ၁၃၀၊ မြ-ယမ်း
တောင်ဥ

မုရုံကုဖန်။

သူမသည် ဆင့်ဆင့်အိနှင့် ပိုင်လိုရိတို့ထံ လှပစွာ လျှောက်လာပြီး ချစ်စရာအပြုံးကလေး တချက်ပြုံးယင်း....

'ဆင့်ဆင့်အိနဲ့ ပိုင်သခင်ကြီးတို့ ပျော်စရာသစ်တောကျေးရွာလာ လည်တာကို ကြိုဆိုဖို့ ပျက်ကွက်တဲ့ အတွက် ကျွန်မကို ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်'

ဟု ပြောလိုက်လေသည်။ ပြီးမှ ဆင့်ဆင့်အိနှင့် ပိုင်လိုရိတို့၏ ကြားတွင် ရပ်နေသော ပိုင်ပင်းအား ငေးမော၍ကြည့်လိုက်ပြီး

'အင်း ဒီက ညီမဟာ ပိုင်ပင်း မဟုတ်လား'

ဟု မေးလိုက်လေသည်။

ပိုင်ပင်းသည် သူမ၏ ဦးခေါင်းကို ညိတ်ယင်း....

'ဟုတ်ကဲ့ ကျွန်မ ပိုင်ပင်းပါ'

မုရုံကုဖန်သည် ဦးခေါင်းကို တဆတ်ဆတ်ညိတ်ယင်း....

'အင်း....ညီမကို တွေ့လိုက်တော့ သိုင်းလောကရဲ့ စကားဟာ မှန်တယ် ဆိုတာ သိရတော့တယ်'

ပိုင်ပင်းသည် နားမလည်ဟန်ဖြင့်....

'ဘာစကားလဲ'

ဟု မေးလိုက်လေသည်။

မုရှိုကုဖန်သည် ချစ်စရာပြုံးယင်း....

'ညီမဟာ ပြိုင်ဘက်ကင်းအောင် လှတယ်ဆိုတဲ့ စကားပါ'

ပိုင်ပင်း၏မျက်နှာသည် ပန်းနုရောင် ယှက်သမ်း၍သွားလေသည်။ ပြီးမှ....

'ဒီလောက်လဲ မဟုတ်သေးပါဘူးရှင်'

ဟု ပြန်ပြောလိုက်လေသည်။

မုရှိုကုဖန်သည် သေဆုံးနေသော ကျူလိအား တချက်ကြည့်လိုက်ပြီး....

'အင်း.... လူတွေဟာ ကြာတော့လဲ စည်းကမ်း ဥပဒေကို မေ့ကုန်ပြီနဲ့ တူတယ်၊ ဒီကျေးရွာမှာ ဘယ်သူမှ ဆူဆူ ပူပူ မလုပ်ရဘူး၊ လုပ်ခဲ့ယင် သေဒဏ်လို့ ကျေးရွာကို စပြီး တည်ထောင်ကတည်းက ချမှတ်ခဲ့တယ်၊အင်းလေ ကြာပြီဆိုတော့ မေ့လောက်ပါပြီ'

ဟု ပြောယင်း သိုင်းသမား ဆယ့်သုံးယောက်ကို တချက် ဝေ့ကြည့်လိုက်လေသည်။

ထို သိုင်းသမား ဆယ့်သုံးယောက်သည် မြောက်စိမ်းတောမှ သိုင်းသမားများ ဖြစ်လေသည်။ သူတို့သည် မုရှိုကုဖန်၏ တချက်ဝေ့ကြည့်ခြင်းကို ခံလိုက်ရသည်နှင့် တပြိုင်နက်တည်း မျက်နှာပျက်၍ သွားလေတော့သည်။

ပိုင်လိုရိသည် မုရှိုကုဖန်အား တချက်ကြည့်ယင်း—





'အင်း....ဥပဒေက မပြင်းထန်လွန်းဘူလား'

မုရှိုကုဖန်သည် ဦးခေါင်းကို ခါယမ်းလျက်....

'ဥပဒေ ချိုးဖောက်တဲ့ လူတွေအတွက် နည်းပါသေးတယ်'

ဆင့်ဆင့်အိသည် တချက် ပြုံးလိုက်ပြီး—

'ဒါပေမယ့် ဒီကျေးရွာရဲ့ဥပဒေက နေပြည်တော်ကချမှတ်တဲ့ ဥပဒေနဲ့ ဆန့်ကျင်မနေဘူးလား'

မုရှိုကုဖန်သည် တချက်ပြုံးလိုက်ပြီး....

'ကြောင်ဟာ ဖြူသည်ဖြစ်စေ၊ နီသည်ဖြင်စေ ကိစ္စမရှိပါဘူး၊ ကြွက်သေဖို့သာ လိုရင်းမဟုတ်လား'

ပိုင်လိုရိသည် ဦးခေါင်းကို ခါယမ်းလျက်....

'ကျေးရွာကို ငြိမ်ဝပ်စေချင်လို့ ထားတဲ့ ဥပဒေ ဖြစ်ပေမယ့် အခုလိုတော့ မလုပ်သင့်ဘူး၊ တရားဥပဒေရဲ့ အဆုံးအဖြတ်တော့ ခံယူစေရမှာပေါ့'

မုရှိုကုဖန်သည် ပြုံးလျက်....

'ပိုင်သခင်ကြီးရဲ့ စကားဟာ လေးနက်လွန်းပါတယ်၊ ကျွန်မတို့ မှတ်သားထားပါမယ်၊ ဒါပေမယ့် ကျူလိကတော့ သေသင့်တဲ့ လူတယောက်ပါ၊ သူဟာ ထောင်ပြေး၊ ရာဇဝင်လူဆိုး၊ ပြီးတော့ ပိုင်သခင်ကြီးတို့ကိုပါ စော်ကားခဲ့တာပဲ၊ သေသင့်ပါတယ်'

ပြီးမှ ဖန်းကျုံစင်းဘက်ကို လှည့်လိုက်ယင်း....

'ရှောင်ဖန်....မင်း ပိုင် သခင် ကြီး တို့ လိုအပ်တာကို ကူညီလိုက်ပါ'

ဖန်းကျုံစင်းသည် ဦးခေါင်းကို ညိတ်ပြလိုက်လေသည်။

မုရိုကုဖန်သည် တစုံတရာအား သတိရဟန်ဖြင့် ပိုင်လိုရိုတို့ အက်သို့ လှည့်လိုက်ပြီး....

'ခြော်....ကျွန်မ မိတ်ဆက်ပေးရဦးမယ်'

ဟု ပြောယင်း ဖန်းကျုံစင်းအား ညွှန်ပြကာ....

'သူက ဖန်းကျုံစင်းပါ၊ မုရို အမျိုးအနွယ် ထဲကပဲ'

ပိုင်လိုရိုသည် ဖန်းကျုံစင်းအား ပြုံး၍ ပြလိုက်ပြီး....

'ဒါပေမယ့် သိုင်းလောကထဲမှာတော့ တခါမှ မမြင်ဖူးဘူး'

ဆင့်ဆင့်အိသည် ပြုံးလျက် မုရိုကုဖန်အား ကြည့်ယင်း....

'ဖန်းကျုံစင်းဟာ သိုင်းလောကထဲမှာ လှုပ်ရှားမှု မရှိဘူးနဲ့ တူတယ်'

မုရိုကုဖန်သည် သူမဦးခေါင်းကို ညိတ်၍ ဝန်ခံလိုက်ပြီး....

'ဟုတ်ပါတယ်၊ သူဟာ သိုင်းလောကထဲမှာ လှုပ်ရှားမှု မရှိခဲ့ပါဘူး၊ မုရိုအမျိုးအနွယ်တိုင်းဟာ သိုင်းလောကထဲမှာ လှုပ်ရှားမှု မရှိခဲ့ပါဘူး'

သူမသည် ယင်းသို့ပြောလိုက်ပြီး ဖန်းကျုံစင်းအား တချက် လှမ်း၍ ကြည့်လိုက်သည်။ ပြီးမှ....

'ရှောင်ဖန်....လူသတ်တဲ့အရသာ ဘယ်လိုနေသလဲ'

ဖန်းကျုံစင်းသည် မဲ့ပြုံး ပြုံးလိုက်ပြီး....

'မကောင်းဘူး'

မုရိုကုဖန်သည် သက်ပြင်းတချက် ချယင်း....

'ဒါပေမယ့် တခါတလေ မသတ်လို့ မဖြစ်တဲ့ကိစ္စတွေရှိတယ် ကွယ့်'

ဟု ပြောလိုက်လေသည်။





သူမသည် ယင်းသို့ ပြောလိုက်ပြီး တဆက်တည်း မြောက်စိမ်းတော သိုင်းသမား ဆယ့်သုံးယောက်ကို တချက် စိုက်ကြည့်လိုက်လေသည်။ မြောက်စိမ်းတောသိုင်းသမား ဆယ့်သုံးယောက်သည် မုရိုကုဖန်၏ ကြည့်ခြင်းကို ခံလိုက်ရသည်နှင့် တပြိုင်တည်း အေးစက်သော လူသတ်ငွေ့ကို ထိတွေ့လိုက်ရသည်ဟု ခံစားလိုက်ရလေတော့သည်။

☆

## ဓားသိုင်းဆရာ

မုရိုကုဖန်၏ မျက်လုံးများသည် ငေးအစက်၍ နေသည်။

ဖန်းကျုံစင်းသည် မုရိုကုဖန်အား တချက်ကြည့်လိုက်ပြီး....

သူ၏ မျက်လုံးများကို မုရိုကုဖန် ထံမှ သိုင်းသမား ဆယ့်သုံးယောက် ထံသို့ ရွှေ့လျား လိုက်လေသည်။ သူသည် သိုင်းသမား ဆယ့်သုံးယောက်အား မထေ့တထေ့ကလေး ပြုံး၍ပြလိုက်သည်။ ထိုအပြုံးထဲ၌ လှုသတ်သည့် အငွေ့အသက်များ ပါဝင်နေသည်ဟု သိုင်းသမား ဆယ့်သုံးယောက်၏ ရင်ထဲ၌ ခံစားလိုက်ရသည်။ မုရိုကုဖန်သည် ရုတ်တရက် တချက် ပြုံးလိုက်ပြီး....





'ကျူလီဟာ ဆင့်ဆင့်အိကို အခုလို ဝင်ဖြီးတော့ စိန်ခေါ်ရဲမှာ မဟုတ်ဘူး'

ဖန်းကျုံစင်းသည် မုရိုကုဖန်၏ စကားကို ထောက်ခံဟန်ဖြင့် ဦးခေါင်းတချက် ညိတ်လိုက်ပြီး....

'မှန်ပါတယ်၊ တစုံတယောက်၊ ဒါမှမဟုတ် လူတစုရဲ့ အားပေး အားမြှောက် မပါခဲ့ယင် ကျူလီဟာ ဆင့်ဆင့်အိကို စိန်ခေါ်ရဲမှာ မဟုတ်ဘူး'

မုရိုကုဖန်သည် သိုင်းသမား ဆယ့်သုံးယောက် ဘက်သို့ တချက် ဝေ့ကြည့်လိုက်ပြီး....

'ဒါ ပျော်စရာ သစ်တောကျေးရွာရဲ့ ဥပဒေကို ချိုးဖောက်တာပဲ'

ဖန်းကျုံစင်းသည် ဦးခေါင်းကို ညိတ်လျက်....

'မှန်ပါတယ်'

မုရိုကုဖန်သည် ချစ်စရာ အပြုံးကလေး တချက်ပြုံးလိုက်သည်။ သို့သော် သိုင်းသမား ဆယ့်သုံးယောက်၏ စိတ်ထဲ၌ ကြောက်စရာ အပြုံးဟု ထင်မှတ်လိုက်ရလေသည်။ ထို့ကြောင့် သူတို့သည် ရုတ်တရက် နောက်သို့ လှည့်၍ ထွက်ပြေးလေတော့သည်။ သို့သော် ဖန်းကျုံစင်း၏ လှုပ်ရှားမှုသည် သူတို့ထက် ပို၍ မြန်ဆန်နေလေသည်။

သူသည် ခြေတချက်ဆောင့်၍ ခုန်လိုက်ပြီး လေထဲ၌ တပတ်ကျွမ်း ထိုးလိုက်လေသည်။ သူ၏ ခြေထောက်နှင့် ကြမ်းပြင် မတွေ့ထိမီ လက်ထဲမှ ဓားကို တချက် ဝှေ့ယမ်းလိုက်လေသည်။

သူ၏ ခြေထောက်နှင့်ကြမ်းပြင် ထိသည့်အချိန်၌ သိုင်းသမား ဆယ့်သုံးယောက်အနက် ရှေ့ဆုံးမှ ပြေးထွက်သွားသော သိုင်းသမား၏ ရင်ဘတ်၌ အနီစင်းတစင်း ပေါ်ထွက်လာလေတော့သည်။

ထို သိုင်းသမားသည် ရုတ်တရက် တိုက်ခိုက်ခြင်း ခံလိုက်ရသည့်အတွက် အံ့ဩစွာဖြင့် သူ့ရှေ့၌ရှိနေသော ဖန်းကျုံစင်းကို ကြည့်နေမိလေသည်။ ထို့နောက် သူသည် သူ၏ခါးမှ ဓားကို ဆွဲ၍ ထုတ်လိုက်လေသည်။

သို့သော် သူသည် ဓားကို ဓားအိမ်မှ တဝက် တပျက် ထုတ်ယင်း ကြမ်းပေါ် သို့လဲ၍သွားလေတော့သည်။ ကျန်သိုင်းသမား ဆယ့်နှစ်ယောက်၏ ခြေလှမ်းများသည် ရုတ်တရက် ရပ်တန့်သွားလေသည်။

အကြောင်းမှာ သူတို့၏ ထွက်ပေါက်၌ ဖန်းကျုံစင်း ရှိနေသည် မဟုတ်ပါလော။ ထို့ကြောင့် သူတို့သည် သူတို့၏ ဓားများကို အသီးသီး ဆွဲထုတ်လိုက်ကြ လေတော့သည်။

× × ×

သံသံချင်း ထိသံသည် အခန်းတခုလုံးကို ဆူညံနေလေသည်။ ဓားရောင်များသည် အခန်းတခုလုံး လင်းလက်၍ နေလေသည်။ ဓားချင်း ထိသံများကြားမှ နာကျင်စွာ အော်ဟစ်သံများ တချက်တချက် ပေါ်ထွက်လာလေသည်။





သိုင်းသမား ဆယ့်နှစ်ယောက်၏ ဓားများသည် ဖန်းကျုံစင်းအား ဝိုင်း၍ ခုတ်နေသော်လည်း ယင်း ဓားများသည် ဖန်းကျုံစင်း၏ ခန္ဓာကိုယ်ကို မဆိုထားနှင့် ဖန်းကျုံစင်း၏ အင်္ကျီစကိုပင် ခုတ်မိခြင်း မရှိချေ။

ထိုစဉ်....သိုင်းသမား ဆယ့်နှစ်ယောက်ထဲမှ 'ဝံပုလွေသွားတုတ်' လက်နက် ကိုင်ထားသော သိုင်းသမားနှင့် သံချိတ်တစုံသည် ဖန်းကျုံစင်း၏ ရှေ့နောက်မှ ညှပ်၍ အထက်အောက် တပြိုင်တည်း တိုက်ခိုက် လိုက်လေသည်။

ရုတ်တရက် ဖန်းကျုံစင်းသည် သူ၏ ခန္ဓာကိုယ်ကို တချက် ခုန်လိုက်ပြီး ...သံချိတ်တခုပေါ်မှ တပတ်ကျွမ်းထိုး၍ ရှောင်လိုက်လေသည်။

ထို့နောက် တဆက်တည်းမှာပင် ဖန်ကျုံစင်းသည် မိမိ၏ လက်ထဲမှဓားကို တချက်ဝှေ့ယမ်းလိုက်ပြီး ဝံပုလွေသွားတုတ်၏ တိုက်ကွက်ကို ကာကွယ်လိုက်လေသည်။

ထိုစဉ် သူ့ထံသို့ နောက်ထပ် ဓားရှည်သုံးလက် တပြိုင်တည်း ဝင်ရောက် တိုက်ခိုက်လေသည်။

'ချွမ်း'

ဟူသော အသံနှင့် အတူ ဓားရှည် သုံးလက်သည် ထက်ပိုင်း ကျိုး၍ သွားလေတော့သည်။

ဖန်းကျုံစင်းသည် ထက်ပိုင်း ကျိုးသွားသော ဓားများကို ကိုင်ယင်း နောက်သို့ ဆုတ်သွားသော သိုင်းသမားသုံးယောက် အား တချက်ပြုံး၍ ကြည့်လိုက်လေသည်။

ထို့နောက် ဖန်ကျုံစင်းသည် သူ၏ လက်ကို တချက် လှုပ်လိုက်လေသည်။

ခားရောင် တချက် လက်၍သွားပြီး နောက်သို့ ဆုတ်၍ သွားသော သိုင်းသမား သုံးယောက်အနက် နှစ်ယောက်သည် ကြမ်းပေါ်သို့ လဲကျသွားလေတော့သည်။

ကျန် သိုင်းသမားများသည် ဘာမျှ စဉ်းစား မနေတော့ပဲ တချိုးတည်း နောက်သို့ လှည့်၍ ပြေးလေတော့သည်။

သို့သော်.... ထို သိုင်းသမား တံခါးဝ သို့ မရောက်မီပင် ဖန်ကျုံစင်း၏ လက်ထဲမှ ခားသည် ပစ်လွင့်သွားပြီး သိုင်းသမား၏ နောက်ကျောသို့ စိုက်ဝင်သွားလေတော့သည်။

x x x

ဆင့်ဆင့်အိသည် ဖန်းကျုံစင်း၏ တိုက်ကွက် အားလုံးကို မြင်တွေ့ရသည်။ ပိုင်လိုရိသည်လည်း တွေ့မြင်လိုက်ရသည်။

ပိုင်ပင်းလည်း တွေ့မြင်ခဲ့ရသည်။ သို့သော် သူမသည် သိုင်းလောက၌ ကျင်လည်ခဲ့ဖူးသူ မဟုတ်ချေ။ ထို့ကြောင့် သူမသည် မျက်နှာတချက်ပျက်ကာ သူမ၏ မျက်လုံးများကို လက်ဖြင့် အုပ်ထားမိလေသည်။



ဆင့်ဆင့်အိသည် တချက် ပြုံးယင်း....

'ကောင်းလိုက်တဲ့ ခား'

ဟု ရေရွတ်လိုက်လေသည်။

ပိုင်လိုရိသည် ဆင့်ဆင့်အိအား တချက်လှမ်းကြည့်လိုက်ပြီး....

'ဘယ်အမျိုးအနွယ်ထဲကလို့ မင်းထင်သလဲ'

ဟု မေးလိုက်လေသည်။

ဆင့်ဆင့်အိသည် ပခုံးနှစ်ဘက်ကို တွန့်လိုက်ပြီး....

'မပြောတတ်ဘူး အခုလိုယှဉ်ပြိုင်တိုက်ခိုက်မှုဟာ သူ့အတွက် အများကြီး အားသာပါတယ်၊ ပထမဆုံး ဖြစ်တယ်ဆိုယင် သူ့မှာ ယှဉ်ပြိုင်တိုက်ခိုက်မှု ပါရမီ ရှိရမယ်'

ထိုအချိန်၌ ဖန်းကျုံစင်းသည် သူ၏ခားအား ပြန်လည်နှုတ်ယူပြီး ကျန် သိုင်းသမားများ ဘက်သို့ လှည့်လိုက်လေသည်။

ကျန် သိုင်းသမား ကိုးယောက် သည် ဖန်းကျုံစင်းအား ကြောက်ရွံ့တုန်လှုပ်စွာကြည့်နေလေသည်။ ထိုစဉ် မုရုံကုဖန်သည် အေးဆေးစွာ တချက် ပြုံးလိုက်ပြီး....

'ရှောင်ဖန်၊ သူတို့ သွားပါစေ၊ သူတို့ နောင်ကို ပျော်စရာ သစ်တောကျေးရွာမှာ ရမ်းကားရဲမှာ မဟုတ်တော့ပါဘူး'

ဟု ပြောလိုက်လေသည်။

ဖန်းကျုံစင်းသည် ပြုံးလျက် သူ၏ခားကို ခားအိမ်ထဲသို့ သိမ်းလိုက်လေသည်။ ထိုစဉ် ရုတ်တရက် တံခါးဝမှ....

'ကောင်းလိုက်တဲ့ ခားပဲ၊ ခားရိုးမှာ သံကြိုးကွင်းဆက်ထားယင် ပိုကောင်းတဲ့ခား ဖြစ်လာလိမ့်မယ်'

ဟု ပြောသံပေါ် ထွက်လာလေသည်။

ထိုအသံကြောင့် ဖန်းကျုံစင်း၏ ခန္ဓာကိုယ် တခုလုံးသည် ရုတ်တရက် တုန်ခါ၍ သွားလေတော့သည်။ သူသည် ခါးရိုး သံကြိုးကွင်း တပ်၍ အသုံး ပြုခဲ့ဖူးသည်။ ဤသည်မှာ သူ၏ ကျော်ကြားခဲ့သော သိုင်းပညာ ဖြစ်သည်။ သို့သော် ထိုကဲ့သို့ အသုံးပြုခဲ့ခြင်းမှာ တကူရင်း ဘဝ၌သာလျှင် ဖြစ်သည် မဟုတ်ပါလော။

ယခု ဖန်းကျုံစင်းဘဝ၌ သူသည်ရိုးရိုးဓားကိုသာ အသုံးပြုခဲ့သည်။ ဤသည်မှာ သူ့အား တကူရင်း ဖြစ်ကြောင်း မရိပ်မိစေရန်ပင် ဖြစ်သည်။ သို့သော် တံခါးဝမှ ပြောစကားကြောင့် သူ၏ ခန္ဓာကိုယ်တခုလုံးသည် တုန်ခါ၍သွားပြီး တံခါးဝဘက်သို့ ရုတ်တရက် လှည့်ကြည့်လိုက်မိလေသည်။

တံခါးဝ၌ ရပ်နေသော လူအား တွေ့မြင် လိုက်မိသည်နှင့် သူ၏ နှလုံးသည် ရုတ်တရက် ရပ်တန့်သွားသည်ဟု ခံစားလိုက်ရပြီး စိတ်ထဲမှ....

'ဖုံလုစုံပါလား'

ဟု ရေရွတ်လိုက်မိလေတော့သည်။

× × ×

ဖုံလုစုံသည် တံခါးဝ၌ ရပ်၍နေသည်။

သူ၏ ဆံပင်များသည် ဖြူဖွေးနေသော်လည်း သူ၏ ရုပ်ရည်မှာ ခန့်ညားနေလေသည်။ သူသည် အသက်အရွယ် ကြီးပြီဖြစ်





သော်လည်း လူငယ် တယောက်ကဲ့သို့ပင် ဖျတ်လတ်ဟန် ရှိနေသည်။

ဖုံလုစုံသည် ဖန်းကျုံစင်းထံသို့ ဖြည်းညင်းစွာ လျှောက်လာလေသည်။ သူ၏ တောက်ပသော မျက်လုံးများသည် ဖန်းကျုံစင်းအား အကဲခတ်နေသည်။

ထို တောက်ပသော မျက်လုံးထဲတွင် မသင်္ကာသည့် အရိပ်အရောင်များ ပါရှိနေသည်ဟု ဖန်းကျုံစင်း စိတ်ထဲ၌ ခံစားမိလိုက်လေသည်။

ဖန်းကျုံစင်းသည် နေရာမရွေ့ပါ။ သူသည် မလှုပ်မယှက် ရပ်၍ နေသော်လည်း သူ၏ ရင်သည် တထိတ်ထိတ် ခုန်၍ နေလေသည်။ သူသည် ဖုံလုစုံအား ပြန်လည်၍ စိုက်ကြည့်နေမိသည်။ ထို့ပြင် သူ၏ စိတ်ထဲ၌လည်း မိမိကို ဖုံလုစုံအား ယိမ်ညာ၍ ရပါမည်လောဟု တွေး၍ စိုးရိမ်နေမိလေသည်။

ထိုတခဏ အချိန်လေးသည် ဖန်းကျုံစင်းအတွက် နှစ်ပေါင်းများစွာ ကြာရှည်သည်ဟု အောက်မေ့မိလေသည်။ ထိုစဉ် မှုရုံကုဖန်သည် ဖုံလုစုံအား ဦးညွှတ်လိုက်ပြီး....

'တာလီမြို့စားရဲ့ ကာကွယ်ရေးအဖွဲ့ သိုင်းဆရာကြီးပါလား ကြွပါ'

ဟု ကြိုဆိုလိုက်လေသည်။

ဖုံလုစုံသည် သူ၏ မျက်လုံးကို ဖန်းကျုံစင်းထံမှ မခွာပဲ မှုရုံကုဖန်အား လှမ်း၍....

'အင်း.... ကျုပ်တို့ မတွေ့တာ ကြာပြီနော်၊ လွန်ခဲ့တဲ့ ခုနစ်နှစ်ဆောင်းတွင်းအချိန်က စပြီး မတွေ့ခဲ့ကြတာပဲ'

မုရှိုကုဖန်သည် ပြုံးလျက်....

‘ဆရာကြီးက မှတ်ဉာဏ်ကောင်းသားပဲ’

ဖိုလုစုံသည် ဖန်းကျုံစင်းအား စိုက်၍ကြည့်ယင်း မုရှိုကုဖန်အား လှမ်း၍....

‘သူက ဘယ်သူလဲ’

ဟု မေးလိုက်လေသည်။

မုရှိုကုဖန်သည် ပြုံးလျက်....

‘မုရှိုအမျိုးအနွယ်ထဲကပဲ၊ ဖန်းကျုံစင်းလို့ ခေါ်ပါတယ်’

မုရှိုကုဖန်သည် ထိုသို့ ပြောလိုက်ပြီး ဖန်းကျုံစင်းဘက်သို့ လှည့်ကာ....

‘ရှောင်ဖန် မင်း ဆရာကြီးကို နှုတ်ဆက်လိုက်ပါဦး’

ဟု ပြောလိုက်လေသည်။

ဖန်းကျုံစင်းသည် သူ၏ဦးခေါင်းကို ညွတ်ပြီး ဖိုလုစုံအား ဂါရဝ ပြုလိုက်လေသည်။ ဖိုလုစုံသည် သူ၏ ဦးခေါင်းကို တဆတ်ဆတ်ညိတ်ယင်း....

‘ကောင်းတယ်၊ မင်းရဲ့တိုက်ကွက်ဟာ လျင်မြန်တယ်၊ ဖျတ်လတ်တယ်၊ ရဲရင့်တယ်၊ ဒါပေမယ့် မင်းရဲ့ သိုင်းကွက်တွေဟာ မုရှိုအမျိုးအနွယ်ရဲ့ သိုင်းကွက်မျိုး မဟုတ်ဘူး’

ဟု ပြောလိုက်လေသည်။

ထိုစကားကြောင့် ဖန်းကျုံစင်း၏ ခန္ဓာကိုယ်သည် အေးစက်၍ သွားသည်ဟု ခံစားလိုက်ရလေသည်။ မုရှိုကုဖန်သည် သူမ၏ မျက်နှာ တချက်ပျက်၍သွားသော်လည်း မည်သူမျှ မရိပ်မိအောင် ချက်ချင်း ဣန္ဒြေဆည်လိုက်ပြီး....





‘သူ သုံးတဲ့သိုင်းကွက်ဟာ မုရှိုအမျိုးအနွယ်ရဲ့ သိုင်းကွက် မဟုတ်ဘူးလို့ ဆရာကြီး ဘယ်လိုပြောနိုင်သလဲ’

ဟု မေးလိုက်လေသည်။

ဖိုလုစုံသည် တချက် ပြုံးလိုက်ပြီး....

‘ကျုပ် တွေ့ဖူးခဲ့တဲ့ မုရှိုအမျိုးရဲ့ သိုင်းကွက်နဲ့ မတူလို့ပါ’

မုရှိုကုဖန်သည် မထေ့တထေ့ကလေး ပြုံးလိုက်ပြီး....

‘ဒါနဲ့ ဆရာကြီး၊ မုရှိုအမျိုးအနွယ် ဘယ်လောက်များများ တွေ့ခဲ့ဖူးသလဲ’

ဖိုလုစုံသည် မုရှိုကုဖန်ကို တချက် ကြည့်လိုက်ပြီး....

‘အမျိုးအနွယ် တခုလုံးတော့ မတွေ့ဖူးဘူး’

မုရှိုကုဖန်သည် ပြုံးလျက်....

‘မုရှိုအမျိုးအနွယ်ဟာ နှစ်ပေါင်းနှစ်ဆယ် သုံးဆယ်လောက် မလိုအပ်ပဲ ပန်းမာလာမြို့ရဲ့ အပြင်ကို မထွက်ခဲ့ဘူး၊ မလိုအပ်ပဲနဲ့ သူတို့ရဲ့ သိုင်းပညာကိုလဲ ထုတ်ဖော်မပြခဲ့ဘူး၊ ဒါကြောင့် ဆရာကြီးဟာ မုရှိုကုဖန် အနွယ်ရဲ့ သိုင်းကွက်များများကို တွေ့မြင်ဖူးလိမ့်မယ် မဟုတ်ဘူးလို့ ကျွန်မ ယုံကြည်တယ်’

ဟု ပြောလိုက်လေသည်။

ဖိုလုစုံသည် ပြုံးလျက်....

‘ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ကျုပ်တခုတော့ စဉ်းစားမရဘူး’

မုရှိုကုဖန်သည် ချစ်စရာ မျက်မှောင်ကြုတ်ယင်း....

‘ဘာများလဲ ဆရာကြီးရဲ့’

ဖိုလုစုံသည် တချက် ရယ်မောလိုက်ပြီး....

'ဟောဒီ ဖန်းကျုံစင်းရဲ့ သိုင်းပညာဟာ ဒီလောက်တောင် ကောင်းနေလျက်နဲ့ ဘာဖြစ်လို့ အယင်က မုရို သခင်မနဲ့ အတူ မတွေ့ခဲ့ရသလဲ ဆိုတာပါ'

မုရိုကုဖန်သည် ပြုံးလျက်....

'မလိုအပ်လို့ပေါ့'

ဖုံလုစုံသည် သူ၏မျက်ခုံးမွေးကို တချက် ပင့်တင်လိုက်ယင်း-

'အင်း....ဒါဆိုယင် အခုတခေါက် မုရိုသခင်မ ပန်းမာလာ မြိုင်က ထွက်လာတာ တစုံတခုများ လုပ်စရာ ရှိနေလို့လား'

မုရိုကုဖန်သည် မသိမသာ မျက်မှောင် ကြုတ်လိုက်ယင်း....

'ဒီနေရာဟာ ကျွန်မ ပိုင်တဲ့ နေရာပဲ၊ ပြီးတော့ ဒီနေရာကို နှစ်တိုင်း ကျွန်မ လာနေကျပဲ'

ဖုံလုစုံသည် ပြုံးလျက်....

'ကျုပ်ကလဲ ကြုံတုန်း ကြိုက်တုန်း မုရိုသခင်မကို ကူညီချင်လို့ပါ'

မုရိုကုဖန်သည် ချစ်စရာအပြုံးကလေး တချက်ပြုံးယင်း...

'ဆရာကြီးရဲ့ စကားကြားရတာ ကျွန်မ ဝမ်းသာပါတယ်၊ ဒါပေမယ့် ကျွန်မ လက်မခံရဲဘူး'

ဖုံလုစုံသည် နှစ်ခြိုက်စွာ တဟားဟား ရယ်မောလိုက်ပြီး ဖန်းကျုံစင်းအား တချက် စိုက်ကြည့်လိုက်သည်။ ပြီးမှ...

'မင်းရဲ့ ဓားပညာဟာ မဆိုးဘူးကွ၊ တကယ်လို့ မင်းရဲ့ ဓားဟာ ဓားကောက်ဖြစ်ပြီး ဓားရဲ့အရိုးမှာ သံကြိုးကွင်း တပ်လိုက်ယင် ပိုပြီးကောင်းမယ် ထင်တယ်'





ဖန်းကျုံစင်းသည် ဖုံလုစုံ၏ စကားကြောင့် စိတ်ထဲ၌ တချက် တုန်လှုပ် သွားသော်လည်း မျက်နှာ ပျက်မသွားစေရန် ထိန်းလျက်....

'ဆရာကြီးရဲ့ စကားဟာ လေးနက်ပါတယ်၊ ဒါပေမယ့် သံကြိုးကွင်း တပ်လိုက်တဲ့အတွက် အချိန် အသေ အခက် အခဲ ရှိလာနိုင်မလားပဲ'

ဖုံလုစုံသည် တချက် ရယ်မောယင်း....

'လောကမှာ ခက်ခဲတဲ့ အလုပ်ဆိုတာ မရှိပါဘူး၊ အလုပ် အပေါ်မှာ စိတ်မဝင်စားတာနဲ့ မလုပ်ချင်တာပဲ ရှိပါတယ်'

ဖန်းကျုံစင်းသည် ဟန်ဆောင်ပြုံးလျက်....

'ဆရာကြီးနဲ့ တွေ့မှပဲ အမြင်ကျယ်တော့တယ်၊ ဒါနဲ့ ဆရာကြီးက သံကြိုးကွင်းနဲ့ဓားကို လေ့လာဖူးသလား'

ဖုံလုစုံသည် ဦးခေါင်းကို ခါယမ်းယင်း....

'ဟင့်အင်း၊ ဒါပေမယ့် ကျုပ်ရဲ့တပည့် နှစ်ယောက်ကတော့ သံကြိုးကွင်းနဲ့ ဓားသမားကို မြင်ဖူးခဲ့တယ်'

ဖန်းကျုံစင်းသည် ပြုံးလျက်....

'သူတို့ တွေ့ဖူးတယ်ဆိုတာ ဟုတ်ရဲ့လား'

ဖုံလုစုံသည် ရုတ်တရက် မျက်မှောင်ကြုတ်လိုက်ပြီး....

'လောကမှာ လျှို့ဝှက်တဲ့အရာ မရှိပါဘူး၊ အမှန်တရားဟာ အနေ့းနဲ့အမြန် ဆိုသလို ပေါ်လာမှာပဲ၊ ဒါကြောင့် ကျုပ်တယ် ဘယ်တော့မှ လိမ်မပြောဘူး၊ ကျုပ် တပည့်တွေလဲ ဘယ်တော့မှ လိမ် မပြောဘူး'

ဖန်းကျုံစင်းသည် စိတ်ထဲ၌ အနည်းငယ် တုန်လှုပ်၍သွားသည်။ အမှန် တရားသည် ဖုံးကွယ်၍ မရပါ။ တနေ့မဟုတ်တနေ့ ပေါ်ပေါက် လာပေလိမ့်မည် မဟုတ်ပါလော။ ထို့ကြောင့် သူသည် ဖန်းကျုံစင်း အဖြစ်နှင့် လောကကြီး တခုလုံးကို လိမ်ညာနိုင်မည်လော။

x x x

ဖိုးလုစုံ၏ မျက်လုံးများသည် ဖန်းကျုံစင်းအား စိုက်၍ကြည့်နေသည်။ ဖန်းကျုံစင်းသည် စိတ်၌ တုန်လှုပ် နေသော်လည်း ဟန်ဆောင်ကာ သူ၏ မျက်နှာကို တချက်မျှ မပျက်စေရန် ထိန်း၍ ထားလေသည်။ မုရှုံကုဖန်သည် ရုတ်တရက် ရယ်မောယင်း....

'ဩော်၊ ဒါနဲ့ ကျွန်မတို့ကလဲ ဆရာကြီးကို မေးရဦးမယ်' ဟု ဝင်ရောက်၍ စကား လမ်းကြောင်း ပြောင်းလိုက်သည်။ ဖိုးလုစုံသည် မုရှုံကုဖန်အား တချက်လှမ်း၍ ကြည့်လိုက်ပြီး....

'မုရှုံ သခင်မက ဘာများ မေးချင်လို့လဲ'

မုရှုံကုဖန် သည် ပြုံးလျက်....





'ဩော်....ဆရာကြီး တခါမှ အခုလို ခရီးရှည် ထွက်လာတာ မတွေ့ဖူးလို့ပါ'

ဖိုးလုစုံသည် တချက် ရယ်မောလိုက်ပြီး....

'လူဘာယောက်လဲ ရှာယင်း ခရီးမထွက်တာ ကြာလို့ ခရီးလဲ ထွက်ယင်းပေါ့'

မုရှုံကုဖန်သည် မျက်မှောင်ကလေး ကြုတ်ယင်း....

'ဘယ်သူများပါလိမ့်'

ဖိုးလုစုံသည် ဖန်းကျုံစင်းထံ ပြန်၍ကြည့်ယင်း မုရှုံကုဖန်အား လှမ်း၍....

'ဓားသမား တယောက်ပါ၊ အဲဒီ ဓားသမားရဲ့ဓားဟာ ထူးခြားတယ်'

မုရှုံကုဖန်သည် အံ့အားသင့်ဟန်ဖြင့်....

'ဟုတ်လား'

ဖိုးလုစုံသည် ဦးခေါင်းကိုညိတ်ပြီး....

'ဟုတ်တယ်၊ သူ့ရဲ့ဓားဟာ သံကြိုးကွင်းနဲ့ ဓားကောက်ဖြစ်တယ်၊ သူ့ရဲ့ဓားဟာ ပေ နှစ်ဆယ်မှာရှိတဲ့ လူရဲ့ဦးခေါင်းကို ခုတ်ချနိုင်တယ်'

မုရှုံကုဖန်သည် အံ့သြစွာဖြင့်....

'ဘယ်သူများပါလိမ့်'

ဖိုးလုစုံသည် အေးစက်သော သူ၏မျက်လုံးများဖြင့် ဖန်းကျုံစင်းအား စိုက်ကြည့်ယင်း ဖြည်းညင်းစွာ မုရှုံကုဖန်အား ပြောလိုက်လေသည်။

'တုကုရင်းဆိုတဲ့ ဓားသမားပဲ'

ဖန်းကျုံစင်းသည် ဖုံလုစုံက မိမိ၏အမည်ကို ပြောလိုက်သဖြင့် သူ၏ ခန္ဓာကိုယ်တခုလုံးသည် ရေခဲတမျှ အေးစက်၍ သွားလေသည်။ သို့သော် သူသည် သူ၏ တုန်လှုပ်မှုကို ထိန်းချုပ်၍ ထား လိုက်နိုင်လေသည်။ မုရှံကုဖန်သည် မျက်ခမှာင်လေး တချက် ကြုတ်သွားပြီး....

'ဒီနာမည်ကို အခုတလော ကြားလိုက်မိတယ်'

ဟု ပြောလိုက်လေသည်။

ပြီးမှ သူမသည် ဆက်၍....

'တာလီမြို့စားရဲ့သားကို သတ်ပြီး ထွက်ပြေးတဲ့ ကြေးစား ဓားသမား မဟုတ်လား'

ဟု ဖုံလုစုံအား မေးလိုက်လေသည်။ ဖုံလုစုံသည် ဦးခေါင်းကို ညိတ်၍ ပြုံလိုက်ပြီး....

'ဟုတ်တယ်'

ပိုင်လိုရိသည် သူ၏မျက်ခုံးမွေးကို ပင့်တင်လိုက်ပြီး....

'သတ္တိသိပ်ရှိပါလား၊ ဘယ်သူကများ သူ့ကိုငှားပြီး သတ် ခိုင်းသလဲ မသိဘူး'

မုရှံကုဖန်သည် ချစ်စရာ တချက်ပြုံးယင်း ပိုင်လိုရိဘက်သို့ လှည့်ကာ....

'တုကုရင်းဟာ သိုင်းပညာ ဘယ်လောက်တော်တော်၊ သတ္တိ ဘယ်လောက်ရှိရှိ တာလီမြို့စားရဲ့သားကို သတ်ဖို့တော့ သူဟာ ဘယ်သူ့ဆီကမှ ငွေလက်ခံရဲမှာ မဟုတ်ဘူး'

ပိုင်လိုရိသည် တချက်ပြုံးယင်း....





'ဘာပဲဖြစ်ဖြစ် ဒီသဘင်းဟာ သိုင်းလောကမှာ နာမည်ကြီး မယ့် သတင်းတပုဒ်ပဲ'

ဟု ဝင်ရောက်ပြောဆိုလိုက်လေသည်။

ဖုံလုစုံ၏မျက်နှာသည် အနည်းငယ် မည်းမှောင်သွားသည်ဟု ထင်ရပေသည်။

သို့သော် ဖုံလုစုံသည် သူ၏ဒေါသကို ချက်ချင်း ထိန်းချုပ် ထားလိုက်လေသည်။ သူသည် တချက်ပြုံးယင်း....

'ဪ....ဒါထက် မုရှံသခင်မက ဟောဒီလူကြီးလူကောင်းနဲ့ ကျုပ်ကို မိတ်ဆက်ပေးဦးမှပေါ့'

မုရှံကုဖန်သည် ပြုံးလျက်....

'ဟုတ်ပါရဲ့ရှင်၊ ကျွန်မ မိတ်ဆက်မပေးမိတာ ခွင့်လွှတ်ပါ'

ဟု ပြောလိုက်သည်။

ပြီးမှ သူမသည် ဖုံလုစုံအား ဆင့်ဆင့်အိတ္တိုနှင့် မိတ်ဆက်ပေး လိုက်လေသည်။

ထို့နောက် သူမသည် အစီအစဉ်တခုကို ချက်ချင်း ပြုလုပ် လိုက်လေသည်။ ယင်းအစီအစဉ်မှာ ယခုမှ ချက်ချင်း ပြုလုပ် သည် ဆိုသော်လည်း မုရှံကုဖန်အနေဖြင့် ယင်းအစီအစဉ်ကို ကနဦးကတည်းက စီစဉ်ထားခဲ့ခြင်း ဖြစ်ပါသည်။

ထိုအစီအစဉ်မှာ မိတ်ဆုံထမင်းစားကြရန် ဖြစ်ပါသည်။

သို့သော် သူမ၏ မူလအစီအစဉ်ထဲ၌ ဖုံလုစုံအား ထည့်သွင်း မထားခဲ့ချေ။

× × ×

ရွှေယဉ်စွမ်း။

မုရှိကုဖန် တည်းခိုသော တည်းခိုခန်း ဖြစ်ပါသည်။

ထို့ပြင်.... ပျော်စရာ သစ်တောကျေးရွာ၏ အကောင်းဆုံး တည်းခိုခန်းတခု ဖြစ်ပါသည်။

ဖိုလုစုံသည် ရွှေယဉ်စွမ်း တည်းခိုခန်းသို့ သွားရာ လမ်းတလျှောက်လုံး၌ မကြာခဏ ဖန်းကျုံစင်းအား အကဲခတ်နေလေသည်။

သူ၏စိတ်ထဲ၌ ဖန်းကျုံစင်းသည် မုရှိအမျိုးနွယ်ထဲမှ မဟုတ်ဟု သံသယ ဝင်နေခဲ့သည်။

မုရှိကုဖန်သည် ဖန်းကျုံစင်းအား ဖိုလုစုံ အကဲခတ်နေမှန်း ရိပ်မိသဖြင့် တချက်ပြုံးလိုက်ပြီး....

'ဆရာကြီး.... ဒီတခေါက် ခရီးထွက်လာတာ တုကုရင်းနဲ့ ပတ်သက်နေသလား'

ဟု မေးလိုက်လေသည်။

ဖိုလုစုံသည် ရုတ်တရက် မုရှိကုဖန်အား လှည့်၍ ကြည့်လိုက်လေသည်။ ပြီးမှ ပြုံးလိုက်ယင်း....

'ဆိုပါတော့'

မုရှိကုဖန်သည် သူမ၏ မျက်ခုံးမွေးကိုပင့်၍ တင်လိုက်ယင်း

'တုကုရင်း ဒီမှာ ရောက်နေလို့လား'

ဖိုလုစုံသည် ပခုံးတချက် တွန့်လိုက်ပြီး....

'ကံဆိုးယင် တွေ့မှာပေါ့'

မုရှိကုဖန်သည် ချစ်စဖွယ် တချက် ပြုံးလိုက်ပြီး....

'ဆရာကြီးက ကံကောင်းလိမ့်မယ်လို့ ထင်နေလို့လား'





ဖိုလုစုံသည် နှုတ်ခမ်းကို တွန့်၍ တချက် ပြုံးလိုက်ပြီး....

'ကျုပ်ဘဝ တလျှောက်လုံးမှာ ဘယ်တုန်းကမှ ကံဆိုးခဲ့တာ မရှိခဲ့ဘူး'

မုရှိကုဖန်သည် ပြုံးလျက်....

'တကယ်လို့ ဒီမှာ တုကုရင်းကို မတွေ့ခဲ့ယင်ရော'

'တွေ့တဲ့အထိ ရှာမှာပေါ့'

'တကယ်လို့ တုကုရင်း သေခဲ့ပြီ ဆိုပါတော့'

'သူ့အလောင်းကို ရအောင်ရှာပြီး သူဖြစ်ကြောင်း သေသေချာချာ စစ်ဆေးရမှာပေါ့'

'သူ့အလောင်း ရမှတော့ သူ ဖြစ်ကြောင်း စစ်ဆေးဖို့ လိုဦးမလား'

'လိုတာပေါ့၊ ရုပ်ပြောင်းရုပ်လွှဲ ပညာအကြောင်းကို မေ့ထားလို့ မရဘူးလေ'

'ဘာဖြစ်လို့လဲ ဆရာကြီးရဲ့'

'ဥပမာ ဖန်းကျုံစင်းဟာ ရုပ်ဖျက်ထားတဲ့ တုကုရင်းမဟုတ်ဘူးလို့ ဘယ်သူ ပြောနိုင်မလဲ'

မုရှိကုဖန်သည် ပြုံးလိုက်ပြီး....

'ကျွန်မ ပြောနိုင်တယ်၊ ဒါပေမယ့် ဆရာကြီးက ဘယ်အချက်နဲ့ ဖန်းကျုံစင်းကို သင်္ကာမကင်း ဖြစ်ရတာလဲ'

ဖိုလုစုံသည် တချက် ရယ်မောလိုက်ပြီး....

'ကျုပ်အနေနဲ့ ဓားကို ကျွမ်းကျွမ်းကျင်ကျင် သုံးတတ်တဲ့ လူတိုင်းကို သင်္ကာမကင်း ဖြစ်နေတာပဲ'

မုရှိကုဖန်သည် နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး....

'အင်း....ဒါဆိုယင် ဆရာကြီး သံသယရှင်းအောင် ဖန်းကျုံစင်းဟာ ရုပ်ဖျက်ထားသလား မထားဘူးလားဆိုတာ ဆရာကြီးပဲ စစ်ကြည့်ပါ'

ဖိုးလုံစိုံသည် ဦးခေါင်းကို ခါယမ်းပြလိုက်ပြီး....

'မုရိုသခင်မရဲ့ လက်အောက်က လူကိုတော့ ကျုပ် မစစ်ဆေးရဲပါဘူး'

မုရှိုကုဖန်သည် ဖိုးလုံစိုံအား ဘာမျှ ပြန်မပြောပဲ ဖန်းကျုံစင်းအား လှမ်း၍....

'ရှောင်ဖန် မင်း ခဏ ရပ်ဦး'

ဟု အမိန့်ပေးလိုက်လေသည်။

ဖန်းကျုံစင်းသည် သူ၏ခြေလှမ်းများကို ရပ်တန့်လိုက်ပြီး မုရိုကုဖန်အား လှမ်း၍ ကြည့်လိုက်သည်။ မုရိုကုဖန်သည် ဖိုးလုံစိုံအား ပြုံး၍ပြယင်း....

'ကဲ-ဆရာကြီး ဖန်းကျုံစင်းရဲ့ မျက်နှာကို သေသေချာချာ ကြည့်ပါဦး၊ ရုပ်များ ဖျက်ထားသလားလို့'

ဖိုးလုံစိုံသည် သူ၏ပုခုံးနှစ်ဘက်ကို ဟန်ပါပါ တွန့်ပြလိုက်ပြီး-

'မုရိုသခင်မက စစ်ဆေးစေချင်မှတော့ ကျုပ် ကြည့်လိုက်ပါ့မယ်'

ဟု ပြောလိုက်ယင်း....

ဖန်းကျုံစင်းအား စိုက်၍ အကဲခတ် ကြည့်ရှုလေတော့သည်။ ဖိုးလုံစိုံသည် ဖန်းကျုံစင်းအား တလက်မချင်း အသေးစိတ် ကြည့်ရှု နေလေသည်။ ဖန်းကျုံစင်းသည် ဖိုးလုံစိုံအား ပြန်၍ ကြည့်နေသည်။ သို့သော် ဖိုးလုံစိုံက သူ့အား တလက်မ





ကြည့်တိုင်း သူ၏ရင်သည် တချက်ခုန်၍သွားသည်ဟု ခံစားနေမိလေသည်။ ဖိုးလုံစိုံသည် အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ....

'မင်း သိပ်ပြီး တုန်လှုပ်နေပါလား'

ဟု မေးလိုက်လေသည်။

ယင်းအသံသည် မိုးကြိုးပစ်သံကဲ့သို့ ဖန်းကျုံစင်း၏ စိတ်ထဲ၌ ခံစားလိုက်ရလေသည်။ သို့သော် သူသည် အပြုံးမပျက်ပဲ....

'ဒါကတော့ ဆရာကြီးရဲ့အရှိန်အဝါကြောင့်ဖြစ်ပါလိမ့်မယ်'

ဖိုးလုံစိုံသည် ပြုံးလိုက်ပြီး....

'ဒါပေမယ့် မင်းရဲ့ ဓားပညာကလဲ ကြီးသာမပါထယ် တိုက်ခိုက်တဲ့နေရာမှာ ထိရောက်သားပဲ'

ဖန်းကျုံစင်းသည် ခပ်မဲ့မဲ့ကလေး တချက် ပြုံးလျက်....

'ဆရာကြီးက ကျွန်တော့်ကို တုကုရင်းလို့ ထင်နေတာကိုး'

ဖိုးလုံစိုံသည် တချက်ပြုံးလိုက်ပြီး....

'လောကမှာ ဒီလောက်ကောင်းတဲ့ ရုပ်ဖျက်ပညာ မပေါ်သေးဘူးလို့ ထင်တာပဲ'

ဖန်းကျုံစင်းသည် ပြုံးယင်း....

'ဆရာကြီး သက်သကင်းအောင် ကျွန်တော့်မျက်နှာကို ဓားနဲ့ခြစ်ကြည့်ပါလား'

ဟု သွေးတိုးစမ်း မေးလိုက်လေသည်။

ဖိုးလုံစိုံသည် ရုတ်တရက် တဟားဟား ရယ်မောလိုက်ပြီး....

'ဘာလဲ မင်းက ကျုပ်ကို ပျော်စရာသစ်တောရဲ့ ဥပဒေကို ချိုးဖောက်စေချင်တဲ့ သဘောလား'

ဖန်းကျုံစင်းသည် ပြုံးလိုက်ပြီး....

'ဆရာကြီး အပေါ်မှာ ဒီလိုစိတ်မျိုး ကျွန်တော် မထားရဲပါဘူး'

ထိုစဉ် မုရိုကုဖန်သည် ဖုံလုစုံအား တချက် လှမ်းကြည့်လိုက်ပြီး....

'ဘယ့်နှယ်လဲ ဆရာကြီး၊ ဖန်းကျုံစင်းဟာ တုကုရင်းပဲလား'

ဖုံလုစုံသည် ပြုံးလျက် ဘာမျှ ပြန်မပြောချေ။ သူသည် ဆင့်ဆင်အိဘက်သို့ လှည့်ပြီး....

'ဩော်....ကျုပ် ခင်ဗျားတို့ အချိန်ကို ဖြုန်း သလိုများ ဖြစ်နေမလား မသိဘူး'

ဟု ပြောလိုက်လေသည်။

ပိုင်လိုရိသည် ဖုံလုစုံအား ပြန်လည် ပြုံးပြယင်း....

'ကိစ္စ မရှိပါဘူး၊ မုရိုသခင်မရဲ့ ညှော်ခံပွဲမှာ များများ စားနိုင်မှာပေါ့'

ဖုံလုစုံသည် ပိုင်လိုရိ၏ စကားကို သဘောကျဟန်ဖြင့် ရယ်မောလိုက်ပြီး....

'ဟုတ်တယ်၊ ဟုတ်တယ်'

ဟု ထောက်ခံလိုက်လေသည်။

ထို့နောက် သူသည် ပိုင်ပင်းအား တချက် လှမ်းကြည့်လိုက်ပြီး....

'ဒါနဲ့ သူက ပိုင်သခင်ကြီးရဲ့ သမီး ထင်တယ်'

ဟု ပြောလိုက်လေသည်။

ပိုင်လိုရိသည် ဦးခေါင်းကို ညိတ်ယင်း ပိုင်ပင်း ဘက်သို့ လှည့်ကာ....





'သမီး....ဆရာကြီး ဖုံလုစုံကို နှုတ်ဆက်လိုက်ပါဦး'

ဟု ပြောလိုက်လေသည်။

ဖုံလုစုံသည် လက်ကာ ပြလိုက်ယင်း....

'မလိုပါဘူးကွယ်၊ အင်း.... ကလေးမက ပြိုင်ဘက်ကင်း အောင်ကို လှတာပါပဲလား'

ဟု ပြောလိုက်သည်။

ပိုင်လိုရိသည် တချက် ပြုံးလိုက်ယင်း....

'မိန်းကလေးတယောက် သိပ်လှတယ် ဆိုတာဟာ ဝမ်းသာရမယ့် ကိစ္စမဟုတ်ဘူးလို့ ကျွန်တော် ထင်တယ်'

ဖုံလုစုံသည် မျက်မှောင်တချက် ကြုတ်လိုက်ပြီး....

'ပိုင်သခင်ကြီးရဲ့ စကားဟာ လေးနက်လွန်းလှတယ်'

ပိုင်လိုရိသည် ဦးခေါင်းကို ညိတ်ယင်း....

'ဟုတ်ပါတယ်၊ ဥပမာ.... သမီး အတွက် သင့်တော်မယ့် ယောကျ်ားကို ရှာရတာဟာ ကျွန်တော့် အတွက် ခေါင်းခဲစရာပဲ'

ပိုင်ပင်း၏ မျက်နှာသည် နီမြန်းလာပြီး....

'အို...ဖေဖေကလဲ၊ ဘာတွေ လျှောက်ပြောနေတာလဲ'

မုရိုကုဖန်သည် ချစ်စရာ တချက် ပြုံးလိုက်ပြီး....

'ဟုတ်တယ်.... ညီမရဲ့၊ မင်း အဖေ က အမှန်တွေ ပြောနေတာ'

ဟု ဝင်ရောက် ပြောလိုက်လေသည်။

ပိုင်ပင်းသည် ရှက်ပြုံးကလေး တချက် ပြုံးလိုက်ပြီး သူမ၏ ဦးခေါင်းကို ငုံ့ထားလေသည်။ ဖုံလုစုံသည် ပြုံးယင်း....

'ဒါပေါ့၊ အချိန်မလင့်ခင် သင့်တော်မယ့် သတို့သားကို ရှာရမှာပေါ့'

ပိုင်လိုရိုသည် ပြုံးလျက်....

'အဲဒါဟာ လွယ်မလိုနဲ့ ခက်တဲ့ အလုပ်ပဲဗျ'

မုရိုကုဖန်သည် ပြုံးယင်း....

'ကျွန်မတော့ လူတယောက် တွေ့ထားတယ်'

ပိုင်လိုရိုသည် သူ၏ မျက်ခုံးမွေးများကို ပင့်တင်ယင်း....

'ဟုတ်လား....ဘယ်သူများပါလိမ့်'

'ဖန်အန်း ဆိုတဲ့ လူပဲ'

ပိုင်လိုရိုသည် မျက်မှောင် တချက် ကြုတ်သွားပြီး....

'ဘယ်က ဖန်အန်းလဲ၊ အသက် တရာကျော်ရှည်တဲ့ ဖန်အန်းတော့ မဟုတ်ဘူး ထင်ပါတယ်'

မုရိုကုဖန်သည် သဘောကျစွာ ရယ်မောလိုက်ပြီး....

'ကျွန်မ ပြောတဲ့ ဖန်အန်းက ဒီလောက် နာမည် မကြီးပါဘူး'

ပိုင်လိုရိုသည် စဉ်းစားမရဟန်ဖြင့်....

'ဘယ်သူ့ သားသမီးများပါလိမ့်'

မုရိုကုဖန်သည် ပိုင်လိုရိုအား တချက် နားမလည် ဟန်ဖြင့် လှမ်း၍ကြည့်လိုက်ပြီး....

'ပိုင် သခင်ကြီးက စိတ်ဝင်စားတယ် ထင်တယ်'

ပိုင်လိုရိုသည် မုရိုကုဖန်အား တချက် လှမ်း၍ ကြည့်လိုက်ယင်း....





'မုရို သခင်မက သင့်တော်မယ်ဆိုယင် ကျွန်တော် စဉ်းစားသင့်တယ်မဟုတ်လား'

မုရိုကုဖန်သည် တချက် ပြုံးလိုက်ပြီး....

'ဒါပေမယ့် ပိုင်သခင်ကြီး စဉ်းစားဖို့ မလိုတော့ပါဘူး'

ပိုင်လိုရိုသည် မျက်ခမှောင်တချက် ကြုတ်လိုက်ယင်း....

'ဘာဖြစ်လို့လဲ'

မုရိုကုဖန်၏ မျက်နှာပေါ်တွင် ကြေကွဲမှု အရိပ်အရောင်များ ယှက်သမ်းသွားပြီး....

'သူ သေသွားပြီ'

ဟု ဖြည်းလေးစွာ ပြောလိုက်လေတော့သည်။

× × ×

ရွှေယဉ်စွမ်း....။

ယင်းတည်းခိုခန်းကို ဘေးတိုက် အနေအထားဖြင့် ကြည့်လျှင် ကန်ရေပြင်ပေါ်၌ တည်ရှိနေသကဲ့သို့ ထင်ရပေသည်။

ယင်း တည်းခိုခန်း၏ ဝန်းကျင်တဝိုက်၌ မီးရောင်သည် လင်းထိန်ခြင်းမရှိပါ။ သို့သော် မှောင်မည်း၍လည်း မနေပါ။ မှေး

မှိန်စွာ လင်းနေခြင်းကပင်လျှင် ကန်ရေပြင်ပေါ်မှ တည်းခိုခန်းကို တမျိုးအမြင် လှစေသည် မဟုတ်ပါလော။ ပိုင်လိုရိသည် ရွှေယဉ်စွမ်း တည်းခိုခန်းကို တချက်ကြည့်ယင်း....

'လှလိုက်တဲ့ နေရာပါလား'

ပိုင်ပင်းသည် ကလေးငယ် တယောက်၏ ဝမ်းသာ ရွှင်မြူးပုံမျိုးနှင့် သူ၏ ဖခင်အား လှမ်းကြည့်ပြီး....

'အဖေ ဒါ ရွှေယဉ်စွမ်းလား'

ဟု မေးလိုက်လေသည်။

မုရှံကုဖန်သည် သူမ၏ ဦးခေါင်းကိုညိတ်ကာ....

'ဟုတ်တယ် ညီမလေး၊ ဘယ့်နှယ့်လဲ သဘောကျရဲ့လား'

ဟု ဝင်ရောက်ပြောလိုက်လေသည်။

ပိုင်ပင်းသည် နှုတ်ခမ်းတချက် စူလိုက်ယင်း....

'ကျွန်မ မငယ်တော့ဘူးရှင်'

ဟု ပြောလိုက်လေသည်။

မုရှံကုဖန်သည် ရှတ်တရက် ပြုံးလိုက်ပြီး....

'ငါလဲ မင်းအရွယ်တုန်းက ငါ့ကို ငယ်တယ်လို့ ပြောယင်မကြိုက်ဘူး၊ ဒါပေမယ့် အခုတော့ ငါ့ကို အသက်ငယ်တယ်လို့ ပြောယင် သဘောကျတယ်'

ပိုင်ပင်းသည် မုရှံကုဖန်အား စေ့စပ်စွာ တချက်ကြည့်လိုက်ပြီး....

'ကျွန်မ အထင်တော့ ရှင်ဟာ အသက်ကြီးပုံ မရဘူး'

ပိုင်လိုရိကလည်း ဝင်ရောက်၍....

'ဟုတ်တယ်၊ မုရှံသခင်မရဲ့အသက်ဟာ သိပ်မကြီးသေးပါဘူး'





မုရှံကုဖန်သည် နှစ်ခြိုက်စွာ တချက်ရယ်မောလိုက်ပြီး....

'အဲဒီလိုစကားမျိုး ကြားရယင် စိတ်လဲချမ်းသာသွားတာပဲ၊ ဒါပေမယ့် ကိုယ့်အသက် ဘယ်လောက်ရှိပြီဆိုတာ ကိုယ့်ဘာသာကိုယ် သိနေတော့ ခက်နေတယ်'

ပိုင်ပင်းသည် ရုတ်တရက် မျက်မှောင်ကြုတ်လိုက်ပြီး....

'အသက် ဘယ်လောက်ရှိနေလို့လဲ'

မုရှံကုဖန်သည် သူမ၏ လက်ညှိုးကလေးကို နှုတ်ခမ်းပေါ် ဖြတ်၍ တင်လိုက်ယင်း....

'ယောကျ်ားတွေ ရှေ့မှာ မေးတော့ ငါ ဘယ်လိုလုပ် ဖြေရမလဲ'

ပိုင်ပင်းသည် နားမလည်ဟန်ဖြင့်....

'ဘာဖြစ်လို့လဲ'

မုရှံကုဖန်သည် နှစ်ခြိုက်စွာ တချက်ပြုံးလိုက်ပြီး....

'အင်း....မင်းက ငယ်သေးတော့ မိန်းကလေးရဲ့ အသက်ဟာ လျှို့ဝှက်တဲ့အရာ ဆိုတာ ဘယ်သိပါ့မလဲ'

ဟု ပြောလိုက်လေသည်။

ပိုင်ပင်းသည် မည်သို့မျှ နားမလည်ဟန်ဖြင့် ငေး၍ မုရှံကုဖန်အား ကြည့်နေမိလေတော့သည်။

× × ×

မိန်းကလေး လေးဦး။

သူတို့သည် ရွှေယဉ်စွမ်း၏ တံခါးဝ၌ ရပ်၍နေသည်။

သူတို့၏ လက်ထဲတွင် မှူးမတ်များ၊ ရာထူးကြီးမြင့်သူများကို ကြိုဆိုသည့် မီးအိမ်များ ကိုယ်စီ ကိုင်၍ ထားသည်။ ရွှေယဉ်စွမ်း ပိုင်ရှင်သည် တံခါးဝမှ ထွက်၍ မုရိုကုဖန်တို့ လူသိုက်အား ပျာပျာသလဲ ကြိုဆို၍ နေလေသည်။

ဖန်းကျုံစင်းသည် မုရိုကုဖန် ကိုယ်စား ရှေ့မှ ဦးဆောင်၍ ညွှတ်ဝတ်ပြုနေသည်။ သူ၏ အမူအရာသည် သွက်လက်နေသည်။

ဖျတ်လတ်နေသည်။ အမှန်မှာ သူ၏ စိတ်ထဲ၌ ပျော်ရွှင်နေခြင်းပင် ဖြစ်သည်။ ပုလုစုံ၏ ထက်မြက်သော မျက်လုံးသည် သူ့အား တုကုရင်းမှန်း မရိပ်စား မိခဲ့ပေ။

ထို့ကြောင့် သူ၏ စိတ်ထဲ၌ ပျော်ရွှင်နေခြင်းပင် ဖြစ်ပေသည်။ ထို့ပြင် သူသည် စိတ်ထဲမှ ကျိတ်၍ မျက်လှည့်ဆရာကြီးအား ကျေးဇူး တင်မိနေပေသည်။ သို့ဖြစ်၍လည်း သူသည် မုရိုကုဖန်၏ ကိစ္စကို စိတ်ချစွာကူညီ၍နေသည်။ ယခုမုရိုကုဖန်၏ အစီအစဉ်သည် ပထမ အစီအစဉ် ဖြစ်သည်။

ဒုတိယအစီအစဉ်သည် မည်သို့ ရှိမည်နည်း။

☆



လွင်စာပေ
အမှတ် ၁၃၀၊ ၆-လမ်း
ဧထောင်၄။

အလောင်းအစား

စားပွဲပေါ်၌ စားစရာများ ရောက်ရှိနေပြီ ဖြစ်သည်။

ပိုင်လိုရိသည် စားစရာများကို တချက် ဝေ့၍ ကြည့်လိုက်ပြီး ဖန်းကျုံစင်းအား....

'ဒီ စားစရာတွေ ဘယ်က ယူလာတာလဲ'

ဟု ရုတ်တရက် မေးလိုက်လေသည်။

ယင်းစကားကြောင့် ဖန်းကျုံစင်းသည် ရုတ်တရက် ငိုင်၍ သွားလေသည်။

သူ၏စိတ်ထဲ၌လည်း အမှားအယွင်းတစုံတခုကို ပိုင်လိုရိ တွေ့ရှိသွားပြီလောဟု ထင်မှတ်မိလေသည်။ မုရိုကုဖန်၏ စိတ်ထဲ၌

စားသောက်စရာများထဲတွင် တစုံတရာ ပြုလုပ်မည့် အစီအစဉ် မရှိပါ။

သို့သော် ယခုကဲ့သို့ ပိုင်လိုရိက ရုတ်တရက် မေးလိုက်သဖြင့် ဖန်းကျုံစင်း၏ စိတ်ထဲ၌ ပူပန်သွားမိခြင်း ဖြစ်ပေသည်။

ထိုစဉ် မုရှံကုဖန်သည် ပြုံးလျက်....

'ထိုက်ပိုင်စွမ်းက မှာခဲ့တာ'

ပိုင်လိုရိသည် သူ၏ ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းယင်း....

'ထိုက်ပိုင်စွမ်းမှာ ဒီလောက်ကောင်းတဲ့ ဟင်းလျာ ရှိမှန်း ကျုပ်တို့ မသိခဲ့ပါလား'

မုရှံကုဖန်သည် ပြုံးယင်း....

'ဒီထက် ကောင်းတဲ့ ဟင်းလျာတွေ ရှိသေးတယ်'

ပိုင်လိုရိသည် မုရှံကုဖန်အား ပြုံး၍ ပြန်ကြည့်ယင်း....

'အင်း....ကျုပ်တို့ ဒီလထဲမှာ စားခဲ့သမျှ အညံ့ဆုံး ဟင်းလျာတွေပဲ ဖြစ်ရမယ်'

မုရှံကုဖန်သည် ပိုင်လိုရိ၏ စကားကို သဘောကျဟန်ဖြင့် ရယ်မောလိုက်ပြီး....

'ဩော်....ဒါကတော့ ကျွန်မရဲ့ ညှော်ခံပွဲအတွက် အထူးမှာခဲ့လို့ပါ'

ပိုင်လိုရိသည် မျက်မှောင်ကလေး ကြုတ်ယင်း....

'ညှော်ခံပွဲ ဟုတ်လား'

မုရှံကုဖန်သည် ဦးခေါင်း ညိတ်ပြလိုက်ပြီး....





'ဟုတ်ပါတယ်၊ ရွှေယဉ်စွမ်းမှာ ကျွန်မ ညှော်ခံပွဲ တနှစ်တကြိမ် လုပ်ခဲ့တယ်၊ ဒါပေမယ့် လွန်ခဲ့တဲ့ ခုနစ်နှစ်က စပြီး မလုပ်ဖြစ်ခဲ့ဘူး၊ ဒါကြောင့် ဒီနှစ် ညှော်ခံပွဲလုပ်မလို့ စီစဉ်ခဲ့တာ'

ပိုင်လိုရိသည် ပြုံးယင်း....

'ဒါဆို....ကျုပ်တို့ ကံ[illegible]င်းတာပေါ့'

မုရှံကုဖန်သည် ပြုံးလျက်....

'ကျွန်မက ပိုပြီး ကံကောင်းတာပေါ့'

ပိုင်လိုရိသည် သူ၏ မျက်ခုံးမွေးများကို ပင့်တင်ယင်း....

'ဘာဖြစ်လို့'

မုရှံကုဖန် သည် သူမ၏ လက်တဘက်ကို ဝှေ့ယမ်းလျက်....

'ကျွန်မရဲ့ ညှော်ခံပွဲကို သိုင်းလောကရဲ့ နာမည်ကြီးပုဂ္ဂိုလ်တွေ တက်ရောက်လို့ပေါ့၊ ပြီးတော့.... ပြိုင်ဘက်ကင်းအောင် ဟောဒီက ညီမလေးလဲ တက်ရောက်လို့ပေါ့'

ပိုင်ပင်း၏ မျက်နှာ ပေါ်တွင် ပန်းနုရောင် ယှက်သမ်းသွားပြီး....

'မမက ရယ်စရာလဲ ပြောတတ်တာပဲ'

မုရှံကုဖန်သည် သူမ၏ ဦးခေါင်းကို လှုပ်စွာ ခါယမ်းယင်း....

'မမက အမှန် ပြောတာကွယ့်၊ ဘယ်တော့မှ ညာမပြောတတ်ဘူး၊ ပြီးတော့ မမ စကားကို ဟောဒီမှာရှိတဲ့ ပုဂ္ဂိုလ်တွေ တယောက်မှ ကန့်ကွက်မှာ မဟုတ်ဘူး'

ပိုင်လိုရိသည် ပြုံးလျက်....

'မုရှံသခင်မရဲ့ စကားကို ကျွန်တော် ထောက်ခံပါတယ်'

ဖိုလုစုံကလည်း....

'အင်း....မုရုံသခင်မ ပြောတာ အမှန်ပဲကွယ့်'

ဟု ဝင်ရောက် ပြောလိုက်လေသည်။

ပြီးမှ ဖိုလုစုံသည် မုရုံကုဖန်အား ပြုံး၍ ကြည့်ယင်း....

'တကယ်တော့ ကံ အကောင်းဆုံးက ကျုပ်ပဲ ဖြစ်တယ်'

ဆင့်ဆင့်အိသည် ပြုံးယင်း....

'ဆရာကြီးက ဘာဖြစ်လို့ ပြောနိုင်ရတာလဲ'

ဟု ဝင်ရောက် မေးလိုက်လေသည်။

ဖိုသုစုံသည် သဘောကျစွာ ရယ်မောယင်း....

'ဟာ....ကျုပ်က တာလီမြို့စား၏ အိမ်တော်ထဲမှာသာ နေခဲ့တာ၊ တုကုရင်းဆိုတဲ့ လူသတ်သမားကို မရှာခဲ့ယင် ဟောဒီ သိုင်းလောကနာမည်ကြီး ပုဂ္ဂိုလ်တွေနဲ့ တွေ့ရမှာ မဟုတ်ဘူး၊ ပြီးတော့ ပြိုင်ဘက်ကင်းအောင် လှတဲ့ ပိုင်ပင်းကိုလဲ တွေ့ဖူးမှာ မဟုတ်ဘူး၊ နောက်ပြီး ဟောဒီ မုရုံသခင်မရဲ့ ထူးခြားတဲ့ ဟင်းလျာတွေကိုလဲ စားရမှာ မဟုတ်ဘူး၊ ဒါကြောင့် ကျုပ်ကံအကောင်းဆုံးလို့ ပြောနိုင်တာပေါ့'

ပိုင်လိုရီသည် ဟင်းလျာရနံ့များကို တချက် ရှူရှိုက်လိုက်ပြီး

'အင်း....တကယ်တော့ ကျုပ်တို့ အားလုံး ကံကောင်းပါတယ်၊ ဒါပေမယ့် ဒီအတိုင်းပဲထိုင်ပြီး ဟင်းလျာတွေကိုကြည့်နေမယ်ဆိုယင် ထိုက်ပိုင်စွမ်းရဲ့ စားဖို့မှုးက စိတ်ဆိုးနေမလား မသိဘူး'

ဟု ပြောလိုက်လေသည်။





မုရုံကုဖန်သည် ပိုင်လိုရီ၏ စကားကို သဘောကျစွာ တချက် ရယ်မောလိုက်ပြီး....

'ဟုတ်ပါရဲ့၊ ကဲ....သုံးဆောင်လိုက်ပါဦး'

ဟု လောကဝတ် ပြုလိုက်လေသည်။

ပိုင်လိုရီသည် ဟင်းလျာများကို နှိုက်ယူ စားသောက် လိုက်ပြီး ရုတ်တရက် သက်ပြင်းတချက် ချလိုက်လေသည်။ မုရုံကုဖန်သည် မျက်မှောင်တချက် ကြုတ်လိုက်ပြီး....

'ပိုင်သခင်ကြီး၊ ဘာများ လိုအပ်နေလို့လဲရှင်'

ဟု မေးလိုက်လေသည်။

ပိုင်လိုရီသည် တချက်ပြုံးလိုက်ပြီး ...

'နှမြောလို့ပါ'

'ရှင်.... ဟင်းလျာက မကောင်းလို့လား'

ပိုင်လိုရီသည် ခေါင်းကို တချက် ခါယမ်းလိုက်ပြီး....

'ကောင်းပါတယ်၊ ဒါပေမယ့် အခုအချိန်မှာ ကျုပ် ပြောင်အောင် မစားနိုင်လို့ နှမြောမိတာပါ'

မုရုံကုဖန်သည် သူမ၏ မျက်ခုံးမွေးကို ကျုံ့လိုက်ပြီး....

'ကျွန်မ ကြားဖူးသမျှတော့ ပိုင်သခင်ကြီးမှာ ဘယ်တော့မှ စိတ်ရှုပ်စရာ မရှိဘူးတဲ့ ဟုတ်ရဲ့လား'

ပိုင်လိုရီသည် ဦးခေါင်းကို ခါယမ်းယင်း....

'လောကမှာ မြတယ်ဆိုတာ ရှိမှ မရှိပဲ၊ ကျုပ် စိတ်ရှုပ်တာလဲ ဘာဆန်းတော့မှာလဲ'

မုရုံကုဖန်သည် ချစ်စဖွယ် ပြုံးလိုက်ပြီး....

'ဒါပေမယ့် ပျော်စရာ သစ်တောကျေးရွာမှာတော့ ပိုင်သခင်ကြီးရဲ့စိတ်ကို မရှုပ်ထွေးစေချင်ဘူး၊ ဒါကြောင့် မုရိုအမျိုးအနွယ်က ကူညီပါရစေ'

ဖိုလုစုံသည် မျက်မှောင်တချက် ကြုတ်ယင်း....

'ပိုင်သခင်ကြီး ဘာကိစ္စကြောင့် စိတ်ရှုပ်နေရတာလဲ၊ ကျုပ်လဲ အခွင့်သင့်တုန်း ကူညီပါရစေ'

မုရိုကုဖန်သည် ဖိုလုစုံ၏ စကားအား ထောက်ခံဟန်ဖြင့် သူမ၏ ဦးခေါင်းကို တချက်ညိတ်လိုက်ပြီး....

'ဟုတ်ပါတယ်၊ ကျွန်မက မုရို အမျိုးအနွယ်နဲ့ရော ဟောဒီ ပျော်စရာ သစ်တောကျေးရွာ ပိုင်ရှင်အနေနဲ့ရော ပိုင်သခင်ကြီးကို ကူညီမှာပါ'

ပိုင်လိုရိသည် ဘာမှ ပြန်၍ မပြောပါ။ သူသည် မုရိုကုဖန်နှင့် ဖိုလုစုံကို ပြုံး၍သာ ကြည့်နေလေသည်။

ထိုစဉ် ပိုင်ပင်းသည် တချက်ပြုံးလိုက်ပြီး....

'ချယ်ရီနီသူခိုးက ကျွန်မကို ခိုးမယ်ဆိုလို့ အဖေက စိုးရိမ်နေတာ'

ဟု ဝင်ရောက် ပြောလိုက်လေသည်။

မုရိုကုဖန်သည် မျက်မှောင်တချက် ကြုတ်သွားပြီး....

'ချယ်ရီနီသူခိုး ဟုတ်လား'

ဟု ပိုင်လိုရိကို လှည့်၍ မေးလိုက်လေသည်။ ဖိုလုစုံသည် နား မလည်ဟန်ဖြင့်....

'ဘယ်က ချယ်ရီနီ သူခိုးလဲ'

ဟု မေးလိုက်လေသည်။





မုရိုကုဖန်သည် တချက်ပြုံးပြီး....

'အင်း.... ဆရာကြီးက သိုင်းလောကထဲကို ရောက်ခဲ့တော့ သိပ်မှာမဟုတ်ဘူး၊ ချယ်ရီနီသူခိုးဆိုတာ တလောကလုံး ပြိုင်ဘက်ကင်းတဲ့ ပစ္စည်းတွေပဲ ခိုးတဲ့ သူခိုး'

ဟု ရှင်းပြလေသည်။

ထို့နောက် သူမသည် ပိုင်လိုရိဘက်သို့ လှည့်ပြီး....

'ဟုတ်တယ် မဟုတ်လား'

ဟု မေးလိုက်လေသည်။

ပိုင်လိုရိသည် ဘာမျှ ပြန်လည်၍မပြောပဲ သူ၏ ဦးခေါင်းကိုသာ ညိတ်ပြလိုက်လေသည်။ မုရိုကုဖန်သည် ပိုင်ပင်းအား လှမ်း၍ ကြည့်ယင်း....

'အင်း-ညီမကလဲ ချယ်ရီနီသူခိုး မျက်စိကျအောင် ပြိုင်ဘက်ကင်းတာကိုး'

ဟု ပြောလိုက်လေသည်။

ပိုင်ပင်းသည် မဲ့ပြုံးကလေး ပြုံးလျက်....

'ဒါပေမယ့် ကျွန်မက သက်မဲ့ပစ္စည်း မဟုတ်ဘူး'

ပိုင်လိုရိသည် သက်ပြင်း မသိမသာချကာ....

'ဟုတ်တယ်၊ အသက်ကြီးလာတာနဲ့အမျှ သမီးရဲ့ အလှဟာ ပြိုင်ဘက်ကင်းမှာ မဟုတ်တော့ဘူး'

ဖိုလုစုံသည် မဲ့ပြုံး ပြုံးယင်း

'ဟုတ်တယ်'

ဟု ထောက်ခံလိုက်သည်။

မုရိုကုဖန်သည် ရုတ်တရက် တချက်ပြုံးလိုက်ပြီး....

'ဒါပေမယ့် လူတယောက်ရဲ့ဝိညာဉ် ချုပ်ငြိမ်းသွားယင် အဲဒီလူရဲ့ အသက်လဲ ရပ်တန့်သွားလိမ့်မယ်....၊ ဥပမာ.... အသက်ဆယ့်ခြောက်နှစ်အရွယ်မှာ အဲဒီလူဟာ သေဆုံးခဲ့ယင် သူဟာ ဘယ်တော့မှ အသက်ဆယ့်ခုနစ်နှစ်ကို ရောက်တော့မှာ မဟုတ်တော့ဘူး'

မုရဲကုဖန်၏ စကားကြောင့် ပိုင်ပင်း၏ ခန္ဓာကိုယ်တခုလုံးသည် အေးစက်၍ သွားလေတော့သည်။ ဖုံလုစုံသည် မှုံပြုံးကလေး တချက်ပြုံးလိုက်ပြီး....

'ဒါပေမယ့်....အဲဒီလူရဲ့ ရုပ် ပျက်စီးသွားနိုင်တာပဲ'

မုရဲကုဖန်သည် ခပ်မှုံမှုံကလေး ပြုံးယင်း....

'တကယ်လို့ ရုပ်ကို မပျက်စီးအောင် ဆေးဝါးအကူအညီနဲ့ ပြုလုပ်နိုင်တယ် ဆိုခဲ့ယင်'

ပိုင်လိုရိ၏ မျက်နှာသည် မသိမသာ ပျက်၍ သွားလေသည်။ မုရဲကုဖန်သည် ပိုင်လိုရိအား တချက် အကဲခတ် ကြည့်လိုက်ပြီး....

'ဒါနဲ့.... ချယ်ရီနီကတ်ပြားကို ပိုင်သခင်ကြီး ရပြီးပြီလား'

ပိုင်လိုရိသည် ဦးခေါင်းကို ညိတ်ယင်း....

'အင်း'

'ချယ်ရီနီ ကတ်ပြား ပေါ်မှာရော ဘာရေးထားသလဲ'

ပိုင်ပင်းလို့ ရေးထားတယ်'

'အင်း.... ဒါဆိုယင်တော့ ပိုင်သခင်ကြီး နည်းနည်းတော့ သတိထားရမှာပေါ့၊ ချယ်ရီနီ သူခိုးက ပြောတဲ့အတိုင်း လုပ်တတ်တယ်နော်'





ဖုံလုစုံသည် တဟားဟားရယ်မောယင်း မုရဲကုဖန်ကို တချက်ကြည့်လိုက်သည်။ ပြီးမှ ဖန်းကျုံစင်းကို ညွှန်ပြယင်း....

'တကယ်လို့ ချယ်ရီနီ သူခိုးဟာ ဒီမှာ လာပြီး ပိုင်ပင်းကို ခိုးမယ်ဆိုယင် ဟောဒီက ဖန်းကျုံစင်းရဲ့ ဓားကို မြည်းကြည့်ရမှာပေါ့၊ မဟုတ်ဘူးလား'

ဟု ဝင်ရောက် ပြောလိုက်လေသည်။

ဖန်းကျုံစင်း သည် မုရဲကုဖန် အား တချက် လှမ်းကြည့်လိုက်ပြီး....

'မုရဲသခင်မရဲ့ ဧည့်သည်ကို စော်ကားယင် မုရဲသခင်မကို စော်ကားတာနဲ့ အတူတူမို့ ကျွန်တော် ကြည့်မနေပါဘူး'

ဟု ပြောလိုက်လေသည်။

ပိုင်လိုရိသည် တချက် ပြုံးလိုက်ပြီး....

'ဒီနေရာမှာ လက်ရွေးစင် သိုင်းသမားတွေ အများကြီး ရှိတယ်၊ ဆရာကြီးဖုံလုစုံရဲ့ သိုင်းသမားတွေလဲ ရှိတယ်၊ ပြီးတော့ မုရဲအမျိုးအနွယ်ရဲ့ ပိုင်နက်လဲ ဖြစ်တယ်၊ ဒါကြောင့် ချယ်ရီနီ သူခိုးဟာ ဘယ်လောက်ပဲ အစွမ်းရှိရှိ လုပ်ရှားရမယ် မဟုတ်ပါဘူး'

မုရဲကုဖန်သည် ရုတ်တရက် ပြုံးလိုက်ပြီး....

'တကယ်လို့ သူက ညာဘက်သုံးခဲ့မယ်ဆိုယင်တော့ ကြောက်ရမယ်'

ပိုင်လိုရိသည် ပြုံးလျက်....

'ဆင့်ဆင့်အိလဲ စွယ်စုံရပါတယ်'

'လက်ရွေးစင် သိုင်းသမားတွေ စောင့်နေတဲ့ ဝမ်စီးထုံရဲ့ လျှို့ဝှက်ခန်းထဲက ကျောက်စိမ်းဖရဲသီးကိုတောင် ရအောင် ခိုးခဲ့တယ်ဆိုတော့ ကျွန်မတို့ အထင်သေးလို့ မရဘူးနော်'

ပိုင်လိုရိသည် ဆင့်ဆင့်အိကို ညွှန်ပြယင်း....

'သူကလဲ တညတည်းနဲ့ ပင့်ကူဖြူ သူခိုးကို ဖမ်းနိုင်ခဲ့တာပဲ'

မုရုံကုဖန်သည် မဲ့ပြုံးကလေး ပြုံးလိုက်ပြီး....

'ဒါပေမယ့် အရှုံး အနိုင်ကို ကျွန်မတို့ ကြိုပြီး တွက်လို့မရဘူး ထင်တယ်'

ပိုင်လိုရိသည် မုရုံကုဖန်ကို တချက်ပြုံး၍ စိုက်ကြည့်လိုက်ပြီး-

'အင်း....မုရုံသခင်မက ချယ်ရီနီ သူခိုးနဲ့ သိလို့လား'

မုရုံကုဖန်သည် ပြုံးလျက်....

'သိမှတော့ ကျွန်မ ပြောမှာပေါ့၊ ဒါနဲ့ ပိုင်သခင်ကြီးကို ကျွန်မ တခုမေးပါရစေ'

'မေးပါ'

'ချယ်ရီနီ သူခိုးဟာ ယောကျ်ားလား၊ မိန်းမလား'

'ဒါတော့ ကျုပ်လဲ မသိဘူး'

'ကျွန်မ အထင်တော့ မိန်းမဖြစ်ရမယ်'

'ဘာဖြစ်လို့လဲ'

'ချယ်ရီ ဆိုတဲ့ စကားလုံးကို ရွေးတဲ့အတွက် မိန်းကလေးပဲ ဖြစ်ရမယ်'

'မိန်းမတွေဟာ ဒီလောက်ပဲ သတ္တိရှိပါ့မလား'

'ကျွန်မနဲ့ ပိုင်သခင်ကြီး အလောင်းအစား လုပ်မလား'





'ဘာလဲ ချယ်ရီနီသူခိုးဟာ ယောကျ်ားလား၊ မိန်းမလား ဆိုတာကိုလား'

'ဟုတ်တယ်'

'ဘာကြေး လောင်းမှာလဲ'

မုရုံကုဖန်သည် သူမ၏လက်ကို ဝှေ့ယမ်းယင်း....

'ဟောဒီ ပျော်စရာသစ်တောကျေးရွာဆိုယင် ဘယ့်နှယ်လဲ'

ယင်း စကားကြောင့် ပိုင်လိုရိသည် မျက်မှောင် တချက် ကြုတ်၍သွားလေတော့သည်။ ပြီးမှ....

'အင်း....လောင်းကြေးက နည်းတာ မဟုတ်ဘူး၊ လောင်းယင် ကျုပ် ရှုံးလိမ့်မယ် ထင်တယ်'

မုရုံကုဖန်သည် ပြုံးယင်း....

'ဘာလဲ ပိုင်သခင်ကြီးက ကျွန်မဟာ ချယ်ရီနီသူခိုးကို သိနေတယ်လို့ ထင်နေသလား'

ပိုင်လိုရိသည် သူ၏ ပခုံးနှစ်ဘက်ကို တွန့်ပြယင်း....

'ဟောဒီ ပျော်စရာ သစ်တောကျေးရွာရဲ့ တန်ဖိုးကို မုရုံသခင်မ အသိဆုံးပါ'

မုရုံကုဖန်သည် ချစ်စရာ မျက်မှောင်ကြုတ်ယင်း....

'ဒါဆိုယင် ကျွန်မ လိမ်နေတာပေါ့'

ပိုင်လိုရိသည် ဘာမှ ပြန်၍မပြောပါ။ သူသည် ပြုံးရုံသာ ပြုံး၍ နေလေသည်။ မုရုံကုဖန်သည် မဲ့ပြုံးကလေး တချက်ပြုံးလိုက်ယင်း....

'အလောင်းအစား လုပ်ယင် ကြီးကြီး မားမား လုပ်မှ၊ သေးသေး မွှားမွှားနဲ့ လောင်းယင် ကျွန်မတို့ မိန်းမသားတွေကို ရယ်တော့မှာပေါ့'

ပိုင်လိုရီသည် ပြုံးယင်း....

'ဒါပေမယ့် ကျုပ်အနေနဲ့ မုရုံသခင်မရဲ့ လောင်းကြေးကို မီအောင် လောင်းနိုင်ပါ့မလားလို့ တွေးပူမိတယ်'

မုရုံကုဖန်သည် သူမ၏ မျက်ခုံးမွေးကို တချက် ပင့်တင်လိုက်ပြီး....

'ပိုင်သခင်ကြီးရဲ့ နေပြည်တော်က စံအိမ်နဲ့ဆိုယင်ရော'

ပိုင်လိုရီသည် သူ၏ မျက်ခုံးမွေးကို ပင့်တင်ယင်း....

'ဒါပေမယ့် ကျုပ်ရဲ့ စံအိမ်ဟာ ပျော်စရာ သစ်တောကျေးရွာနဲ့ စာယင် ဘာမှ မဟုတ်လောက်ဘူး၊ ဒါကြောင့် မုရုံသခင်မကို အနိုင်ကျင့်တယ်လို့တော့ မပြောပါနဲ့'

မုရုံကုဖန်သည် ချစ်စရာ ပြုံးယင်း....

'ဒီလောင်းကြေးက ကျွန်မ ဆုံးဖြတ်တာပဲ'

ပိုင်လိုရီသည် တချက် ရယ်မောလိုက်ပြီး....

'မုရုံသခင်မ အနေနဲ့ နောက်ဆုတ်မယ် ဆိုယင် ကျုပ် မကန့်ကွက်ပါဘူး'

'ကျွန်မက မိန်းကလေးဖြစ်ပေမယ့် ဘယ်တော့မှ ပြောပြီးတဲ့ စကားကို ပြန်ပြီး မရုပ်သိမ်းတတ်ဘူး၊ ပြောတဲ့အတိုင်း လုပ်တတ်တယ်'

ပိုင်လိုရီသည် သဘောကျစွာ ပြုံးယင်း....





'အင်း.... ကျုပ် တသက်မှာ ဒီလောက် စိတ်ဝင်စားစရာကောင်းတဲ့ အလောင်း အစားမျိုး တခါမှ မကြုံဖူးခဲ့ဘူး၊ ဒါကြောင့် ကျုပ်လက်လွှတ်ခံလို့တော့ မဖြစ်ဘူး ထင်တယ်'

ပိုင်ပင်းသည် သူမ၏ ဖခင်ကို တချက် လှမ်းကြည့်လိုက်ပြီး....

'အဖေ'

ဟု လွှတ်ကနဲ ခေါ်လိုက်လေသည်။

ပိုင်လိုရီသည် ပိုင်ပင်းအား ပြုံး၍ပြလိုက်ပြီး....

'မပူပါနဲ့ သမီးရယ်၊ အဖေရှုံးယင် တို့တအိမ်လုံး ကျန်နန်းကို ပြောင်းနေရုံပေါ့'

ဟု ပြောလိုက်လေသည်။

ပြီးမှ သူသည် မုရုံကုဖန်အား လှည့်၍ ပြုံးပြယင်း....

'ကျုပ်နိုင်လို့ ပျော်စရာသစ်တောကို ပိုင်ခဲ့ယင် မုရုံသခင်မကို ဟောဒီ ရွှေယဉ်စွမ်းက မောင်းမထုတ်ပါဘူး'

မုရုံကုဖန်သည် ချစ်စရာပြုံးယင်း....

'ပိုင်သခင်ကြီးရဲ့ သဘောထား ကြီးမားတဲ့အတွက် ဝမ်းသာပါတယ်'

'ကျုပ်ကလဲ မုရုံသခင်မနဲ့ အိမ်နီးချင်း ဖြစ်ရမယ့်အတွက် ဝမ်းသာပါတယ်'

ပိုင်ပင်းသည် တစုံတခုကို စဉ်းစားမိဟန်ဖြင့်....

'အဖေ... အဖြေကို ဘယ်တော့ သိရမှာလဲ'

ပိုင်လိုရီသည် ပြုံးယင်း....

'ပြောရ ခက်တယ်၊ တနှစ် ဒါမှမဟုတ် ဆယ်နှစ်'

မုရှုံကုဖန်သည် ပြုံးလျက်....
'နာရီဝက် တနာရီနဲ့လဲ သိနိုင်ပါတယ်'
ဟု ဝင်ရောက် ပြောလိုက်လေသည်။

ဤအလောင်းအစားသည် မုရှုံကုဖန်၏ အပေါ်တွင် တည်မှီနေသည် မဟုတ်ပါလော။ သူမ၏ အရှုံးမရှိသော အလောင်းအစားတွင် ပိုင်လိုရိသည် မည်သို့ အနိုင်ရရှိနိုင်ပါမည်နည်း။

× × ×

ဖုံလုစုံသည် သဘောကျစွာ တချက် ရယ်မောယင်း....
'ကျုပ်လဲ မုရှုံသခင်မနဲ့ လောင်းချင်သေးတယ်'
မုရှုံကုဖန်သည် သူမ၏ မျက်လွှာကို ပင့်ယင်း....
'ဆရာကြီးက ဘာကို လောင်းမှာလဲ'
ဖုံလုစုံသည် ဆင့်ဆင့်အိကို ညွှန်ပြယင်း....
'ဒီတခါ ချယ်ရီနီ သူခိုးဟာ ဆင့်ဆင့်အိကို အရှုံးပေးရမယ်ဆိုတာ'
'ဘာကြေး လောင်းမှာလဲ'
'ကျုပ်ရဲ့ ခေါင်းနဲ့ လောင်းမှာ'





မုရှုံကုဖန်သည် သူမ၏ ပခုံးကို ဟန်ပါပါတွန့်ပြယင်း....
'တာလီမြို့စားရဲ့ သိုင်းဆရာကြီးနဲ့ မလောင်းရဲပါဘူး'
'ဘာဖြစ်လို့လဲ'
'ကျွန်မ မသေချင်သေးလို့ပါ၊ ဒါပေမယ့် ဆင့်ဆင့်အိနဲ့တော့ ကျွန်မ လောင်းချင်တယ်'
ဆင့်ဆင့်အိသည် မျက်ခုံးမွေးကို ပင့်တင်ယင်း....
'ဘာကို လောင်းမှာလဲ'
'ခုန ဆရာ ပြောတဲ့ အလောင်းအစားပါ'
ဆင့်ဆင့်အိသည် သူ၏ ပခုံးကို တွန့်လျက်....
'ကျုပ်မှာလဲ ဘာမှ အဖိုးထိုက်တန်တာ မရှိဘူး၊ ကျုပ်ရဲ့ ခေါင်းပဲ ရှိတယ်'
မုရှုံသခင်မသည် ပြုံးယင်း....
'ဒါပေမယ့် သိုင်းလောကမှာ ရှင့်ရဲ့နာမည် ရှိသေးတယ်'
ဆင့်ဆင့်အိသည် မုရှုံကုဖန်၏ စကားကို သဘော ပေါက်ဟန်ဖြင့် တချက် ရယ်မောလိုက်ပြီး....
'ဘာလဲ.... မုရှုံသခင်မက ကျွန်တော် ရှုံးယင် သိုင်းလောကထဲက ကျွန်တော့်ကို ထွက်သွားစေချင်တာလား'
'ဟုတ်တယ်'
'ကျွန်တော် နိုင်ယင်ကော'
'ကျွန်မမှာ အဖိုးမဖြတ်နိုင်တဲ့ ပစ္စည်း ဆယ့်ကိုးမျိုး ရှိတယ်၊ ဘယ် ပစ္စည်းမျိုး မဆို ကျောက်စိမ်း ဖရဲသီးနဲ့ ယှဉ်နိုင်တယ်'

ဖုံလုစုံလည်း ရယ်မောယင်း....

'မင်းတို့ အလောင်းအစားက စိတ်ဝင်စားစရာ ကောင်းတော့ ကျုပ်လဲ မပါလို့ မဖြစ်တော့ဘူး'

မုရှိုကုဖန်သည် ပြုံးယင်း....

'ဆရာကြီးက ကျွန်မတို့အတွက် သက်သေပေါ့'

'ကောင်းပါတယ်၊ ကျုပ် လက်ခံပါတယ်'

မုရှိုကုဖန်သည် သူမ၏ လုပသော လက်ညှိုးကို စားပွဲပေါ်သို့ ထောက်လိုက်ပြီး....

'ကဲ.... အခု အချိန်က စပြီး အလောင်းအစား အတည်ဖြစ်ပြီနော်'

ဟု ပြောလိုက်လေသည်။

ပိုင်လိုရီ၊ ဆင့်ဆင့်အိနှင့် ဖုံလုစုံသည် သူတို့၏ လက်ညှိုးကို စားပွဲပေါ် ထောက်ယင်း....

'ကောင်းပါပြီ'

ဟု ပြောလိုက်လေတော့သည်။

သူတို့၏ အလောင်းအစားသည် မည်သို့ ဖြစ်လာမည်နည်း၊ အလောင်းအစားတွင် ပိုင်လိုရီ အနေဖြင့် ရှုံးရန် သေချာနေသော်လည်း ဆင့်ဆင့်အိ အတွက်မူ ရှုံးနိုင်ပါမည်လော။ နိုင်မည်ဟုလည်း မည်သူ ပြောနိုင်ပါမည်နည်း။





အကယ်၍သာ မုရှိုကုဖန်သည် ချယ်ရီနီ သူခိုးဖြစ်ကြောင်း သိလျှင် သူတို့သည် အလောင်း အစား ပြုလုပ်ကြပါမည်လော။

သူတို့ အလောင်းအစားသည် မည်သို့ ဖြစ်လာမည်နည်း။

☆

## သိမ်မွေ့သော လှည့်ပတ်မှု

စားပွဲပေါ်မှာ စားစရာများ ကျန်နေသေးသည်။

သို့သော် မည်သူမျှ မစားနိုင်တော့ပါ။ သူတို့သည် အတွေး ကိုယ်စီဖြင့် စကား မပြောမိကြချေ။ အတန်ကြာမှ မုရုံကုဖန် သည် အားလုံးကို တချက်ကြည့်လိုက်ပြီး—

'ကျွန်မတို့ ကိစ္စတွေပြီးယင် နောက်ထပ် တခါ ဒီနေရာမှာ ပြန်ပြီး အခုလို ထမင်းစားရအောင် ဖိတ်ပါရစေ'

ပိုင်လိုရိုသည် ပြုံးယင်း—

'အခုလိုပဲ လူစုံတက်စုံနဲ့ ပျော်ပျော်ပါးပါး ထမင်းစားနိုင်ဖို့ အတွက် ကျုပ် ဆုတောင်းလိုက်ပါတယ်'





ဖုံလုစုံသည် ရယ်မောယင်း....

'အင်း.... နောက်တခါလဲ မုရုံသခင်မပဲ အိမ်ရှင်ဖြစ်ပါစေလို့ ကျုပ် မျှော်လင့်ပါတယ်'

ဆင့်ဆင့်အိသည် ပြုံးယင်း....

'အခုတော့ အိမ်ရှင်က မနှင်ပေမယ့် ကျွန်တော်တို့ ပြန်သင့် ပြီလို့ ထင်တယ်'

ဟု ဝင်ရောက် ပြောလိုက်လေသည်။

မုရုံကုဖန်သည် ပြုံးယင်း....

'စိတ်ချနေပါ၊ ဒီနေရာမှာ ချယ်ရီနီသူခိုးက ဘာမှမလုပ်နိုင် ပါဘူး'

ဟု ပြောလိုက်လေသည်။

သူမ၏ စကားဆုံးသည်နှင့် တပြိုင်တည်း ရွှေယဉ်စွမ်း တည်းခိုခန်း၏ အပြင်ဘက်မှ....

'ဟေ့ ဘယ်သူလဲ'

ဟူသော မေးသံကို ကြားလိုက်ရလေသည်။ ယင်းအသံကိုကြား လိုက်ရသည်နှင့် တပြိုင်တည်း ဖုံလုစုံသည် မျက်ခုံးမွေးများ နိမ့်ကျလာသည့်တိုင် မျက်မှောင်ကြုတ်လိုက်မိလေသည်။

ရွှေယဉ်စွမ်း တည်းခိုခန်း၏ အပြင်ဘက်၌ စောင့်ရှဲနေသော သူ၏ လက်ရွေးစင် သိုင်းသမား၏ အသံပင်ဖြစ်သည်။ ထိုစဉ်....

'ကျုပ် ချယ်ရီနီ သူခိုး'

ဟူသော အသံကို ထပ်မံ ကြားလိုက်ရလေသည်။ ယင်းအသံ ကို ကြားလိုက်သည်နှင့် ဖုံလုစုံ၏ မျက်ခုံးမွေးများသည် ပို၍

ကျုံ့သွားပြီး မုရုံကုဖန်၊ ဆင့်ဆင့်အိနှင့်ပိုင်လိုရှိ၏ မျက်နှာသည် ကွက်ကနဲ တချက် ပျက်သွားလေသည်။ ထိုစဉ် ရုတ်တရက်...

'အား'

ဟူသော အသံကို ထပ်မံ ကြားလိုက်ရလေသည်။ ယင်း အသံကြောင့် ဖုံလုစုံသည် ထိုင်ရာမှ ဝုန်းကနဲ ထ၍ ရပ်လိုက်လေသည်။ အခကြောင်းမှာ ယင်း အော်သံသည် သူ့ လက်ရွေးစင်သိုင်းသမား၏ အော်သံပင် ဖြစ်သည်။

ဖုံလုစုံသည် မုရုံကုဖန်တို့အား တချက် လှမ်း၍ ကြည့်လိုက်သည်။ ပြီးမှ မုရုံကုဖန်အား ပြိုင်တူ လှမ်း၍ ကြည့်လိုက်သည်၊ မုရုံကုဖန်သည် ပြုံးလျက်....

'ကျွန်မ ရှိနေတဲ့ အတွက် ပိုင်ပင်း ဘာမှ မဖြစ်စေရပါဘူး'

ပိုင်လိုရှိသည် သက်ပြင်းတချက် ချလိုက်ယင်း...

'မုရုံသခင်မကို ဒုက္ခပေးသလို ဖြစ်နေပြီ'

မုရုံကုဖန်သည် ပြုံးယင်း....

'ကျွန်မက အိမ်ရှင်ပဲ၊ ဧည့်သည်တွေရဲ့ အန္တရာယ်ကိုကာကွယ်ဖို့ ကျွန်မမှာ တာဝန်ရှိတာပေါ့'

သူမသည် ယင်းသို့ပြောလိုက်ပြီး တဆက်တည်း ဖန်းကျုံစင်းအား လှမ်း၍....

'ရှောင်ဖန်....မင်း အပြင်ထွက်ကြည့်စမ်း'

ဟု အမိန့် ပေးလိုက်လေသည်။

ဖန်းကျုံစင်းသည် သူ၏ ဦးခေါင်းကို ညိတ်ယင်း...

'ဟုတ်ကဲ့'





ဟု ပြောလိုက်ပြီး အခန်းထဲမှ ပြေးထွက်သွားလေသည်။ ဖုံလုစုံသည်လည်း....

'ဒါ ကျုပ်ရဲ့ လက်ရွေးစင် သိုင်းသမားရဲ့ အသံပဲ၊ ကျုပ်လဲ ထွက်ကြည့်မယ်'

ဟု ပြောယင်း ဖန်းကျုံစင်းနောက်မှ ပြေးလိုက်သွားလေသည်။ ပိုင်လိုရှိသည် ဆင့်ဆင့်အိအား တချက်လှမ်း၍ ကြည့်လိုက်ပြီး....

'ကျုပ်တို့လဲ ထွက်ကြည့်ယင် ကောင်းမယ်'

ဟု ပြောလိုက်လေသည်။

ဆင့်ဆင့်အိသည် သဘောတူဟန်ဖြင့် သူ၏ ဦးခေါင်းကို ညိတ်၍ ပြလိုက်လေသည်။ ပြီးမှ ပိုင်ပင်းအား စိတ်မချဟန်ဖြင့် လှမ်း၍ ကြည့်လိုက်လေသည်။ မုရုံကုဖန်သည် နှစ်ခြိုက်စွာ တချက်ပြုံးလိုက်ပြီး....

'စိတ်ချပါ၊ ကျွန်မ သေမှ ပိုင်ပင်းကို သူခိုးက အန္တရာယ်ပြုနိုင်ပါလိမ့်မယ်'

ဟု ပြောလိုက်လေသည်။

ပိုင်လိုရှိသည် မုရုံကုဖန်အား တချက်ပြုံး၍ပြလိုက်ပြီး အခန်းအပြင်သို့ ပြေးထွက်သွားလေသည်။ ဆင့်ဆင့်အိ သည်လည်း မုရုံကုဖန်အား တချက်ပြုံးပြပြီး ပိုင်လိုရှိနောက်မှ လိုက်ပါသွားလေတော့သည်။

မုရုံကုဖန်သည် ပိုင်လိုရှိနှင့် ဆင့်ဆင့်အိတို့၏ ကျောပြင်အား ငေးမောကြည့်ရှုယင်း သူမ၏ နှုတ်ခမ်းထောင့်စွန်း၌ အပြုံးကလေး တချက် ပေါ်လာလေသည်။ ယင်းအပြုံးသည် ကျေနပ်သည့် အပြုံးပင် ဖြစ်ပေသည်။

အခန်းအပြင်ဘက်မှ ချယ်ရီနီသူခိုးပေါ်လာခြင်းသည်သူမ၏ ဒုတိယ အစီအစဉ်ပင် မဟုတ်ပါလော။ ဤသို့ဆိုလျှင် သူမ၏ နောက် အစီအစဉ်သည် မည်သို့ရှိမည်နည်း။

× × ×

မုရုံကုဖန်၏ နှုတ်ခမ်းထောင့်စွန်း၌ ကျေနပ်သော အပြုံးကလေး တွဲလွဲခိုနေသည်။ သူမ၏ အစီအစဉ်ထဲ၌ ဖုံလုစုံ မပါရှိခဲ့ပါ။ သို့သော် ဖုံလုစုံသည် မထင်မှတ်ပဲ ဝင်ရောက်လာခဲ့လေသည်။

ထို့ကြောင့် မုရုံကုဖန်သည် သူမ၏ ဒုတိယအစီအစဉ် အောင်မြင်ပါ့မလားဟု စိုးရိမ်နေမိသည်။ သို့သော် သူမ၏လူသည် ညာဏ်ထက်သော လူတဦး ဖြစ်ပေသည်။ သို့ဖြစ်၍လည်း ထိုလူသည် ဖုံလုစုံ၏ သိုင်းသမားများကို အသုံးပြု၍ သူမ၏ ဒုတိယ အစီအစဉ် အောင်မြင်စေရန် ပြုလုပ်ခဲ့ပေသည်။

သို့သော် ဆင့်ဆင့်အိနှင့်ပိုင်လိုရှိနှစ်ယောက်အနက်တယောက် ယောက် ကျန်ရှိနေပါက သူမ၏ ဒုတိယ အစီအစဉ်သည် ပျက် သွားနိုင်ပေသည်၊ ယခုမူ သူမ၏ အစီအစဉ်သည် အဆင်ပြေ ချောမော၍ နေသည်။





ထို့ကြောင့် သူမ၏ နှုတ်ခမ်းထောင့်စွန်း၌ ကျေနပ်သော အပြုံးတခု တွဲလွဲခိုလျက် ရှိနေသည်။

× × ×

စင်္ကြံ။

ရွှေယဉ်စွမ်း တည်းခိုခန်း၏ စင်္ကြံ။

ယင်းစင်္ကြံပေါ်တွင် သိုင်းသမားနှစ်ယောက် လဲကျနေလေသည်။ တယောက်နှင့် တယောက် ဝါးတရိုက်ခန့်သာ ကွာဝေးပေသည်။ ပိုင်လိုရှိသည် လဲကျနေသောသိုင်းသမားတယောက်၏ ဘေး၌ ဒူးထောက်၍ ထိုင်ချလိုက်ပြီး လက်ဖြင့် စမ်းသပ်ကြည့် လိုက် လေသည်။ ပြီးမှ ဆင့်ဆင့်အိ၊ ဖန်းကျူစင်း၊ ဖုံလုစုံတို့အား မော့၍ ကြည့်ယင်း....

'မသေဘူး၊ အကြောပိတ် ခံထားရတယ်'

ဟု ပြောလိုက်လေသည်။

ဆင့်ဆင့်အိသည် ပိုင်လိုရှိ၏ဘေး၌ ဒူးထောက်လိုက်ပြီး....

'ကျွန်တော် စမ်းကြည့်မယ်'

ဟု ပြောလိုက်သည်။

ထို့နောက် သိုင်းသမား၏ အကြော ဆယ့်နှစ်နေရာသို့ သူ၏ လက်ညှိုးဖြင့် ထိုးစိုက်လိုက်လေသည်။

ဝဏ္ဏထွန်း ၈၁၈၀

သိုင်းသမားသည် အချိန်အနည်းငယ် အတွင်းမှာပင် ပြန်လည် သတိရလာလေတော့သည်။ ဖိုလုစုံသည်လည်း ကျန် သိုင်းသမားတယောက်ကို ပြန်လည်သတိရလာအောင် အကြောဖွင့်ပေးလိုက်သည်။ ထို့နောက်....

'ဘာဖြစ်တာလဲ'

ဟု မေးလိုက်လေသည်။

ထိုသိုင်းသမားသည် သူ၏ဦးခေါင်းကို ခါယမ်းယင်း....

'မသိဘူး'

ဟု ဖြေလိုက်လေသည်။

ဖိုလုစုံသည် ဒေါသထွက်ဟန်ဖြင့်....

'သူများက ကိုယ့်ကို အကြောပိတ်သွားတာတောင် မသိဘူးလား'

ဟု အပြစ်တင်လိုက်လေသည်။

ထိုစဉ်.... ဆင့်ဆင့်အိ အကြော ဖွင့် ပေး လိုက် သော သိုင်းသမားက—

'လူတယောက် အနက်ရောင်ဝတ်ပြီး မျက်နှာဖုံး စွပ်ထားတယ်'

ဟု ဝင်ရောက်ပြောလိုက်သည်။

ထို့နောက် တဆက်တည်း ဖိုလုစုံရှေ့၌ရှိသော သိုင်းသမားကို ညွှန်ပြလိုက်ယင်း ....

'ကျွန်တော်လဲ စူးကျိုရဲ့ အော်မေးသံကြားလို့ လှည့်ကြည့်လိုက်မိတယ်၊ အဲဒီအချိန်မှာ စူးကျိုဟာ လဲကျသွားပြီ ဖြစ်တယ်၊ ဒါနဲ့ ကျွန်တော်လဲ ဓားကို ဆွဲပြီး ထုတ်နေတုန်း အဲဒီလူဟာ





ရုတ်တရက် အနားကိုရောက်လာပြီး ကျွန်တော့်ကို အကြောပိတ်လိုက်တော့တာပဲ၊ ကျွန်တော် သတိမလစ်ခင် အဲဒီလူဟာ ဟောဟိုက ညောင်ပင်ပေါ် ခုန်တက်သွားတာ နောက်ဆုံး မြင်လိုက်ရတာပဲ'

ဟု ရှင်းပြလိုက်လေသည်။

ဖိုလုစုံသည် ယင်းသိုင်းသမား ညွှန်ပြသော ညောင်ပင်ရှိရာသို့ လှမ်း၍ ကြည့်လိုက်လေသည်။ ယင်းသို့ လှမ်း ကြည့် လိုက်မိသည်နှင့် ဖိုလုစုံ၏ မျက်လုံးများသည် ပြူးကျယ်၍ သွားလေတော့သည်။

အကြောင်းမှာ ယင်းညောင်ပင်ထိပ်တွင် လူရိပ်သဏ္ဌာန်တခု ရပ်နေသည်ကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။

× × ×

ညောင်ပင်ထိပ်တွင် လူတယောက် ရပ်နေသည်။

သို့သော် မှုန်ဝါးသော မီးရောင်ကြောင့် ထင်ရှားစွာ မမြင်တွေ့ရချေ။ ထိုလူ၏ မျက်နှာပေါ်တွင် အဝတ်မျက်နှာဖုံး စွပ်ထားသည်ဟု ထင်ရပေသည်။

ထိုသူ၏ အဝတ်များသည် လေထဲ၌ တဖျပ်ဖျပ် လွင့်၍နေသော်လည်း ထိုလူသည် ပကတိ ငြိမ်သက်စွာ ရပ်တန့်နေလေ

သည်။ ဖန်းကျုံစင်းသည် သူ၏ခန္ဓာကိုယ်ကို မြွားတစင်းကဲ့သို့ လျင်မြန်စွာ ပြေးလွှားပြီး ရွှေယဉ်စွမ်း တည်းခိုခန်း၏ ခြံစည်းရိုးကို ခုန်ကျော် လိုက်လေသည်။

ဖိုးလုစုံသည် သူ၏ခန္ဓာကိုယ်ကို တချက် လှုပ်ရှားလိုက်ပြီး ဖန်းကျုံစင်း၏ နောက်မှ လိုက်ပါ သွားလေသည်။ သို့သော် ဖိုးလုစုံသည် ဖန်းကျုံစင်းထက် စော၍ ညောင်ပင်အနီးသို့ ရောက်ရှိသွားခဲ့လေသည်။

ပိုင်လိုရိသည် သူ၏မျက်လုံးကိုမှိုး၍ ဆင့်ဆင့်အိအား တချက်လှမ်းကြည့်လိုက်ယင်း....

'အင်း....ဖိုးလုစုံရဲ့ ကိုယ်ဖော့ပညာဟာ အတော် အဆင့်မြင့်ပါလား'

ဟု ရေရွတ်လိုက်လေသည်။

ထို့နောက် သူတို့သည် တယောက်ကိုတယောက် ဖခုံး တွန့်ပြလိုက်ပြီး ဖိုးလုစုံတို့ နောက်သို့ လိုက်ပါသွားလေတော့သည်။ ဖိုးလုစုံနှင့် ဖန်းကျုံစင်းတို့ ဘေးသို့ ဆင့်ဆင့်အိနှင့် ပိုင်လိုရိတို့ ရောက်ရှိချိန်တွင် ဖန်းကျုံစင်းသည် သူ၏ခါးမှ ဓားကို ဆွဲထုတ်ယင်း....

'ဟေ့....သစ်ပင်ပေါ်က ဘယ်သူလဲ'

ဟု လှမ်းမေးလိုက်လေသည်။

ဖန်းကျုံစင်းသည် ယင်းသို့ အော်မေး လိုက်သော်လည်း ပြန်ဖြေသံ မကြားရချေ။ ဖန်းကျုံစင်းသည် သူ၏ နှုတ်ခမ်းကို တချက် ကိုက်လိုက်ပြီး....





'ကဲ...ကျုပ် တစ် နှစ် သုံး ရေမယ်၊ ဖြေသံ မကြားယင် ကျုပ်အဆိုး မဆိုနဲ့'

ဟု လှမ်းအော် ပြောလိုက်လေသည်။ ပြီးမှ....

'စ ရေပြီ၊ တစ်....'

သစ်ပင်ပေါ်မှ လူသည် ငြိမ်သက်မြဲ ငြိမ်သက်နေသည်။

'နှစ်....'

တုံ့ပြန်မှု မရှိချေ။

'သုံး...'

သစ်ပင်ပေါ်မှ မည်သည့်တုံ့ပြန်မှုမှ မရချေ။ လေတိုးသံမှအပ ငြိမ်သက်၍ နေလေသည်။ ဖန်းကျုံစင်းသည် မျက်မှောင်တချက်ကြုတ်လိုက်ယင်း....

'ကောင်းပြီ၊ ကျုပ်ကို အဆိုးမဆိုနဲ့'

ဟုပြောကာ ရှေ့သို့ ခြေလှမ်း တိုးလိုက်လေသည်။

သို့သော် သူ့အား ဖိုးလုစုံက လှမ်း၍ တားလိုက်လေသည်။ ဖိုးလုစုံသည် ယင်းသို့ ဖန်းကျုံစင်းအား တားလိုက်ပြီး သစ်ပင်ပေါ်မှ လူကို လက်ညှိုးဖြင့် ညွှန်ပြကာ....

'ဒီလူက ငါ့ရဲ့ သိုင်းသမားကို စော်ကားခဲ့တယ်၊ ဒါကြောင့် ငါ့ရဲ့ လက်နက်ကို ထုတ်ယင် ဒီကျေးရွာရဲ့ ဥပဒေကို ချိုးဖောက်ရာ မရောက်ဖူးပေါ့'

ဖန်းကျုံစင်းသည် ဦးခေါင်းကို ညိတ်ယင်း....

'ဟတ်တယ်၊ ဘာဖြစ်လို့လဲ'

ဖိုးလုစုံသည် တချက်ပြုံး၍ ပြလိုက်ပြီး....

'ငါ့ရဲ့ သိုင်းသမားတွေကို စော်ကားခဲ့တာကို ငါက လက်ပိုက်ကြည့်နေခဲ့ယင် သိုင်းလောက,က ငါ့ကို ရယ်တော့မှာပေါ့'

ဖန်းကျုံစင်းက ပြုံးလျက် ...

'ဆရာကြီးကိုယ်တိုင် လက်နက် ထုတ်ချင်လို့လား'

'ဒါပေါ့'

'ကောင်းပါတယ်၊ ကျွန်တော်ကလဲ ဆရာကြီးရဲ့ ကြောက်စရာ သိုင်းပညာကို မြင်ရတာပေါ့'

ထိုစဉ် ဆင့်ဆင့်အိသည် ရုတ်တရက် ပြုံးလိုက်ပြီး....

'သစ်ပင်ပေါ်က လူကို ကြည့်ရတာ အသက်ရှိဟန် မတူဘူး'

ဟု ဝင်ရောက် ပြောလိုက်လေသည်။

ဖုံလုစုံသည် မျက်မှောင်ကလေးတချက် ကြုတ်ယင်း....

'ဟုတ်တယ်၊ ကျုပ်စိတ်ထဲမှာ နည်းနည်းလေးတော့ သံသယရှိနေတယ်'

ပိုင်လိုရိသည် ပြုံးယင်း....

'သေချာအောင် ဆရာကြီးရဲ့လက်နက်ကို ထုတ်လိုက်ပါလား'

ဟု တိုက်တွန်းလိုက်လေသည်။

ဖုံလုစုံသည် ဘာမျှ ပြန်၍မပြောတော့ပဲ သူ၏လက်ကိုတချက် ဝှေ့ယမ်းလိုက်လေသည်။ ယင်းသို့ ဝှေ့ယမ်းလိုက်သည်နှင့် တပြိုင်တည်း သူ၏ အင်္ကျီလက်မောင်းကြားမှ ချွန်ထက်သော မြားတစင်းသည် သစ်ပင်ပေါ်မှ လူထံသို့ ပစ်လွင့်သွားတော့သည်။

ဖန်းကျုံစင်း၊ ပိုင်လိုရိနှင့် ဆင့်ဆင့်အိတို့သည် အရှယ်နှင့် မလိုက်အောင် လျင်မြန်သော ဖုံလုစုံ၏ လှုပ်ရှားမှုကို ငေးမော ကြည့်နေမိလေသည်။





ထိုစဉ် သစ်ပင်အနီးမှ ဖုံလုစုံ၏

'လူ မဟုတ်ဘူး'

ဟု ပြောသံကို ကြားလိုက်ရလေသည်။

ထို့နောက် သစ်ပင်ထက်မှ လူပုံသဏ္ဌာန် အရိုပ် တရိပ်သည် အောက်သို့ ကျလာလေတော့သည်။

ကောက်ရိုးဖြင့် လူပုံသဏ္ဌာန် ဖော်ထားပြီး အဝတ်နက် ဝတ်ဆင်ကာ မျက်နှာကို အဝတ်ဖြင့် မျက်နှာဖုံးသဖွယ် ဖုံးအုပ်ထားသော လူရုပ် တရုပ် ဖြစ်ပါသည်။

ဆင့်ဆင့်အိ သည် ယင်း ကောက်ရိုးအရုပ်အား ကြည့်ယင်း သူ၏ မျက်ခုံးမွေးများ နိမ့်ဆင်းလာသည့်တိုင်အောင် ပြုံးလိုက်မိလေသည်။ ပြီးမှ....

'ဒါဟာ ကျားကို ကြောင်က ခွာစေတဲ့ နည်းပဲ'

ဟု ရေရွတ်လိုက်သည်။

ထိုစဉ်.... ရုတ်တရက် မုရုံကုဖန် ၏ ကြောက်လန့် တကြားအော်သံကို ကြားလိုက်ရလေတော့သည်။

☆